# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် ၂၀၁၉ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၀)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

**နေပြည်တော် မေ ၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေး၊ ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်းနှင့်အညီ နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ ချစ်ကြည်ရေးခရီးစဉ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်းသို့ တက်ရောက်အမှာစကားပြောကြား




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်းတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါကြောင်း။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် အခြေစိုက်သည့် ငြိမ်းချမ်းရေးအတွက် ကိုးကွယ်ရာဘာသာများ (Religions for Peace-RfP International) အဖွဲ့ကြီးသည် နိုင်ငံတကာဘာသာပေါင်းစုံက ဘာသာရေးခေါင်းဆောင်ကြီးများ ပါဝင်ပြီး


*စာမျက်နှာ ၃ ကော်လံ ၁* ❄





# စည်းမျဉ်းစည်းကမ်း၊ ဥပဒေနှင့် ဥပဒေစိုးမိုးရေး

နောက်ဖေးလမ်းကြားများတွင် ပရဟိတလူငယ်လေးများ ညီညီ ညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် သန့်ရှင်းရေးလုပ်နေကြသည့် သတင်းနှင့် ဓာတ်ပုံများကို တွေ့မြင်ရသည့်အခါ လူငယ်တို့၏ မွန်မြတ်သော စေတနာ၊ အများအကျိုးအတွက်ဆိုလျှင် အပင်ပန်းခံ အပေအတေ အညစ်အနွမ်းခံကာ ကြိုးပမ်းအားထုတ်လိုသော စိတ်ဓာတ်တို့ကို များစွာလည်း ကြည်ညို လေးစားမိပါသည်။

လူငယ်တို့၏ ဇွဲ၊ လုံ့လနှင့် စည်းလုံးညီညွတ်မှုတို့ကြောင့် မကြာလှသော အချိန်ပိုင်းအတွင်းမှာ မြင်ဝံ့စရာမရှိလောက်အောင် ညစ်ပတ်ဆိုးရွား နေသည့် နောက်ဖေးလမ်းကြားတို့ သန့်စင်ပြောင်ရှင်း သွားပေသည်။ နောက်ဖေးလမ်းကြားတို့ ရုတ်ခြည်းဆိုသလို နေချင့်စဖွယ်၊ ရှုချင့်စဖွယ် ဖြစ်သွားပေသည်။

သို့သော်...

မူလကတည်းက မည်သည့်အတွက်ကြောင့် နောက်ဖေးလမ်းကြားတို့ ဤမျှလောက် ဆိုးဆိုးရွားရွား ညစ်ပတ်နေရသည်လဲ ဆိုသည်ကိုမူ ဆန်းစစ်သင့်လှသည်။ နောက်ဖေးလမ်းကြားများဆိုသည်မှာ အမှိုက်ပုံစရာ အမှိုက်ချစရာ နေရာမဟုတ်။ စည်ပင်သာယာ၏ မည်သည့် ဥပဒေတို့ကမှ ခွင့်ပြုထားခြင်းမရှိ။ မည်သည့်စည်းမျဉ်းတို့ကမှလည်း ခွင့်ပြုမထား။ မည်သို့သော မြို့ပြ လူမှုကျင့်ဝတ်တို့နှင့်မှလည်း မကိုက်ညီ။

သည်မျှလောက် ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ ကျင့်ဝတ်တို့နှင့် မညီလွန်းလှသည့် အမှိုက်ပုံနှင့် အညစ်အကြေးပုံကြီးတို့က မည်သို့သော အကြောင်းများကြောင့် ယခုလို နေရာအနှံ့အပြားမှာ ရှိနေရသနည်း ဆိုသည့် ရင်းမြစ်နှင့် အချက်အချာကို ကိုင်တွယ်ဖြေရှင်းမှု မပြုဘဲ ပရဟိတ လူငယ်တို့ လာရှင်းလျှင် သန့်သွား၊ သူတို့ရှင်းပြီး ရက်အတန်ငယ်ကြာလျှင် ပြန်ညစ်ပတ်လာဆိုသည့် သံသရာလည်နေပြီဆိုလျှင်တော့ အုပ်ချုပ်ရေး စနစ်၏ အမှားအယွင်းဖြစ်လာတော့မည်။

ဒီမိုကရေစီစနစ် ပီပီသသ ခိုင်ခိုင်မာမာဖြစ်ဖို့ဆိုပါက ဒီမိုကရေစီ ကျင့်စဉ်တို့ကို ထူထောင်နိုင်ဖို့လိုသည်။ ပြည်သူလူထုတို့ လိုက်နာကျင့်ကြံ နိုင်ဖို့ ပညာပေးစည်းရုံးခြင်း၊ မြို့ကြီးသားကျင့်ဝတ်တို့ကို လိုက်နာနိုင်ရန် နှိုးဆော်ခြင်း၊ အကူအညီအထောက်အပံ့များပေးခြင်း၊ တိကျသော ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ပေးခြင်း၊ သတ်မှတ်ထားသော ဥပဒေကို စိုးမိုးအောင် ကိုင်တွယ်ခြင်း စသည်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုမည်ဟု ယူဆပါသည်။

စည်းကမ်းမဲ့သူတို့၏ အပြစ်များကို လူငယ်အင်အားတို့ဖြင့် ဆေးကြော သန့်စင်ရေးဟူသည် တာဝန်သိလူငယ်တို့၏ ရာသက်ပန် တာဝန်ဟု ယူဆနေဖို့မသင့်ပြီ။

ပြည်သူ့ရေးရာ ပြဿနာများဆိုသည်က ဆန်စဉ်ရာ ကျည်ပွေ့လိုက် ဖြေရှင်းရမှာ မဟုတ်ဘဲ အရင်းအမြစ်ကျကျကို သိနားလည်အောင် လုပ်ရမည် ဖြစ်ပါသည်။

အမှန်တော့ ယခု အမှိုက်ပြဿနာသည် မြို့ပြစည်ပင်သာယာရေးတွင် ပြဿနာများစွာထဲက တစ်ခုသာ ဖြစ်ချေ၏။ ဖြေရှင်းရမည်များက ဒုနှင့်ဒေး။ လမ်းများပိတ်ဆို့နေမှု၊ အရေးပေါ်အခြေအနေတွင်သော်မှ သွားလာရောက်ရှိဖို့ မဖြစ်နိုင်လောက်သည့် အိမ်ရာများနှင့် လမ်းပေါ်ရပ်ယာဉ်များ၊ လမ်းများပေါ်သို့ လူသွားလမ်း မရှိတော့သည်အထိ နေရာယူ ပြည့်ကျပ်နေသော လမ်းဘေးဈေးသည်များ၊ ပိတ်ဆို့နေသည့် ရေမြောင်းများ၊ ပလတ်စတစ်သုံးစွဲမှု၊ ရေရရှိရေး၊ အိမ်ခြေမဲ့များနှင့် ကျူးကျော်အိမ်ရာများ၊ အကြမ်းဖက်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ အလွဲသုံးမှု၊ ရာဇဝတ်မှုများ ထူပြောလာခြင်း စသည် စသည်တို့က စိန်ခေါ်မှုများဖြစ်နေသည်။

ယင်းတို့အတွက် တစ်စုံတစ်ယောက်ကို အပြစ်ရှာဖွေနေဖို့ မဟုတ်။ လက်တွေ့ကျကျ မည်သို့မည်ပုံဖြေရှင်းမည်လဲဆိုသည်ကို ပေါ်လစီချမှတ်၊ တိတိကျကျ လုပ်ဆောင်ရမည့် အခြေအနေဖြစ်သည်။ အခြားသော ရွေးချယ်စရာလည်း များများစားစား ရှိနေမည် မဟုတ်တော့ဟု ထင်မြင်ပါသည်။

အထူးသဖြင့်တော့ ဥပဒေစိုးမိုးရေး။

ဥပဒေစိုးမိုးရေးသည် မြို့တစ်မြို့ နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးဆုံး ဖြစ်သည်ဆိုတာကို ဒီမိုကရေစီအင်အားစုတို့ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကာလကတည်းက ပြည်သူလူထုကို တင်ပြခဲ့ပြီး ဖြစ်သည်။

ဥပဒေ၊ နည်းဥပဒေများအတိုင်းဖြစ်အောင် ကြပ်မတ်တည်ဆောက်ရေး၊ စည်းမျဉ်း စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း မှန်မှန်ကန်ကန်ဖြစ်ရေး၊ ချမှတ်ထားသော စနစ်များအတိုင်း အကောင်အထည်ဖော်နိုင်ရေး စသည်တို့ကို ကြိုးစားခဲ့ကြသည်။

ဒီမိုကရေစီ အစိုးရမဖြစ်ခင်ကာလက စတင်ကာ ဥပဒေစိုးမိုးရေး ဆိုသည်ကို ကြွေးကြော်အားထုတ်ခဲ့ကြသည်။ ယနေ့ကာလတွင် ဥပဒေစိုးမိုးရေး ပန်းတိုင်တစ်ဆင့်ကို သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းရင်း မရမက လျှောက်လှမ်းကြတော့မည်ဟု ယုံကြည်မျှော်လင့်နေကြပြီ ဖြစ်ပါကြောင်း။ ။

## ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်မည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ ကျောက်ဆည်မြို့သို့ ဒေသစာရီ ကြွချီ



ကျောက်ဆည်မြို့တွင် ပူဇော်ခံမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ပင့်ဆောင်လာစဉ်။

**ကျောက်ဆည် မေ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့မှ ကျောက်ဆည်မြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့ကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့မဟာမုနိဘုရားကြီးရှိ ယာယီစံကျောင်းတွင် ဆရာတော်သံဃာတော်များက ဘုရားအနေကဇာတင်ကြပြီး ဆရာတော်သံဃာတော်များအား မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ကျောက်ဆည်မြို့သို့ ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များက ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ပင့်ဆောင်ပူဇော်ကြပြီး ကျောက်ဆည်မြို့တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မဟာရွှေသိမ်တော်မြတ်စွာဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ကျောက်ဆည် ရိုးရာဆင်အကများဖြင့် ကြိုဆိုဖူးမြော်ကြသည်။

ထို့နောက် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့အား မဟာရွှေသိမ်တော်မြတ်စွာဘုရား ရင်ပြင်တွေလှုံကာ ကေသီဦးဓမ္မဗိမာန်တွင် ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ပူဇော်ခံထားရှိသည်။

မဟာရွှေသိမ်တော်မြတ်စွာဘုရား ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတူးက "ကျောက်ဆည်မြို့ မဟာရွှေသိမ်တော်မြတ်စွာဘုရားမှာ ရင်ငွေ့လှုံကိန်းဝပ်စံပယ်တဲ့ အတိတ်နိမိတ်ကိုက မြန်မာနိုင်ငံကြီးရဲ့ ငြိမ်းချမ်းရေးထာဝရ ရှင်သန်မယ်လို့ ယုံကြည်ပါတယ်။ ကျောက်ဆည်မြို့ရဲ့ ကျက်သရေဆောင် မဟာရွှေသိမ်တော် မြတ်စွာဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌနဲ့တကွ ဂေါပကအဖွဲ့ဝင်တွေ၊ မြို့သူ မြို့သားတွေ ကိုယ်စားလည်း ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ထာဝရငြိမ်းချမ်းရေးစေတီဆိုတဲ့ ဘွဲ့ထူးနဲ့အတူ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းဖို့အတွက် ကျွန်တော်တို့မြို့သူမြို့သားတွေကိုယ်စား ဆုတောင်းပါတယ်။ ကျွန်တော်တို့ ဂေါပကအဖွဲ့ကလည်းပဲ ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားကိုးကွယ်ရေး နဝကမ္မအလှူငွေကျပ် သိန်းတစ်ရာတိတိကို လှူဒါန်းသွားမှာပါ" ဟု ပြောသည်။

ညပိုင်းတွင် ဆရာတော် အရှင်ဆန္ဒာဓိက က ကေသီဦးဓမ္မဗိမာန်တွင် ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ ဒေသခံ တရားချစ်ခင်သူတော်စင်များ က တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။ **ဟန်လင်းနိုင်**

## ရွှေတိဂုံစေတီတော် (၅၇၂) ကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မေ ၇**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသော (၅၇၂) ကြိမ်မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား



ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရွှေတိဂုံစေတီတော်ရင်ပြင်တော် တောင်ဘက်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ဓါတ်ပုံ)

ထို့နောက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာ တရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော်(ရွှေပြား) အလှူရှင် ၁၃၃ ဦးထံမှ ရွှေပြားပေါင်း ၁၄၁ ချပ်၊ ရင်ပြင်တော်အခင်း ကျောက်ပြားအလှူရှင် ၈၄၁ ဦးက ကျောက်ပြားချပ် ၂၃၅၆၄ ချပ် လှူဒါန်းခဲ့ကြပြီး ငွေသားအလှူရှင် ၂၆ ဦး အပါအဝင် လှူဒါန်းငွေကျပ် စုစုပေါင်း ၄၄၅၆၀၀၃၀၉ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ကျင်းပမည်

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးကို မေ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမတွင် ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုသည့် အနေဖြင့် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းများဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ ပညာပေးပြခန်းများ ခင်းကျင်းပြသပွဲနှင့် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်များကိုပါ ပူးတွဲကျင်းပသွားမည်ဖြစ်သည်။

ပညာပေးပြခန်းများ ခင်းကျင်းပြသပွဲနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကို မေ ၁၁ ရက် နံနက် ၉ နာရီ တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး မေ ၁၃ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ သုံးရက် ကျင်းပသွားမည်ဖြစ်သည်။

ရေလုပ်ငန်းနှင့် ပတ်သက်သည့် သိရှိသင့်သည့် အကြောင်းအရာများကို ပြည်သူများသိရှိနိုင်ရန် ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ဟောပြောကြမည် ဖြစ်သည်။

ပညာပေးပြခန်းများ ခင်းကျင်းပြသပွဲတွင် မြန်မာ့ရေထွက်ပစ္စည်းများနှင့် ပတ်သက်သည့် သိကောင်းစရာများကို အများပြည်သူများသို့ ပညာပေးပြသနိုင်ရန်အတွက် လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များ၏ ပညာပေးပြခန်းများ၊ ရေထွက်ပစ္စည်းနှင့် ဆက်နွှယ်သည့် ကုမ္ပဏီများ၏ ပညာပေးပြခန်းများ ပါဝင်မည် ဖြစ်သည်။

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်တွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို နိုင်ငံအတွင်း မိရိုးဖလာ ချက်ပြုတ်စားသောက်သည့် နည်းစနစ်များအပြင် နိုင်ငံတကာတွင် ချက်ပြုတ်နေသည့် နည်းစနစ်များပါ တွင်ကျယ်ပြန့်ပွားစေရန် ရည်ရွယ်၍ ရေထွက်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ ပါဝင်ရောင်းချကြမည်ဖြစ်သည်။ မြန်မာ့ရေထွက်ပစ္စည်းများကို မိရိုးဖလာ အကောင်လိုက်စားသုံးခြင်းစနစ်မှ အဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသော ဘေးကင်းလုံခြုံသည့် ရေထွက်ပစ္စည်းများကို စားသုံးသည့် အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် အသင့်ချက်ပြုတ်ရန် ပြုပြင်ထားသော ရေထွက်ပစ္စည်းများ ရောင်းချသည့် အရောင်းဆိုင်များလည်း တည်ခင်းရောင်းချကြမည် ဖြစ်သည်။

မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ကျင်းပသည့် နေ့ရက်များအတွင်း ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ရန်အတွက် ပွဲတော်လာ ပရိသတ်များကို ဖျော်ဖြေရေးအစီအစဉ်များ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း ပညာရပ်ဆိုင်ရာ ဟောပြောပွဲ၊ ပညာပေးပြခန်းများ ခင်းကျင်းပြသပွဲနှင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကို စည်စည်ကားကားနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Main Sponsor၊ Co-Sponsor ကုမ္ပဏီများ၏ အကူအညီများဖြင့် ပူးပေါင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်ဖမ်းဆီး၊ မွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ရေထွက်ကုန်များသည် နိုင်ငံသားများအတွက် ငါးရိက္ခာကိုပြည့်ဝဖူလုံစေရုံသာမက ပိုလျှံသည်များကို နိုင်ငံတကာသို့တင်ပို့ရောင်းချနိုင်သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်း မက်ထရစ်တန် ၅၉၀၁၉၄ ဒသမ ၉၃၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၇၂၀ ဒသမ ၂၁ သန်း ရရှိခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**


ငြိမ်းချမ်းမေတ္တာအဖွဲ့နာယက
ကာဒီနယ်ချားလ်ဘို


ငြိမ်းချမ်းမေတ္တာအဖွဲ့ဥက္ကဋ္ဌ
ဦးမြင့်ဆွေ


အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ဂုဏ်ထူး
ဆောင်နာယကကြီး ဘီးရှော့ ဂွန်နာစတော့ဆက်


ဓမ္မဒူတဆရာတော်
အရှင်ဆေကိန္ဒ



အောက်စ်ဖို့ဒ်ဆရာတော်
ပါမောက္ခ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ

❄*ရှေ့ဖုံးမှ*

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်သည့် အကြီးမားအကျယ်ပြန့်ဆုံး အဖွဲ့ကြီးဖြစ်သည်ဟု သိရှိရပါကြောင်း၊ အဖွဲ့ကြီးအနေဖြင့် ကမ္ဘာ့ကိုးကွယ်မှု ဘာသာဝင်များ အားလုံးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန်၊ မတူညီသည့် ဘာသာဝင်များအကြား ပဋိပက္ခများကို အသွင်ပြောင်းပြီး လူသားတို့၏ တိုးတက်မှုကိုမြှင့်တင်ရန်၊ ညီညွတ်မျှတသည့် လူမှုအသိုက်အဝန်းများ ဖြစ်ပေါ်လာစေရန်နှင့် ကမ္ဘာမြေကြီးကို အကာအကွယ်ပေးရန် ရည်မှန်းချက်များဖြင့် ဖွဲ့စည်းထားရှိသည်ဟု သိရှိရပါကြောင်း။

RfP အဖွဲ့ကြီးက ဦးဆောင်ပြီး "မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန်အတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး" ဆွေးနွေးပွဲကြီးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ(၂၁)ရက်မှ (၂၂)ရက်အထိ နေပြည်တော် MICC-2 ၌ ပထမအကြိမ် အောင်မြင်စွာကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ်မြောက် ဆွေးနွေးပွဲကို ကျင်းပနိုင်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**"ကိုးကွယ်မှုဘာသာတရားတိုင်းတွင် လူသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် လူ့ဘောင်လောကကြီး အေးချမ်းသာယာစေမည့် အဆုံးအမတရားများ၊ လမ်းညွှန်ချက်များ၊ နည်းပေးလမ်းပြလိုက်နာစေရန် သွန်သင်ချက်များ ပါရှိကြသည့်အတွက် ဘာသာတရားများသည် တရားမျှတမှု၊ လူသားတို့၏ ယဉ်ကျေးမှု၊ ဂုဏ်သိက္ခာစောင့်ထိန်းမှု စသည့် လောကပါလတရားများကို ထွန်းကားစေရန် ဖြစ်ပါကြောင်း၊ ဘာသာတရား၏ သွန်သင်ဆုံးမမှုများက လူသားတို့၏ စိတ်နှလုံးကို ရင့်ကျက်သိမ်မွေ့စေပြီး ငြိမ်းအေးမှုကို ပေးစွမ်းနိုင်"**

**လောကပါလတရားများ ထွန်းကား**

ကိုးကွယ်မှုဘာသာတရားတိုင်းတွင် လူသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် လူ့ဘောင်လောကကြီး အေးချမ်းသာယာစေမည့် အဆုံးအမတရားများ၊ လမ်းညွှန်ချက်များ၊ နည်းပေးလမ်းပြလိုက်နာစေရန် သွန်သင်ချက်များ ပါရှိကြသည့်အတွက် ဘာသာတရားများသည် တရားမျှတမှု၊ လူသားတို့၏ ယဉ်ကျေးမှု၊ ဂုဏ်သိက္ခာစောင့်ထိန်းမှု စသည့် လောကပါလတရားများကို ထွန်းကားစေရန် ဖြစ်ပါကြောင်း၊ ဘာသာတရား၏ သွန်သင်ဆုံးမမှုများက လူသားတို့၏ စိတ်နှလုံးကို ရင့်ကျက်သိမ်မွေ့စေပြီး ငြိမ်းအေးမှုကို ပေးစွမ်းနိုင်ပါကြောင်း။

ယနေ့ ကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကြီးများသည် ဘာသာတရား၏ အဆုံးအမများကို လိုက်နာခံယူပြီး ညီညွတ်ငြိမ်းချမ်းသော လူ့ဘောင်ဘဝ တည်ဆောက်နိုင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ပိုမိုတိုးတက်ခိုင်မာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မတူညီကွဲပြားသော ဘာသာဝင်များအကြား အပြန်အလှန်နားလည်မှု၊ လေးစားယုံကြည်မှုများ တည်ဆောက်ပြီး ငြိမ်းချမ်းလုံခြုံသာယာသော လူ့ဘောင်ဘဝ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

**ထာဝရငြိမ်းချမ်းရေး၏ အနှစ်သာရ**

ကမ္ဘာပေါ်တွင် ဘာသာရေးအစွန်းရောက်အဖွဲ့များကြောင့် ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ၊ စစ်မက်ရေးရာများနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ပေါ်ပေါက်လာရသည့် ဘေးဒုက္ခများ အကြောင်းကို အသိပညာပေးနိုင်ရန်အတွက် အာရှနှင့် ပစိဖိတ်ဘာသာပေါင်းစုံ လူငယ်ကွန်ရက် နှီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ စိန်မေရီကက်သီဒြယ် ဘုရားကျောင်းတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ (၁၈) ရက်မှ (၂၀)ရက်အထိ ငြိမ်းချမ်းမေတ္တာအဖွဲ့ (RfP-Myanmar) က ကြီးမှူးကျင်းပပြုလုပ်ခဲ့သည်ဟု သိရပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို တာဝန်ယူရမည့် လူငယ်များအနေဖြင့် ယခုဆွေးနွေးပွဲတွင် ထာဝရငြိမ်းချမ်းရေး၏ အနှစ်သာရများကို ဆွေးနွေးနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ဂျာမနီနိုင်ငံ၌ ကျင်းပပြုလုပ်မည့် Religions for Peace ကမ္ဘာလုံးဆိုင်ရာ ညီလာခံကြီး၌ ဆွေးနွေးတင်ပြလိုသည်များကို ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အာရှတိုက်လုံးဆိုင်ရာ ဘာသာပေါင်းစုံညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ် ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ စိန်မေရီကက်သီဒြယ်ဘုရားကျောင်းတွင် အာရှတိုက်အတွင်းရှိ နိုင်ငံပေါင်း ၂၁နိုင်ငံမှ RfP ကိုယ်စားလှယ်များနှင့် ကျင်းပပြုလုပ်နိုင်ခဲ့သည်ကိုလည်း သိရှိရပါကြောင်း။

**ချစ်ကြည်ညီညွတ်ရေးကိစ္စ**

ထို့ပြင် ၂၀၁၉ ခုနှစ် ဧပြီ (၂)ရက်က ရန်ကုန်မြို့ Royal Garden Hotel တွင် မြန်မာနိုင်ငံ၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးမှ တစ်ဆင့် ပြည်တွင်း တည်ငြိမ်အေးချမ်းသာယာရေး၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုရရှိရေးတို့ကို ဦးတည်ဆောင်ရွက်သွားကြရန် ရည်ရွယ်ပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)နှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့ (Religions for Peace-Myanmar)တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းသည် နောင်တွင် ဆက်လက်ဆောင်ရွက်မည့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးကိစ္စရပ်များတွင် ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း။

**စူးစမ်းရှာဖွေမှုများ ပြုလုပ်**

နေပြည်တော် သင်္ဂဟဟိုတယ်၌ ငြိမ်းချမ်းမေတ္တာအဖွဲ့ (RfP)က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် "မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန်အတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး" ဆွေးနွေးပွဲကြီးတွင် လူ့ဂုဏ်သိက္ခာနှင့် အများတကာ မျှဝေခံစားအပ်သည့် ကောင်းကျိုးအဖြာဖြာတို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အသိုင်းအဝိုင်းတစ်ရပ်လုံးက ခွဲဝေထမ်းဆောင်ရမည့် တာဝန်ခံမှုရှုထောင့်တို့အပေါ် အခြေခံပြီး ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရန်၊ ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိရန်နှင့် တံခါးဖွင့်စီးပွားရေးစနစ် ဖြစ်ထွန်းနိုင်ရန် ကြိုးပမ်းနေစဉ် တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲအကျပ်အတည်းများကို ကျော်လွှားနိုင်မည့် အဖြေတစ်ရပ်ကို ရှာဖွေကြရန်ဖြစ်ပြီး မြန်မာနိုင်ငံတွင်ရှိသည့် ယုံကြည်ကိုးကွယ်ရာ ဘာသာအသီးသီးတို့တွင် ကိန်းဝပ်တည်ရှိနေသည့် ဓမ္မတရား၊ အကျင့်သီလ၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လမ်းညွှန်ဒေသနာတို့၏ အကျိုးပြုဆောင်ကြဉ်းနိုင်စွမ်းနှင့် တာဝန်ယူနိုင်မှု အလားအလာများကိုလည်း စူးစမ်းရှာဖွေမှုများ ပြုလုပ်သွားမည်ဟုလည်း သိရှိရပါကြောင်း။

မြန်မာနိုင်ငံအတွင်းတွင် နေထိုင်ကြသည့် လူမျိုးပေါင်းစုံတို့၏ မတူကွဲပြားသည့် ဘာသာအချင်းချင်း အပြန်အလှန်နားလည်ယုံကြည်မှုများ ထားရှိပြီး တည်ငြိမ်အေးချမ်းသည့် လူနေမှုဘဝကို မြှင့်တင်ရန်၊ ဘာသာရေးပဋိပက္ခများ မဖြစ်ပွားအောင် ကာကွယ်တားဆီးရန်၊ ပဋိပက္ခကြောင့် ဒုက္ခရောက်သူများကို အပြည့်အဝ ကူညီစောင့်ရှောက်ပြီး ပြန်လည်ထူထောင်ပေးနိုင်ရန်၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ သွန်သင်ဆုံးမချက်များနှင့်အညီ အပြန်အလှန်လေးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယခုကဲ့သို့ ဆွေးနွေးပွဲများအမြဲမပြတ် လုပ်ဆောင်ခြင်းအားဖြင့် ကိုးကွယ်ရာ ဘာသာတူသူများအချင်းချင်း၊ ကိုးကွယ်ရာဘာသာမတူညီသော ဘာသာဝင်များ အချင်းချင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်နိုင်ကြစေရန်နှင့် ငြိမ်းချမ်းရေးစိတ်ထားများ ပျံ့နှံ့ကိန်းအောင်းလာစေရန် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ၊ အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားနိုင်ကြပါစေ၊ မိမိတို့၏ နိုင်ငံတော်ကြီးလည်း အေးချမ်းသာယာပြီး အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် ငြိမ်းချမ်းမေတ္တာအဖွဲ့နာယက ကာဒီနယ်ချားလ်ဘို၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဂုဏ်ထူးဆောင်နာယကကြီး ဘီးရှော့ ဂွန်နာစတော့ဆက်တို့က အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတို့နှင့်စပ်လျဉ်းသည့် အမှာစကားပြောကြားကြပြီး ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒနှင့် အောက်စ်ဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိတို့က ဓမ္မနှင့် ငြိမ်းချမ်းရေးဆိုင်ရာများကို မိန့်ကြားကြသည်။

အကြံပြုဆွေးနွေးဝိုင်းသို့ ဆရာတော်၊ သံဃာတော်များ၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၊ နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကဏ္ဍအလိုက် ဆွေးနွေး**

ယနေ့ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်းတွင် ဘာသာများအလိုက် အပြုသဘော ငြိမ်းချမ်းရေးကို ဖော်ဆောင်ခြင်းနှင့်ပတ်သက်၍ တင်ပြခြင်း၊ ပညာရေး၊ လူမျိုးစုများနှင့် လူနည်းစုများအားလုံးတွက် ညီမျှသော အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ပါဝင်ဆောင်ရွက်မှု၊ လူငယ်များနှင့် ထိတွေ့ဆက်ဆံရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ မတူကွဲပြားမှုများ၊ ဘုံစိန်ခေါ်မှုများနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးကြပြီး လူငယ်များ၏ စကားသံများ ကြားနာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်းကို မေ ၇ ရက်မှ ၈ ရက်အထိ သင်္ဂဟဟိုတယ်၌ ၂ ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးဝိုင်းသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**“အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့် ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာအထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်စေရန်”၊ “အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်း ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်”၊ “အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်”နှင့် “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျှော့ပါးစေရန်”တို့ ဖြစ်ပါကြောင်း၊ ယင်းရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်**

◆ *ကျောဖုံးမှ*

ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ အသိပညာရှင်အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထိထိရောက်ရောက်ပံ့ပိုးပေး**

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအား ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရန်အတွက် **“အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ”**ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၁၆ ခုနှစ်၊ ဇွန်လ(၇)ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၆ ဖြင့် လုပ်ငန်းတာဝန် (၁၁)ရပ် ချမှတ်ကာ စုစုပေါင်း (၂၄)ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ ဗဟိုကော်မတီက ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၇ ဖြင့် “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ” ကို လုပ်ငန်းတာဝန် (၁၄)ရပ်ချမှတ်ကာ အဖွဲ့ဝင်(၄၀)ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့”၊ “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ”နှင့်“အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့”တို့ကို ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဒေသဆိုင်ရာ အေဂျင်စီများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ (၄)ခုဖြစ်သည့် “ဝ”၊ နာဂ၊ ဓနုနှင့် ပအိုဝ်းတို့၌ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းရန် ကျန်ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၂)ခုဖြစ်သော ပလောင်နှင့် ကိုးကန့်တို့တွင်လည်း မကြာမီဖွဲ့စည်းပြီးတော့မည် ဖြစ်ပါကြောင်း။

**အမြန်ပြီးစီးအောင်ဆောင်ရွက်**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးများကို (၃)ကြိမ် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း (၂၇)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး(၁၅)ချက်၊ ဆောင်ရွက်ဆဲ (၁၂)ချက် ရှိပါကြောင်း၊ ဆောင်ရွက်ဆဲ (၁၂)ချက်ကိုလည်း အချိန်ကာလသတ်မှတ်ပြီး အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအနက် (၉၉) ရာခိုင်နှုန်းသည် MSME များဖြစ်သည့်အတွက် MSME များ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင်ပါရှိသည့် ရည်ရွယ်ချက်(၄)ချက်ကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း၊ အဆိုပါရည်ရွယ်ချက်များမှာ “အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့် ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာအထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်စေရန်”၊ “အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းပြည်ပ ဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်”၊ “အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်”နှင့် “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျှော့ပါးစေရန်”တို့ ဖြစ်ပါကြောင်း၊ ယင်းရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**အထိုက်အလျောက် အောင်မြင်တိုးတက်လာ**

MSME များဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် MSME များ၏ ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကျင်းပခဲ့ရာ မန္တလေး၊ မကွေး၊ ပုသိမ်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြိတ်မြို့တို့၌ (၉)ကြိမ်ကျင်းပခဲ့ပြီး နိုင်ငံတော်အဆင့် MSME များ၏ ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို နေပြည်တော်တွင် မတ်(၂၂)ရက်မှ (၂၄)ရက်အထိ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယခုလို ပြပွဲနှင့် ပြိုင်ပွဲများကို ကျင်းပပေးခဲ့သည့်အတွက် MSME များ၏ ထုတ်ကုန်အရည်အသွေးများ၊ ဈေးကွက်ရရှိမှုများ၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အသိအမြင်များ ယခင်ကထက် အထိုက်အလျောက် အောင်မြင်တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် (၉)ခုတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြပွဲနှင့် ပြိုင်ပွဲများ၌ အသေးစားလုပ်ငန်းရှင် ၃၉ ဦး၊ အငယ်စားလုပ်ငန်းရှင် ၄၃ ဦး၊ အလတ်စားလုပ်ငန်းရှင် ၄၀ ဦး၊ စုစုပေါင်း ၁၂၂ ဦးကို ဆုများချီးမြှင့်ပေးခဲ့ပါကြောင်း၊ ထို့ပြင် နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် “နိုင်ငံတော်အဆင့်ပြပွဲနှင့် ပြိုင်ပွဲ” ၌ပထမဆုရရှိသူ သုံးဦး၊ ဒုတိယဆုရရှိသူ ငါးဦး၊ တတိယဆုရရှိသူ ခြောက်ဦး စုစုပေါင်း ၁၄ ဦးကို ဆုများချီးမြှင့်ပေးခဲ့သည့်အပြင် “စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ MSMEs ဘဏ်ချေးငွေရရှိရေး လုပ်ငန်းကော်မတီ”ကလည်း MSMEs ချေးငွေချေးယူခွင့် လက်မှတ်များကို ပေးအပ်ခဲ့ပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတော်အဆင့် ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများတွင် ဆုရရှိသူများ အားလုံးကို ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများတွင် MSMEs Product Logo အသုံးပြုခွင့်ပေးသွားမည်ဖြစ်သည့်အပြင် လိုအပ်သည့် မူဝါဒ၊ ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

**သက်ဆိုင်ရာဌာနများပူးပေါင်း**

ထို့ပြင် MSMEs လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)၊ ကောင်းမွန်စွာ ထုတ်လုပ်ခြင်း အလေ့အကျင့်ကောင်းများ (GMP) နှင့် ကောင်းမွန်သော သန့်ရှင်းမှုနည်းစဉ်များ(GHP)ကို ပိုမိုသိရှိနားလည်ပြီး ၎င်းတို့၏ လုပ်ငန်းများတွင် လိုအပ်ချက်များရှိပါက ပြင်ဆင်နိုင်ရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးရမည့်အပြင် အလားအလာကောင်းသည့် MSME များကို Certificate များ ထုတ်ပေးနိုင်ရေးအတွက် ဒေသဆိုင်ရာ အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများပူးပေါင်းကာ စိစစ် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

**အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိ**

ယခုအခါ ဒေသအလိုက် MSME များအား ပံ့ပိုးပေးနေသည့် Action Plan များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၅)ခု ရှိသည့်အနက် (၇)ခုကျန်ရှိနေသည်ဟု သိရှိရပါကြောင်း၊ ကျန်ရှိနေသည့် တိုင်းဒေသကြီး/ပြည်နယ် (၇)ခုအနေဖြင့် ဆက်လက်ဆောင်ရွက်သွားရန်နှင့် ၎င်း Action Plan တွင် ပါရှိသော ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် NGO များ ပူးပေါင်းကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**လိုအပ်သည့်ဥပဒေများကို ရေးဆွဲ**

MSME များအတွက် လိုအပ်သည့်ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် “စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ”နှင့် “ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ”တို့ကို လည်းကောင်း၊ ၂၀၁၉ခုနှစ် မတ်လတွင် “တီထွင်မှု မူပိုင်ခွင့်ဥပဒေ”ကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ “စာပေအနုပညာမူပိုင်ခွင့်ဥပဒေ”ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးလျက်ရှိပြီး မကြာမီပြဋ္ဌာန်းနိုင်မည် ဖြစ်ပါကြောင်း။

“ASEAN SME လုပ်ငန်းအကောင်အထည်ဖော်ရေး ပူးပေါင်းကော်မတီ (ACCMSME)” နှင့် “စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (OECD)”တို့ ပူးပေါင်းပြီး အာဆီယံဒေသတွင်း SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းတို့အပေါ်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (OECD) က မူဝါဒဆိုင်ရာ အညွှန်းကိန်းများကို (၄)နှစ်တစ်ကြိမ် ဖော်ပြလျက်ရှိရာ ၂၀၁၈ခုနှစ်တွင် SME Policy Index အချက် (၈)ချက်နှင့် တိုင်းတာသုံးသပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**အားလုံးကဝိုင်းဝန်းပူးပေါင်း**

အဆိုပါ အချက် (၈)ချက်မှာ ထုတ်လုပ်မှုစွမ်းအားနည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ အစိမ်းရောင် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ၊ ချေးငွေရရှိမှု၊ ဈေးကွက်ရရှိရေးနှင့် နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ရေး၊ အထောက်အကူပြုအဖွဲ့အစည်းမူဘောင်၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အခွန်အခများ၊ စွန့်ဦးတီထွင်မှု ပညာရေးကျွမ်းကျင်မှုနှင့် လူမှုအကျိုးပြုလုပ်ငန်းနှင့် အားလုံးပါဝင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် SME Policy Index Score မြင့်မားစေရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း**

MSME များတွင် ဆန်းသစ်ပြီး အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းပြည်ပ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အသိဉာဏ်မြင့်မားလာစေရန်၊ ပြည်တွင်းပြည်ပ MSME များဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်စေရန်၊ လိုအပ်သည့် ချေးငွေများရရှိနိုင်ရန်၊ ခေတ်နှင့်အညီ ပြောင်းလဲနေသည့် နည်းစနစ်များ၊ မဟာဗျူဟာများနှင့် သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်သိရှိနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်နိုင်ရန်တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းကာ ဝိုင်းဝန်းကူညီပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးတွင် အဓိကကျောရိုးသဖွယ်ဖြစ်သည့် MSME များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ချမှတ်ထားသည့် ရည်ရွယ်ချက်များ၊ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည့်အပြင် လုပ်ငန်းများဆောင်ရွက်ရာတွင် ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိမည့် ဒေသန္တရစီမံကိန်းများ၊ အစီအမံများ ဖြစ်စေရေး အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များ၊ အဖွဲ့အလိုက်တာဝန်ရှိသူများ၊ အသိပညာရှင်အတတ်ပညာရှင်များအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းကော်မတီ အစည်းအဝေး(၃)ကြိမ်၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေး**

ထို့နောက် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမှုအခြေအနေ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေ၊ နည်းပညာနှင့် ဈေးကွက်ရရှိနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်း**

ယင်းနောက် MSME များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ OECD က တိုင်းတာသည့် SME Policy Index အချက်(၈)ချက်အပေါ် အခြေခံ၍ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် MSME များ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် MSMEs လုပ်ငန်းရှင်များအား ချေးငွေများ ထုတ်ပေးထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုချက်များ တင်ပြ**

ယင်းနောက် MSME များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူတို့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ တည်ရှိနေမှုအခြေအနေများ၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက MSME များအတွက် ပြည်တွင်း/ပြည်ပ ဘဏ်များက ချေးငွေများ ထုတ်ချေးပေးနိုင်မှု အခြေအနေနှင့် အလားအလာရှိသည့် MSME များအား သေချာစွာ စိစစ်ရွေးချယ်ကာ ချေးငွေများကို ထိရောက်အကျိုးရှိစွာ ထုတ်ချေးပေးနိုင်ရေးအတွက် လိုအပ်သည့် အကြံပြုချက်များကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အမှုဆောင်အရာရှိချုပ် ဒေါက်တာဇေယျာညွန့်၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့ဝင် ဦးကျော်ဝဏ္ဏ၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင် ဦးရဲမင်းဦးနှင့် တာဝန်ရှိသူများက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းကူညီဆောင်ရွက်နေမှု၊ လိုအပ်သည့် နည်းပညာများ အကူအညီပေးရေး၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

✽ *ကျောဖုံးမှ*

လုပ်ပိုင်ခွင့်များကို မူဝါဒပါရည်ရွယ်ချက်များနှင့်အညီ စနစ်တကျအောင်မြင်စွာ အကောင်အထည်ဖော် စီမံဆောင်ရွက်နိုင်ရန် ဦးတည်ပြီး မြေနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများ၏ ညီညွတ်မျှတမှု၊ ယင်းဥပဒေများကို အကောင်အထည်ဖော်မှုအပါအဝင် အမျိုးသားမြေဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက်လည်းကောင်း၊ မြေအသုံးချမှု သို့မဟုတ် မြေလုပ်ပိုင်ခွင့်တို့နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးက အဆုံးအဖြတ်ပေးရမည့် ကိစ္စရပ်များအတွက် လည်းကောင်း လမ်းညွှန်ဖြစ်စေရမည်ဟု အတိအလင်း ဖော်ပြထားပြီး ဖြစ်ပါကြောင်း။

**မူဝါဒဆိုင်ရာဖိုရမ် ကျင်းပ**

အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးရန်နှင့် အမျိုးသားမြေအသုံးချမှု မူဝါဒကိုအခြေခံပြီး အမျိုးသားမြေဥပဒေ ရေးဆွဲရေးနှင့် မြေအရင်းအမြစ်များ စီမံခန့်ခွဲရေးတို့နှင့် စပ်လျဉ်းပြီး ညှိနှိုင်းဆွေးနွေးရန် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂ ရက်မှ ၃ ရက်အထိ အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ် ကျင်းပခဲ့ပါကြောင်း။

အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်မှ ဖော်ထုတ်ရရှိသည့် ရလဒ်များကို အခြေခံပြီး အနာဂတ်မြန်မာနိုင်ငံတွင် စနစ်တကျ ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားမြေအသုံးချမှုမူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမှုများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားမြေ အသုံးချမှုကောင်စီ၏ ဒုတိယအကြိမ်အစည်းအဝေးတွင် ဆုံးဖြတ်ချက် (၇)ချက်ကို ချမှတ်အကောင်အထည်ဖော်စေခဲ့ရာတွင် ဆောင်ရွက်ဆဲအဆင့်သာ ရှိသေးသည့်အတွက် အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တိုက်တွန်းလိုပါကြောင်း။

နောက်တစ်ဆင့် လုပ်ငန်းများအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကျန်ရှိနေသေးသည့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့် မြေအသုံးချမှုကော်မတီများ ဖွဲ့စည်းပြီး မြေယာစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) မြေအသုံးချမှုကော်မတီများက အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ဆောင်ရွက်ရန်၊ အမျိုးသားမြေဥပဒေ ရေးဆွဲအကောင်အထည်ဖော်ရန်၊ အမျိုးသားမြေအသုံးချမှု စီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ ဖော်ထုတ်ရေးဆွဲ အသုံးပြုရန်၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် ဆက်လက်အကောင်အထည်ဖော်ရန်၊ စိုက်ပျိုးရေး



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်

မဟာဗျူဟာပါ မြေယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်နှင့် အမျိုးသားမြေအသုံးချမှုကောင်စီ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် စသည့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အများအကြား အမျိုးသားမြေအသုံးချမှု မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်၍ ထိရောက်စွာ ညှိနှိုင်း ပေါင်းစပ်သွားရန်တို့အတွက် အမျိုးသားမြေအသုံးချမှု ကောင်စီက အဖွဲ့ဝင်များအားလုံးနှင့်အတူ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်**

၂၀၁၉ မတ်၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့တွင် အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရေး အမျိုးသားမြေအသုံးချ မူဝါဒကို ပြန်လည်သုံးသပ်ပြီး မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသား မြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုလည်း အမျိုးသားလွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ မြေယာစီမံခန့်ခွဲနေမှုများကို သုံးသပ်ကြည့်သည့်အခါ မြေယာဆိုင်ရာဥပဒေများ သဟဇာတဖြစ်စေရန် အထူးလိုအပ်နေကြောင်းကို တွေ့ရှိရသည့်အတွက် အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို လိုက်လျောစွာ ကြိုဆိုပြီး အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့် အမျိုးသားမြေဥပဒေကို အမျိုးသားမြေအသုံးချမှုမူဝါဒ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းပါဝင်မှုဖြင့် မူကြမ်းရေးဆွဲ**

အမျိုးသားမြေအသုံးချမှု မူဝါဒအပိုင်း(၁၀)၊ ဥပဒေများ သဟဇာတဖြစ်စေခြင်းနှင့် ဥပဒေအသစ် ပြဋ္ဌာန်းခြင်းတွင် အမျိုးသားမြေဥပဒေရေးဆွဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖော်ပြထားရာတွင် ပထမဦးစွာ ရေးဆွဲရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အများပြည်သူနှင့် အကျိုးသက်ဆိုင်သူများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသိပေးရန်၊ ဥပဒေမူကြမ်းအတွက် ပါဝင်သင့်သည့် အချက်များကို စုဆောင်းပြုစုရာတွင်လည်းကောင်း၊ မူကြမ်းရေးသားရာတွင်လည်းကောင်း၊ မူကြမ်းကို ချပြဆွေးနွေးအကြံပြုချက်များ ရယူရာတွင် လည်းကောင်း တိုင်းရင်းသား လုပ်သားပြည်သူများအားလုံး ပူးပေါင်းပါဝင် ညှိနှိုင်းဆွေးနွေးသည့် လုပ်ငန်းစဉ်များဖြင့် ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆောင်ရွက်သွားရန်၊ မူကြမ်းပြုစုရာတွင်လည်း အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း အခြားနိုင်ငံများ၏ အတွေ့အကြုံ၊ နိုင်ငံတော်၏ ပြောင်းလဲနေသည့် နိုင်ငံရေး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေအထားနှင့် အခြားထူးခြားသည့် အခြေအနေများ၊ ၂၁ ရာစုပင်လုံညီလာခံက သဘောတူထားသည့် မြေယာ၊ သယံဇာတ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ထောင်မှုဆိုင်ရာ အခြေခံသဘောတရားများ၊ လက်ရှိကြုံတွေ့နေရသည့် ပြဿနာများ၊ မြေအသုံးချသူ ပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး အန္တိမမျှော်မှန်းချက် စသည်တို့ကို အခြေခံပြီး ပြည်ထောင်စုလွှတ်တော်၏ လမ်းညွှန်မှု၊ ပူးပေါင်းပါဝင်မှု၊ တိုင်းရင်းသားလူမျိုးစုနှင့် လုပ်သားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် မူကြမ်းကို ရေးဆွဲသွားရန်တို့ ပါရှိပြီး အပြီးသတ်မူကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားရန် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်သည့် နေရာတွင်လည်း "အမျိုးသား မြေအသုံးချမှုကောင်စီ"၏ လမ်းညွှန်မှု၊ နည်းပညာအကြံပေးအဖွဲ့ ပံ့ပိုးမှု၊ အခြားလုပ်ငန်းကော်မတီများ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) တို့၏ မြေအသုံးချမှု ကော်မတီများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့် မြေသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ် လုပ်ကိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အစဉ်အမြဲ သုံးသပ်ပြီး အဆိုပါလုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမျိုးသားမြေအသုံးချမှုကောင်စီ၏ ဒုတိယအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်(one map Myanmar) စီမံကိန်းလုပ်ငန်းများ၏ ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှု ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒေါက်တာအောင်သူ၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အချက်များနှင့် မြေအသုံးချမှု လုပ်ငန်းများအတွက် ဆောင်ရွက်သင့်သည့်များကို အကြံပြုဆွေးနွေး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေအသုံးချမှု အခြေအနေများ၊ ကော်မတီဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ သစ်တောဧရိယာများ မပျက်စီးစေရေး ထိန်းသိမ်းဆောင်ရွက်နေမှု၊ မြေယာနှင့် ပတ်သက်ပြီး လက်ရှိရင်ဆိုင်နေရသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေယာအသုံးချမှုကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတက ကောင်စီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်မြေအသုံးချမှုကော်မတီများ အမြန်ဆုံး ဖွဲ့စည်းအကောင်အထည်ဖော်သွားကြရန်နှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့် မြေအသုံးချမှုကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားကြရန် လိုကြောင်း။

**အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်**

အမျိုးသားမြေအသုံးချမှု ကောင်စီသည် အမျိုးသားမြေအသုံးချမှု မူဝါဒအရ နိုင်ငံတော်၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ အမြင့်ဆုံး အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် လက်ရှိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုအဆင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများ၊ အဖွဲ့များ၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များကို ကြီးကြပ်လမ်းညွှန်နိုင်ရန်နှင့် ကော်မတီများနှင့် အဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် ယန္တရားတစ်ခု ဖော်ဆောင်ခြင်းသည် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် အတည်ပြုခဲ့သောအဆိုဖြစ်သည့် အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရေးအတွက် အမျိုးသားမြေအသုံးချ မူဝါဒကို ပြန်လည်သုံးသပ်ပြီး မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမှု မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် မြန်မာနိုင်ငံတွင် စနစ်တကျ ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှု တိုးတက်ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**


## အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (JICA MSME Two-Step Loan) ချေးငွေများအား မြန်မာ့စီးပွားရေးဘဏ်တွင် လျှောက်ထားရယူနိုင်ကြောင်း MSMEs လုပ်ငန်းရှင်များသို့ အသိပေးကြေညာ

မြန်မာ့စီးပွားရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အထောက်အပံ့ဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ နှစ်ဆင့် ထုတ်ချေးသည့် ချေးငွေ (JICA MSME Two-Step Loan) အား ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ စတင်ထုတ်ချေးပေးလျက်ရှိပါသည်။

MSME လုပ်ငန်းရှင်များသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အာမခံအဖြစ် ပေးအပ်၍ JICA MSME Two-Step Loan ချေးငွေကို အတိုးနှုန်း ၈.၅% ဖြင့် နှစ်လတ်ချေးငွေ (၃)နှစ်မှ (၅)နှစ်အထိ ချေးယူနိုင်ပါသည်။ ချေးငွေအများဆုံး ကျပ်သန်း(၅၀၀)ထိ ထုတ်ချေးနိုင်ပါသည်။ အာမခံပစ္စည်း လုံလောက်စွာ မပေးနိုင်ခြင်းနှင့် လုံးဝမပေးနိုင်သော လုပ်ငန်းများအတွက် မြန်မာ့အာမခံလုပ်ငန်း၏ Credit Guarantee Insurance (CGI) စနစ်ဖြင့် ချေးငွေလျှောက်ထားရယူနိုင်ပြီး အဆိုပါချေးငွေအပေါ် အတိုးနှုန်း ၉% မှ ၁၃% အတွင်း Credit Rating ပေါ် မူတည်၍ သတ်မှတ်ထုတ်ချေးလျက်ရှိပါသည်။ မြန်မာ့အာမခံလုပ်ငန်း၏ CGI အာမခံရယူထုတ်ချေးခြင်းအတွက် အပေါင်ရှိ CGI ဖြစ်ပါက ပရီမီယံကြေး ၂%၊ အပေါင်မဲ့ CGI ဖြစ်ပါက ပရီမီယံကြေး ၃% ကိုလည်း မြန်မာ့အာမခံလုပ်ငန်းသို့ ငွေချေးသူက ပေးဆောင်ရပါမည်။ CGI စနစ်ဖြင့် ထုတ်ချေးငွေအား အများဆုံး ကျပ်သိန်း(၂၀၀) အထိ သတ်မှတ်ထားပါသည်။

ထုတ်ချေးငွေများအနက် အနည်းဆုံး ၈၀% ကို ပုံသေရင်းနှီးငွေ (Fixed Capital) အဖြစ် လည်းကောင်း၊ အများဆုံး ၂၀% အား လုပ်ငန်းရှင်များ၏ လှည့်လည်ရင်းနှီးငွေ (Working Capital) အဖြစ်လည်းကောင်း အသုံးပြုရမည်ဖြစ်ပါသည်။ ပုံသေရင်းနှီးငွေကို စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ခြင်း၊ စက်ပစ္စည်း၊ စက်ကိရိယာများဝယ်ယူခြင်း စသည့် ပုံသေပိုင်ပစ္စည်းတွင် ရင်းနှီးရန်ဖြစ်ပြီး မြေဝယ်ယူခြင်း (သို့) မြေအသုံးပြုမှုဆိုင်ရာ မူပိုင်ခွင့်ဆောင်ရွက်ရာတွင် ရင်းနှီးခွင့်မပြုပါ။

JICA MSME Two-Step Loan ချေးငွေရယူလိုသော MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့နှင့် နီးစပ်ရာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပ

**ရန်ကုန် မေ ၇**

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့နှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ဆက်လက်ကျင်းပသည်။




**လူမှုသဟဇာတမျှတရေးအတွက် အရေးပါမှုကဏ္ဍအစီအစဉ်၏ သဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဦးဆောင်ဆွေးနွေးသူအဖြစ် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ရင်လှိုင်၊ ပြန်လည်ဆွေးနွေးသူအဖြစ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့က ဆောင်ရွက်ကြစဉ်။** သတင်းစဉ်

### တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီဝင်များနှင့် အကြံပေးဘုတ်အဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ လူသားချင်းစာနာမှု ညှိနှိုင်းရေးမှူးရုံး (AHA Centre) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**



အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ကျင်းပရာ လူမှုသဟဇာတ မျှတရေးအတွက် အရေးပါမှုကဏ္ဍအစီအစဉ်၏ သဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဦးဆောင်ဆွေးနွေးသူအဖြစ် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (CDNH) ညွှန်ကြားရေးမှူး ဒေါက်တာကျော်ရင်လှိုင်၊ ပြန်လည်ဆွေးနွေးသူအဖြစ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးတို့က ဆောင်ရွက်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ အစီအစဉ်၏ သဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဦးဆောင် ဆွေးနွေးသူများအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့ ဆောင်ရွက်ပြီး ပြန်လည်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒေါက်တာသာလှရွှေတို့က ဆောင်ရွက်ခဲ့ကြသည်။

### တက်တက်ကြွကြွ ပါဝင်ဆွေးနွေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆွေးနွေးပွဲ နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နှစ်ရက်တာကာလအတွင်း ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၏ ကဏ္ဍ (၅)ခုစလုံးတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ ကော်မတီကော်မရှင် အသီးသီးမှ အဖွဲ့ဝင်များ၊ ပညာရှင်များ၊ အချိန်ပေး တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များအားလုံးကို ကျေးဇူး အထူးတင်ရှိပါကြောင်း၊ ဆွေးနွေးမှုများကို အနှစ်ချုပ်ပါက အားလုံးသည် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် အောင်မြင်မှုများ၊ ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ပြန်လည်သုံးသပ်ခြင်း အစီအစဉ်ကြောင့် လွန်ခဲ့သော တစ်နှစ်ခွဲကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို ပြန်လည်သုံးသပ် ဆွေးနွေးနိုင်ခဲ့ကြပါကြောင်း၊ ယခုလို ဆွေးနွေးမှုကြောင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး အခြေအနေများတွင် အောင်မြင်မှုမရှိခဲ့သော လုပ်ငန်းများကို သင်ခန်းစာယူပြီး နောင်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း။

### ဆွေးနွေးပွဲမျိုးမှာ ပထမဦးဆုံးဖြစ်

ယနေ့ ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို နည်းလမ်းမျိုးစုံနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ကော်မတီဝင်များနှင့် အကြံပြုအဖွဲ့ဝင်များအားလုံး ပါဝင်သုံးသပ် ဆွေးနွေးခဲ့ကြပါကြောင်း၊ ပုံမှန်အားဖြင့် ကော်မတီ၊ ကော်မရှင်အလိုက်သာ အစည်းအဝေးများ ဆောင်ရွက်လေ့ရှိပြီး အတူတကွ ပေါင်းစုံစုစည်းသုံးသပ်ဆွေးနွေးကြသည့် ယခုလို ဆွေးနွေးပွဲမျိုးမှာ ပထမဦးဆုံး ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူများက ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးကြသည့်အတွက် ဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြု ဆွေးနွေးချက်များသည် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးအကြံပြုချက်များအားလုံးကို မှတ်တမ်းတင်ထားရှိပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များနှင့် တိုးတက်ဖြစ်ပေါ်မှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းများအား ပြန်လည်မျှဝေပေးသွားမည်ဖြစ်ပြီး ယခုပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲနှင့် ပတ်သက်၍ သတင်းမှန်များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် မီဒီယာများသို့ ဖြန့်ဝေနိုင်ရန် သတင်းစာရှင်းလင်းပွဲကို ဆွေးနွေးပွဲအပြီး ဆက်လက်ကျင်းပမည်ဖြစ်ပါကြောင်း။

### ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်

ရခိုင်ပြည်နယ်အတွင်း အချိန်ကာလအားဖြင့် နှစ်ပေါင်းများစွာ အမြစ်တွယ်နေသည့် ပြဿနာများ၊ အကျပ်အတည်းများကို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ရေးသည် ခက်ခဲသော်လည်း မိမိတို့၏ အဓိက ဦးစားပေးတာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းဖြစ်၍ ဇွဲ၊ လုံ့လ၊ ဝီရိယတို့စိုက်ထုတ်လုပ်ဆောင်ပါက အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ပြန်လည်ရှင်းလင်းဖြေကြား

ထို့နောက် ရခိုင်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၏ သတင်းစာရှင်းလင်းပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးဘုတ်အဖွဲ့ဝင် Rt. Hon. Lord Darzi of Denham နှင့် Emergency Response And Assessment Team (ERAT) မှ Mr. ArnelCapili တို့က ဆောင်ရွက်ကြပြီး တက်ရောက်လာကြသော သတင်းမီဒီယာသမားများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**ရခိုင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအစီအစဉ်၏ သဘာပတိအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဦးဆောင်ဆွေးနွေးသူများအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့ ဆောင်ရွက်ပြီး ပြန်လည်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒေါက်တာသာလှရွှေတို့က ဆောင်ရွက်ကြစဉ်။** သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/၉လ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၇**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီ ဥက္ကဋ္ဌများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)တွင် အမှာစကား ပြောကြားစဉ်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးတီခွန်မြတ်က အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေး ကျင်းပရခြင်းမှာ စိစစ်ရေးပူးပေါင်းအဖွဲ့ များအနေဖြင့် ရငွေ၊ သုံးငွေများနှင့် စပ်လျဉ်း၍ စိစစ်ရန်ရှိသည်များကို ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ မိမိတို့ အနေဖြင့် ဒုတိယအကြိမ် လွှတ်တော် သက်တမ်း(၃)နှစ်ကျော်ကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေပေါင်း(၉၀) ကျော်ကို ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါ ကြောင်း၊ လွှတ်တော်၏ အဓိက တာဝန် ဖြစ်သည့် ဥပဒေပြုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဥပဒေကြမ်းကော်မတီ တစ်ခုတည်းသာမက သက်ဆိုင်ရာ ကော်မတီတစ်ခုချင်းစီကလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်း များ၊ တိုင်ကြားစာများ၊ အစီရင်ခံစာပါ တွေ့ရှိချက်များနှင့် သုံးသပ်အကြံပြု ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြ ကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်း အဝေးသို့ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်း

**နေပြည်တော် မေ ၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နိုင်ငံတော် သမ္မတထံမှ ပေးပို့ထားသော ရှမ်းပြည်နယ်အတွင်း တောင်ကြီးခရိုင်နှင့် ကျောက်မဲခရိုင် နှစ်ခရိုင်ကို နယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်း၍ လောက်ကိုင်ခရိုင် တစ်ခရိုင် ပယ်ဖျက်ခြင်း၊ မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ရင်းငြိမ်(မြောက်)ကျေးရွာအုပ်စုတွင် ပါဝင်သော သပြုချောင်ကျေးရွာနှင့် ဒေးဗရိမ်းကျေးရွာ နှစ်ရွာကိုစုစည်း၍ သပြုချောင်ကျေးရွာအုပ်စု တစ်အုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ် ဆူရဲခွားကျေးရွာအုပ်စုအား ဆိုင်လိုသာရဲရပ်ကွက်နှင့် ဆလုံပူးရပ်ကွက် နှစ်ရပ်ကွက် ပါဝင်သော ဆူရဲခွားမြို့အဖြစ် တိုးချဲ့ဖွဲ့စည်း၍ ဆူရဲခွားကျေးရွာအုပ်စု တစ်အုပ်စုနှင့် ဆူရဲခွားကျေးရွာတစ်ရွာ ပယ်ဖျက်ခြင်းတို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင် ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေး မှူး ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **“အလုပ်သမား ရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းရာ ပြည်ထောင်စု လွှတ်တော်နာယက က လွှတ်တော်၏ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော် နာယက က အထက်ပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများ ကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြု ချက်များအတိုင်း လည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး အဆိုတင်သွင်းစဉ်။

ပဉ္စမနေ့ကို မေ ၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုစနစ်ဖြင့် ဝန်ထမ်းအချက်အလက်များ ရေးသွင်းနည်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၇**

စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲမှ ကြီးမှူး၍ ဝန်ထမ်း ရေးရာ စီမံခန့်ခွဲမှုစနစ် Government Personal Management System (GPMS) ဖြင့် ဝန်ထမ်းအချက်အလက်များ ရေးသွင်းနည်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားဖွင့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း နိုင်ငံတော်၏ e- Government စနစ် ဖော်ဆောင်နေမှုအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဌာန များအနေဖြင့်လည်း နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်တင်းပြီး တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ GPMS (ဝန်ထမ်း ရေးရာ စီမံခန့်ခွဲမှုစနစ်)ဖြင့် ဝန်ထမ်း အချက် အလက်များ ရေးသွင်းခြင်းအား ဦးဆောင်ရေးသွင်း ဆောင်ရွက်ရမည် ဖြစ်ရာ လုပ်ငန်းခွင် တာဝန်ယူဆောင်ရွက် ရမည့် ဝန်ထမ်းများ တာဝန်ရှိသူများ အနေဖြင့် သက်ဆိုင်ရာ နည်းပညာရပ် များအပေါ် ကျွမ်းကျင်မှုရှိစေရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝရေး ကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြား သည်။



ထို့နောက် မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ ညွှန်ကြားရေးမှူးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် များအား ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနတွင် အရာ ထမ်း အမှုထမ်းများ၏ ဝန်ထမ်းအချက် အလက်များအား GPMS စနစ်ဖြင့် ရေးသွင်းရမည်ဖြစ်ရာ အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲကို မေ ၇ ရက်မှ ၁၀ ရက် အထိ ကျင်းပမည်ဖြစ်ပြီး ဌာနခွဲများ၊ တိုင်းဒေသ ကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ သင်တန်းသား ၅၀ တက်ရောက်ကြ ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

# ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများ၊ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၇**

ပြည်ပရောက်မြန်မာရွှေ့ပြောင်း အလုပ်သမားများ စိစစ်လက်ခံ ရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီး ဌာန ချင်းတွင်းခန်းမ၌ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင် ပြည်နယ်၊ မွန်ပြည်နယ်တို့မှ အစိုးရအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ကော်မတီ၏ အဓိကလုပ်ငန်း တာဝန်များဖြစ်သည့် ပြည်ပရောက်အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်စိစစ်လက်ခံရာတွင် သက်ဆိုင်ရာနိုင်ငံတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ မိမိနိုင်ငံသား မဟုတ်သူများ ပါဝင်လာမှုမရှိစေရေး၊ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ လတ်တလော လိုအပ်ချက်များအပေါ် ထောက်ပံ့ ဖြည့်ဆည်းပေးနိုင်ရေး၊ မလိုလားအပ်သည့် လူကုန်ကူးမှုဖြစ်စဉ်များမဖြစ်ပေါ်စေရေးနှင့် နေရပ်သို့ပြန်လည် ထွက်ခွာရန် အဆင်ပြေချောမွေ့စေရေးစသည်တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သတင်း ကြိုတင်ဆက်သွယ်ရယူရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ စိစစ်လက်ခံရေးဆပ်ကော်မတီနှင့် နေရပ် ပြန်လည်ပို့ဆောင်ရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ စသည့် ဆပ်ကော်မတီ (၃)ခု ဖွဲ့စည်းဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးသည်။

ထို့ပြင် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများနှင့် ချိတ်ဆက် ဆောင်ရွက်ရမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆပ်ကော်မတီများ၊ ခရိုင်/ မြို့နယ်အဆင့် အကောင်အထည် ဖော်ရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရေး၊ ကော်မတီအသီးသီးဖွဲ့စည်းပုံ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြန်လည်လက်ခံမည့် ဂိတ်များ သတ်မှတ်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၆ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်**
**( ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ချောမွေ့အောင်မြင်စေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အထောက်အကူပြုစေရန်အတွက်လည်းကောင်း အကျဉ်းထောင် / စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား / သူ စုစုပေါင်း(၆၅၂၀)ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၇ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်**
**( ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)**
**ပြည်နယ်ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးလုထွန်း ကို မွန်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမင်းအေးကို ကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကလေးမြို့တာဟန်းရပ်ကွက်အတွင်း သောက်သုံးရေများလှူဒါန်း

**ကလေး မေ ၇**

ကလေးမြို့ တာဟန်းရပ်ကွက်တွင် အပူချိန်မြင့်တက်လာမှုကြောင့် ဧပြီလကုန်မှစ၍ ရေတွင်းများ ရေခန်းခြောက်ကာ ရေပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီက ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများသည် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရေသယ်ယာဉ်များ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်များနှင့် ပူးပေါင်းကာ သောက်သုံးရေဖြန့်ဝေလှူဒါန်းပေးခဲ့ကြသည်။

ကလေးမြို့နယ်အတွင်းရှိ ရေပြတ်လပ်လျက်ရှိသော ရပ်ကွက် / ကျေးရွာများသို့ သောက်သုံးရေ ထောက်ပံ့လှူဒါန်းလျက်ရှိပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် နောက်ရက်များတွင်လည်း ယခုကဲ့သို့ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကာ ကလေးမြို့နယ်အတွင်း ရေပြတ်လပ်မှုအခက်အခဲဖြစ်ပေါ်ပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန် / ဆက်)**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ၏ ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ H.E. Mr.Phan Van Hung အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဗီယက်နမ်နိုင်ငံ လူမျိုးစုရေးရာကော်မတီ၏ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ၏ ဒုတိယဝန်ကြီးနှင့်ဒုတိယဥက္ကဋ္ဌH.E. Mr.Phan Van Hung နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများတွင် ဆောင်ရွက်နေမှု၊ နှစ်ကာလကြာရှည်စွာ ဖြစ်တည်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆက်ဆံဆောင်ရွက်ခဲ့မှု၊ မဟာမဲခေါင် (CLMV) ဒေသခွဲအဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများပါဝင်သည့် အစည်းအဝေးများတွင် ဘက်မလိုက်စွာဖြင့် ရပ်တည်၊ ထောက်ခံပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လူမျိုးစုရေးရာ ကော်မတီတို့အကြား ၁၉၉၄ ခုနှစ် မှ စတင်ခဲ့သည့် (Memorandon of Understanding MoU) အရ နှစ်ဖက်တာဝန်ရှိသူများ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ခြင်း၊ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ မဟာဗျူဟာရည်မှန်းချက် အရအကောင်အထည်ဖော်ဆောင်ရွက်နေသော အဓိကလုပ်ငန်းတာဝန်(၂)ခု ဖြစ်သည့် မြန်မာနိုင်ငံ နယ်စပ်ဒေသအတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ဆောင်ရွက်နေမှု အနာဂတ်ကာလတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ အစည်းအဝေးကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လူမျိုးစုရေးရာကော်မတီ ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ H.E. Mr.Phan Van Hung တို့ဦးဆောင်၍ ကျင်းပသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် နယ်စပ်ဒေသများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ဒေသရှိ တိုင်းရင်းသား လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခု (ရန်ကုန်၊ စစ်ကိုင်း)၊ လူငယ်သင်တန်းကျောင်း ၄၅ ကျောင်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပို့ချပေးနေမှု၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၅ ကျောင်းနှင့် စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်း ဖွင့်လှစ်သင်ကြားပေးနေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လူမျိုးစုရေးရာ ကော်မတီတို့အကြား ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်များ အပြန်အလှန် သွားရောက်ခဲ့ကြသည့်အတွက် နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ခိုင်မာမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ အချင်းချင်းအပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ နားလည်မှု၊ ချစ်ခင်မှုတို့ဖြင့် စည်းလုံးညီညွတ်ရေးအတွက် အဓိကဦးတည်ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မေ ၆ ရက်မှ ၁၀ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်အသစ်အား ဂုဏ်ပြုသည့် အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး



**ရန်ကုန် မေ ၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့မွန်းလွဲ ၂ နာရီတွင် မေ ၁ ရက်က နန်းတက်ခဲ့သည့် ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်အသစ်အား ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ်(၈၀)ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနေအိမ်၌ ဖွင့်လှစ်ထားရှိသော ဂုဏ်ပြုမှတ်တမ်းစာအုပ်တွင် သွားရောက်လက်မှတ်ရေးထိုးသည်။ **(ဓာတ်ပုံ)**

ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်အသစ်အား ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားရှိသော ဂုဏ်ပြုမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခြင်းကို မေ ၇ ရက်မှ ၉ ရက်အထိနံနက် ၉ နာရီမှ ၁၁ နာရီအထိ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မေ ၇**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ်အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဝင်များနှင့် အကြံပေးဘုတ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံလူသားချင်းစာနာမှုညှိနှိုင်းရေးမှူးရုံး (AHA Centre) တို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောနိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပဏာမရှင်းလင်းပြောကြား**

ရှေးဦးစွာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

**အပြန်အလှန် စေ့စပ်ဆွေးနွေးဖြေရှင်း**

ထို့နောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးဘုတ်အဖွဲ့ဝင် Rt. Hon. Lord Darzi of Denhamက ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ယခုထက်တိုင်အောင် စိန်ခေါ်မှုများစွာကို မိမိတို့ရင်ဆိုင်ကြုံတွေ့နေကြရဆဲဖြစ်ပါကြောင်း၊ ရခိုင်ဒေသနှင့်ပတ်သက်၍ လုံခြုံရေးဆိုင်ရာအကျပ်အတည်း၊ လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကျပ်အတည်းတို့မှာ အဓိကအကျဆုံး အကျပ်အတည်းများအဖြစ် အသိအမှတ်ပြု သတ်မှတ်ထားပါကြောင်း၊ ကိုဖီအာနန် အစီရင်ခံစာပါ အကြံပြုချက်များကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများစွာရှိခဲ့သလို ဆက်လက်လုပ်ကိုင်သွားရမည့်လုပ်ငန်းများစွာကိုလည်း မနားမနေအကောင် အထည်ဖော်ကြရမည် ဖြစ်ပါကြောင်း၊ ဒုက္ခသည်များဘေးကင်းလုံခြုံစွာဌာနေ ပြန်နိုင်ရေး၊ ရခိုင်ပြည်နယ်ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်စေရေးတို့အတွက် ဆွေးနွေးဖြေရှင်းမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ပြုလုပ်သွားရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအတွင်း စေ့စပ်ဆွေးနွေးဖြေရှင်းခြင်းပြုလုပ်ရမည့်အပြင် မြန်မာနှင့် ကမ္ဘာ့နိုင်ငံများအကြားတွင်လည်း အပြန်အလှန် စေ့စပ်ဆွေးနွေးဖြေရှင်းခြင်းကို လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက်အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံလူသားချင်းစာနာမှု ညှိနှိုင်းရေးမှူးရုံး ( AHA Centre) မှ Deputy Executive Director, Mr.Arnelcapili ကယခုပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် လွတ်လွတ်လပ်လပ်နှင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုများ ပြုလုပ်ကာ သုံးသပ်လေ့လာမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပါဝင်ဆွေးနွေးသူများမှာ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အကြံပြုချက်များအတိုင်း ဆက်လက်၍ အားတက်သရော ဆောင်ရွက်သွားကြမည် ဆိုခြင်းနှင့် ပတ်သက်၍လည်း ကတိကဝတ်ပြုမှုများ ရှိပါကြောင်း။

**ဒုက္ခသည်များစနစ်တကျ ပြန်နိုင်ရေးဆောင်ရွက်**

အာဆီယံ အသင်းကြီးသည် အာဆီယံအရေးပေါ်တုံ့ပြန်မှုနှင့် အကဲဖြတ်လေ့လာရေးအဖွဲ့ (ASEAN-Emergency Response and Assessment team)မှတစ်ဆင့် ရခိုင်ဒေသနှင့်ပတ်သက်၍ အကဲဖြတ်လေ့လာမှု ပြုလုပ်နိုင်ရေးအတွက် ပဏာမလိုအပ်ချက်များအတိုင်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့သည် စစ်တွေ၊ မောင်တောနှင့် နေပြည်တော်တို့သို့ သွားရောက်၍ တွေ့ဆုံမေးမြန်းမှုများနှင့် အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ယခုအခါ အကဲဖြတ်လေ့လာမှု အစီရင်ခံစာအပြည့်အစုံကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ တင်သွင်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ ဒုက္ခသည်များ နေရပ်သို့ ချောမွေ့စွာနှင့် စနစ်တကျ ပြန်နိုင်စေရေးတို့အတွက် မြန်မာအစိုးရအဖွဲ့က အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း မိမိတို့အသိအမှတ်ပြုပါကြောင်း၊ ဒုက္ခသည်များဌာနေပြန်နိုင်ရေးနှင့်ပတ်သက်၍ အာဆီယံအတွင်းရေးမှူးချုပ်နှင့်တကွ အဖွဲ့ဝင်နိုင်ငံများက စုပေါင်းကြိုးပမ်းမှုအဖြစ် လက်တွဲလုပ်ကိုင်လျက်ရှိကြပြီး မြန်မာနိုင်ငံ အစိုးရအား ဆက်လက်၍ အကူအညီများပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပမီဒီယာများ သိရှိလိုသည့် မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အကြံပေးဘုတ်အဖွဲ့ဝင် Rt. Hon. Lord Darzi of Denham နှင့် ( AHA Centre) မှ Deputy Executive Director, Mr. Arnelcapiliတို့က ကဏ္ဍအလိုက် ရှင်းလင်းဖြေကြားကြသည်။

**လက်ခံရေးအစီအစဉ်ဆောင်ရွက်နေ**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော တိုက်ပွဲများနှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံ၌ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများကိုပြန်လည်လက်ခံမည့် အစီအစဉ် နှောင့်နှေးကြန့်ကြာမှု ဖြစ်စေသလားဆိုသည့် မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက "ရခိုင်မှာရှိနေတဲ့ နေရပ်စွန့်ခွာသူတွေ စတင်ထွက်ခွာကတည်းက အစိုးရအနေနဲ့ ပြန်လည်လက်ခံမယ်ဆိုတာ ယတိပြတ်ဆုံးဖြတ်ပြီးသား ဖြစ်တယ်။ နှစ်နိုင်ငံညှိနှိုင်းပြီး သဘောတူညီချက်စာချုပ်တွေ ချုပ်ဆိုတယ်။ ပြန်လည်လက်ခံရေး အစီအစဉ်အသေးစိတ်ရေးဆွဲလုပ်ဆောင်ခဲ့တယ်။ သတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း ကြိုးစားဆောင်ရွက်နေတယ်။ သဘောတူညီချက်အတိုင်း နှစ်နိုင်ငံညှိနှိုင်းမှုတွေကို ယခုထက်တိုင် အောင်မြင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိတယ်။ မကြာခင်က နှစ်နိုင်ငံ ညှိနှိုင်းမှု အစည်းအဝေးတစ်ခုကို ဆောင်ရွက်ပြီး ပြန်လည်လက်ခံရေး အစီအစဉ်ကို ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။ ဒီဒေသမှာ ယခုလို အခြေအနေတွေ ပြောင်းလဲနေပေမယ့် ပြောင်းလဲတဲ့ အခြေအနေပေါ်မူတည်ပြီး လက်ခံရေး အစီအစဉ်အောင်မြင်အောင် ညှိနှိုင်းဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

**စားဝတ်နေရေးအဆင်ပြေဖို့**

ရခိုင်ပြည်နယ်ရဲ့ အရေးကိစ္စကို ဖြေရှင်းဆောင်ရွက်တဲ့အခါ မြန်မာအစိုးရက ပြည်တွင်းမှာရှိတဲ့ မြန်မာအစ္စလာမ်ဘာသာဝင် လူ့အဖွဲ့အစည်းတွေက ခေါင်းဆောင်များ၊ ရခိုင်မှာရှိတဲ့ ခေါင်းဆောင်များ၊ ပြည်ပရှိ အစ္စလာမ်ဘာသာဝင်များ အရေး ဆောင်ရွက်နေတဲ့ ခေါင်းဆောင်များနဲ့စုပြီး တွေ့ဆုံဆွေးနွေးမယ့် အစီအစဉ်လုပ်ဆောင်ရန်ရှိ/မရှိ မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက "ရခိုင်အရေးနဲ့ပတ်သက်ရင် နေရပ်စွန့်ခွာသူတွေ ပြန်လည်ရောက်ရှိရေးနဲ့ နိုင်ငံအတွင်းမှာ ကျန်ရှိနေသေးတဲ့ အစ္စလာမ်ဘာသာဝင်တွေ အထူးသဖြင့် ရခိုင်မြောက်ပိုင်းမှာ ရောက်ရှိနေတဲ့သူတွေရဲ့ အရေးကို အမြဲတမ်း ထည့်သွင်းစဉ်းစားပါတယ်။ ဒီလို စဉ်းစားတဲ့အခါမှာ ပြန်လည်လက်ခံရေး၊ နေရာချထားရေးကို အောင်မြင်ဖို့ ကျွန်တော်တို့ အစဉ်တစိုက် ကြိုးစားနေကြတာ ဖြစ်ပါတယ်။ ဒီပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနဲ့ ကျန်ခဲ့တဲ့သူတွေအတွက် သူတို့ရဲ့ စားဝတ်နေရေးအဆင်ပြေဖို့နဲ့ သူတို့ဒေသမှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ကျွန်တော်တို့ အဓိကဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။

" ဖြစ်တဲ့အကြောင်းအရင်းတွေကို ပြန်ကြည့်လိုက်ရင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့တာ အဓိကအကြောင်းအရင်းတစ်ရပ်အနေနဲ့ ဖြစ်ခဲ့တာရှိပါတယ်။ ဒါကြောင့်လည်း အဲဒီဒေသမှာ ဖွံ့ဖြိုးတိုးတက်ရေးတွေ အများကြီး ကြိုးစားဆောင်ရွက်နေပါတယ်။ ဘာပဲဆောင်ရွက်ဆောင်ရွက် ရခိုင်ပြည်နယ်အရေးကို ဆောင်ရွက်တဲ့အခါမှာဘယ်တော့မှ အစိုးရတစ်ရပ်တည်းနဲ့ ဆောင်ရွက်တာ မရှိပါဘူး။ ဒါကြောင့်လည်းကော်မတီ၊ ကော်မရှင်တွေဖွဲ့ပြီး သူတို့တွေဆီက အကြံယူတယ်။ ကော်မတီတွေဖွဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်တာ ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ ဒီကော်မတီမှာ တာဝန်ရှိတဲ့သူတွေက နေပြည်တော်မှာ ထိုင်ပြီး ဒါတွေကို ဆောင်ရွက်နေတာ မဟုတ်ပါဘူး။

**ပိုမိုပြီးထိရောက်အောင်ဆောင်ရွက်နေ**

"ကျွန်တော်တို့ဆိုရင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေကိုအကောင်အထည်ဖော်တဲ့ ကော်မတီဥက္ကဋ္ဌအနေနဲ့ ရခိုင်ကိုစဖြစ်ကတည်းကနေ အခုထက်ထိဆိုရင် ၄၆ ခေါက်ရှိပါပြီ။ ၄၆ ခေါက်သွားတဲ့အထဲမှာ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်တွေ၊ အုပ်ချုပ်တဲ့အုပ်ချုပ်သူအဖွဲ့အစည်းတွေနဲ့ ဆွေးနွေးတာတွေ ရှိတယ်။ ဒီလိုဆွေးနွေးတာ ၁၇ ကြိမ်ရှိတယ်။ ကျွန်တော်တို့ လုပ်ခဲ့တဲ့လုပ်ငန်းတွေ အကောင်အထည်ဖော်တာတွေကို ပြည်သူသို့ အစီရင်ခံစာဆိုပြီး ၄ ကြိမ်ထုတ်ပြန်ခဲ့တာ ရှိပါတယ်။ သေသေချာချာ ဖတ်ကြည့်ရင် တွေ့မှာဖြစ်ပါတယ်။ အကြံပေးတာကောင်းပါတယ်။ ဒီ့ထက်ပိုမိုပြီး ထိရောက်အောင် ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒါက နိုင်ငံတွင်းမှာ လုပ်နေတဲ့ကိစ္စပါ။ နိုင်ငံတကာနဲ့ ပတ်သက်ပြီးတော့ အဖွဲ့အစည်းတွေနဲ့လည်း ဆောင်ရွက်နေတာတွေ ရှိပါတယ်။ UEHRD မှာလည်း လုပ်နိုင်ကိုင်နိုင်တဲ့သူတွေ စုစည်းပြီး နိုင်ငံတကာကိုသွားပြီး သက်ဆိုင်တဲ့သူတွေ၊ အဖွဲ့အစည်း တွေနဲ့အစည်းအဝေးတွေ၊ သတင်းအချက်အလက်မျှဝေတာတွေလုပ်တယ်။ အကြံဉာဏ်ယူတာတွေလည်း ဆောင်ရွက်နေပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**နယ်စပ်ခြံစည်းရိုးလုံခြုံအောင် ကြိုးစားနေ**

နောက်နှစ်တွင် ဒုက္ခသည်များ ပြန်လာရေးအတွက် သက်တမ်းတစ်နှစ် ထပ်တိုးမှုကိုသိရတဲ့အတွက် ယခုလက်ရှိ ဆက်ပြီးလက်ခံရင် လက်ခံရေးစခန်းတွေက နိုင်ငံသားမှတ်ပုံတင် ရရှိဖို့ ဘယ်လိုအစီအစဉ်ရှိပါသလဲ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက "နယ်စပ်ခြံစည်းရိုးကို ကုန်းပိုင်းရော၊ ရေပိုင်းပါ လုံခြုံအောင် ကြိုးစားနေပါ တယ်။ သို့သော်လည်း အဝင်အထွက်တွေ ရှိနေပါတယ်။ အစိုးရသစ်တက်ကတည်းက ခြံစည်းရိုးလုံခြုံအောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အတိုင်းအတာတစ်ခုအထိ အောင်မြင်သော်လည်း လိုအပ်နေပါသေးတယ်။

"ယခင်ကလည်း ပဋိပက္ခဖြစ်ပွားမှုကိစ္စရပ်တွေရှိခဲ့ပါတယ်။ အခုလည်း ပဋိပက္ခဖြစ်ပွားမှုမှာ ထွက်သွားတဲ့လူတွေရှိတဲ့အတွက် ပြန်လည်လက်ခံဖို့ သဘောတူညီချက်အစီအစဉ် လုပ်ဆောင်ထားတာရှိပါတယ်။ ဒါကတော့ ပြန်ဝင်လာတဲ့သူတွေ အကုန်လုံးကို ဘယ်သူ့ကိုမှယုံတယ်၊ မယုံဘူးမဟုတ်ဘူး၊ တကယ့်ကို ဂုဏ်သိက္ခာရှိစွာနဲ့ ပြန်လည်ဝင်နိုင်ဖို့အတွက် စိစစ်ဆန်းစစ်တဲ့ကိစ္စတွေ၊ အဆင့်ဆင့် လုပ်ဆောင်ရပါတယ်။ လက်ထဲမှာ အထောက်အထားမရှိတဲ့လူကတော့ ပြန်ပြီးတော့ စိစစ်ရမှာမို့လို့ ဒီလမ်းကြောင်းထဲကို ဝင်ရမယ်။ ဒီလမ်းကြောင်းထဲကို ဝင်ခြင်းသည် နိုင်ငံသားဖြစ်မှုအတွက် အစလမ်းစဉ် ဖြစ်ပြီး အင်မတန်ကို အကျိုးရှိတဲ့ကိစ္စဖြစ်ပါတယ်။ တကယ့်ကို ညီညွတ်တဲ့လူကို နိုင်ငံသားပေးချင်ပါတယ်။ ဒါ့ကြောင့်မို့ တကယ်ကို စိစစ်ပြီးတော့ တကယ်ရသွားနိုင်တဲ့သူတွေ အများကြီးရှိပါတယ်။

" ဒီအစီအစဉ်ကို ဆောင်ရွက်ရင် ဘယ်လောက်ကြာမှာလဲ ဆိုတာကို မေးရင်တော့ တကယ့်ဖြစ်စဉ်က လေးလခွဲပဲကြာတယ်။ သို့သော် ဒီဖြစ်စဉ်က မှတ်ပုံတင်ကိုစပြီး ဖွင့်ပေးလိုက်တာနဲ့၊ စိစစ်တဲ့သက်ဆိုင်ရာဝန်ကြီးဌာနက ခွင့်ပြုတာနဲ့ လေးလခွဲအတွင်း မပြတ်သွားဘူး ဆိုတာရှိတယ်။ ဘာ့ကြောင့် မပြတ်လဲဆိုတော့ အချက်အလက်မစုံရင် တစ်ခါပြန်ခေါ်ရတာရှိတယ်။ ပြန်မေးရတယ်။ ပြန်ချိန်းရတယ်။ ဒါကိုစိစစ်ပြီး ပြန်လည်ထုတ်ပေးခါနီးကျရင် ပြန်ခေါ်ရသေးတယ်။ အဲဒီအခါကျရင် စိစစ်တဲ့ကတ်တွေ ကျွန်တော်တို့မှာရှိပြီးမှ ပြန်ခေါ်တဲ့အခါမှာ မလာတာတွေလည်းအများကြီးရှိတယ်။ ဒီကာလကတော့ လေးလခွဲကနေခြောက်လအထိ ကြာနိုင်တယ်။ တကယ်တမ်းဆောင်ရွက်သူတွေ တကယ်လိုချင်လို့ လုပ်တဲ့လူအပေါ်မှာ မူတည်တယ်။

*စာမျက်နှာ ၁၂ သို့*




**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။** ဓာတ်ပုံ- ဇော်မင်းလတ်

# လောင်းကစား ဥပဒေပြဋ္ဌာန်း

**လောင်းကစား ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)**

**၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို လောင်းကစားဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လောင်းကစားခြင်း** ဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှု ကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည် ဖြစ်စေ ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုး ရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက် လည်းကောင်း လောင်းကစားပြုခြင်းကို ဆိုသည်။

(ခ) **ပစ္စည်း** ဆိုသည်မှာ သက်ရှိသက်မဲ့၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအားလုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းပစ္စည်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် များလည်း ပါဝင်သည်။

(ဂ) **လောင်းကစားအိမ်** ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်သည့် အိမ်၊ အဆောက်အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သော ကာစီနိုများ မပါဝင်။

(ဃ) **လောင်းကစားကိရိယာ** ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်ရာ၌ အသုံးပြုသော ဂျင်၊ ဖဲ၊ အန်စာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားခွက်၊ ဇယားကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်၊ စာရင်း၊ အီလက်ထရောနစ်ပစ္စည်းများနှင့် အီလက်ထရောနစ် ဆက်သွယ်ရေးနည်းပညာသုံး ကိရိယာများကိုဆိုသည်။ ယင်း စကားရပ်တွင် လောင်းကစားခြင်းအတွက် ကြံစည်ပြုလုပ်ထားသော သို့မဟုတ် အသုံးပြုနိုင်သော အခြားအရာများနှင့် လောင်းကစား ခြင်း၌ အသုံးပြုသော တိရစ္ဆာန်၊ ယာဉ်တို့လည်း ပါဝင်သည်။

(င) **အများပြည်သူနှင့်ဆိုင်သောနေရာ** ဆိုသည်မှာ မည်သူမဆို ဝင်ထွက် သွားလာနိုင်သော လမ်း သို့မဟုတ် နေရာကို ဆိုသည်။

(စ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ တာဝန် များကို ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

(ဆ) **မြို့နယ်ရဲတပ်ဖွဲ့မှူး** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်နေသူကို ဆိုသည်။

(ဇ) **စခန်းမှူး** ဆိုသည်မှာ သက်ဆိုင်ရာရဲစခန်းနယ်မြေအတွင်း ရဲစခန်းမှူး တာဝန်ထမ်းဆောင်နေသူကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီး ဌာနကို ဆိုသည်။

(ည) **ထီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အောင်ဘာလေထီကို ဆိုသည်။

(ဋ) **ကာစီနို (Casino)** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြု ချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားပြီး နိုင်ငံခြား သားများသာ သီးသန့်လောင်းကစားခွင့်ရှိသော နေရာ သို့မဟုတ် အဆောက်အဦကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခေတ်စနစ်နှင့်လျော်ညီသော လောင်းကစားဥပဒေဖြစ်စေရန်၊

(ခ) လောင်းကစားခြင်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက် ပျက်စီးစေနိုင်သဖြင့် ဥပဒေနှင့်အညီ ကန့်သတ်ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်ရန်၊

(ဂ) အများပြည်သူတို့၏ အကျိုးစီးပွားနှင့် ကိုယ်ကျင့်တရားကို ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်။

**အခန်း (၃)**

**အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို ဝရမ်းမပါဘဲဖမ်းဆီးခြင်း**

၄။ (က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်သည် အများပြည်သူနှင့် ဆိုင်သောနေရာတွင် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကို တွေ့ရှိလျှင် ထိုသူအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေး တောင်းခံ စုဆောင်းသူ၊

(၂) လောင်းကစားသူ၊ လောင်းကစားရန် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ၊

(၃) မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲတစ်ခုခု၌မဆို လောင်းကစားသူ သို့မဟုတ် လောင်းကစားရန် တစ်နည်း နည်းဖြင့် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ။

(ခ) ပုဒ်မခွဲ (က) အရ အရေးယူဆောင်ရွက်သူ တစ်ဦးဦးသည် ဖမ်းဆီး သည့်နေရာတွင် ဖြစ်စေ၊ ဖမ်းဆီးခံရသူများ၏ ကိုယ်ပေါ်တွင်ဖြစ်စေ တွေ့ရှိသော လောင်းကစားကိရိယာများနှင့် ငွေကြေးအားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းရမည်။

**အခန်း (၄)**

**လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း**

၅။ (က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာမြို့နယ်အတွင်း၌ လည်းကောင်း၊ စခန်းမှူးသည် သက်ဆိုင်ရာရဲစခန်းနယ်မြေ အတွင်း၌လည်းကောင်း လောင်းကစား အိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သော သတင်း ရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်း အချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကို ရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစား အိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်သည်။

(ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်မှ ဒုတိယရဲအုပ် အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအားလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁) အောက်မနိမ့်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအားလည်းကောင်း ဝရမ်း ထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးစေ နိုင်သည်။

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းအားတိုက်ရိုက်ကြီးကြပ်ကွပ်ကဲ သော ရဲအရာရှိတစ်ဦးဦးသည် ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးစေနိုင်သည်။

၆။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာ တာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူး တစ်ဦးဦး အပါအဝင် အနည်းဆုံးနှစ်ဦး ပါဝင်လျက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သော သတင်းရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက် များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကို ရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက် ရှာဖွေဖမ်းဆီးနိုင်သည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ဒုတိယရဲအုပ်အဆင့် အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား လည်းကောင်း၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူး ပါဝင်သော အဖွဲ့အား လည်းကောင်း ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက် ရှာဖွေဖမ်းဆီးစေနိုင်သည်။

၇။ (က) ပုဒ်မ ၅ အရ ဖြစ်စေ၊ ပုဒ်မ ၆ အရဖြစ်စေ ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူ သို့မဟုတ် ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူသည် အောက်ပါ တို့ကို ဆောင်ရွက်နိုင်သည်-

(၁) ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူဖြစ်ပါက သတင်းရရှိပြီးနောက်ဖြစ်စေ၊ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူဖြစ်ပါက ဝရမ်းထုတ် ပေးသောနေ့မှ ၁၄ ရက်အတွင်းဖြစ်စေ လိုအပ်သည့် အကူ အညီများနှင့် လောင်းကစားအိမ်သို့ လိုအပ်လျှင် မည်သည့် နည်းဖြင့်မဆို အချိန်မရွေးဝင်ရောက်နိုင်ခွင့်၊

(၂) လောင်းကစားအိမ်တွင် လောင်းကစားနေသူများ၊ ရောက်ရှိ နေသူများနှင့် အားပေးကူညီသူများအား ဖမ်းဆီးနိုင်ခွင့်၊

(၃) လောင်းကစားအိမ်တွင်တွေ့ရှိသော လောင်းကစားကိရိယာ နှင့် လောင်းကစားရာ၌ အသုံးပြုသော သို့မဟုတ် အသုံးပြု မည်ဟု ယုံကြည်ရန်ရှိသော ငွေကြေးနှင့်ပစ္စည်းကို သိမ်းဆည်း နိုင်ခွင့်၊

(၄) လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို လျှို့ဝှက်ထားကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါ လောင်းကစားအိမ်၏ နေရာအနှံ့အပြားနှင့် ဖမ်းဆီးထားသူများ ၏ ကိုယ်တွင်ရှာဖွေ၍ တွေ့ရှိသမျှသော လောင်းကစားကိရိယာ အားလုံးကို သိမ်းဆည်းနိုင်ခွင့်။

(ခ) ပုဒ်မ ၅ အရ ဖြစ်စေ၊ ပုဒ်မ ၆ အရ ဖြစ်စေ -

(၁) သတင်း သို့မဟုတ် အခြားယုံကြည်လောက်သော အကြောင်း အချက်များကို ရေးမှတ်သူသည် သတင်းပေးသူ၏အမည်ကို လျှို့ဝှက်ထားရမည်။ လိုအပ်ပါက သတင်းပေးသူ၏ အမည်ကို ဖော်ပြနိုင်သည်။

(၂) ရှာဖွေသည့်အခါတိုင်း ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ ရှာဖွေရမည်။

(၃) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးသူသည် ဖမ်းဆီး ရမိသူများ၊ သိမ်းဆည်းရရှိသည့် ပစ္စည်းများကို သက်ဆိုင်ရာ ရဲစခန်းသို့ လွှဲအပ်ရမည်။

(၄) ဆောင်ရွက်သူသည် မည်သူ့ကိုမျှ ဖမ်းဆီးရမိခြင်းမရှိလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၅)**

**တားမြစ်ချက်များ**

၈။ မည်သူမျှအများပြည်သူနှင့်ဆိုင်သောနေရာတွင် -

(က) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်း ခြင်းမပြုရ၊

(ခ) လောင်းကစားခြင်း၊ လောင်းကစားရန် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်းမပြုရ၊

(ဂ) မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲကိုမဆို လောင်း ကစားခြင်း၊ လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

၉။ မည်သူမျှ လောင်းကစားအိမ်တွင် -

(က) လောင်းကစားခြင်း မပြုရ၊

(ခ) ရောက်ရှိနေခြင်း မရှိစေရ။

၁၀။ မည်သူမျှ-

(က) လောင်းကစားအိမ်ဖွင့်လှစ်ခြင်း၊ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေး ကူညီခြင်း မပြုရ၊

(ခ) လက်ဝယ်ရှိသော သို့မဟုတ် အသုံးပြုခွင့်ရသော အိမ်၊ အဆောက် အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို လောင်းကစားအိမ်အဖြစ် ဖွင့်လှစ်ရန်၊ တည်ထောင်ရန် သို့မဟုတ် အသုံးပြုရန် ခွင့်မပြုရ။

၁၁။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို မပြုရ-

(က) ထီ သို့မဟုတ် ထီကဲ့သို့သော အခြားကံစမ်းကစားနည်းတစ်ခုခုကို ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ် ဆောင်ရွက်ခြင်း၊ ငွေကြေးအကျိုးအမြတ် ရယူခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊

(ခ) ကာစီနိုကို တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ်ဆောင်ရွက်ခြင်း၊ ငွေကြေး အကျိုးအမြတ်ရယူခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း။

၁၂။ မည်သူမျှ ပုဒ်မ ၁၁ ပါ ကစားနည်းတစ်မျိုးမျိုးတွင် ပါဝင်လောင်းကစားခြင်း မပြုရ။

၁၃။ မြန်မာနိုင်ငံသားမည်သူမျှ ကာစီနိုအတွင်း ဝင်ရောက်လောင်းကစားခြင်း မပြုရ။

၁၄။ မည်သူမျှ လောင်းကစားရန် ငွေချေးခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်း မပြုရ။

**အခန်း (၆)**

**ပြစ်ဒဏ်များ**

၁၅။ မည်သူမဆို -

(က) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသောင်း အထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

(ခ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်း နှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၆။ မည်သူမဆို -

(က) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်း နှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံ ပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

၁၇။ မည်သူမဆို-

(က) ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၈။ မည်သူမဆို -

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင်ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၉။ မည်သူမဆို -

(က) ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်တစ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀။ မည်သူမဆို -

(က) ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

**အခန်း (၇)**

**အထွေထွေ**

၂၁။ လောင်းကစားအိမ်၌လည်းကောင်း၊ ထိုအိမ်၌ ရောက်ရှိနေသူတို့၏ ကိုယ်ပေါ်တွင်လည်းကောင်း လောင်းကစားကိရိယာ တစ်ခုခုကိုတွေ့ရှိလျှင် ဝင်ရောက်ရှာဖွေသူတို့က လောင်းကစားနေသည်ကို မတွေ့မြင်စေကာမူ လောင်းကစားအိမ်အဖြစ် အသုံးမပြုကြောင်း သို့မဟုတ် လောင်းကစားရန် ရောက်ရှိနေကြခြင်းမဟုတ်ကြောင်း ထိုအိမ်၌ ရောက်ရှိနေကြသူများက သက်သေထင်ရှားမပြနိုင်လျှင် လောင်းကစားအိမ်အဖြစ် အသုံးပြုသည်ဟူ၍လည်းကောင်း၊ ထိုသူများသည် လောင်းကစားရန် ရောက်ရှိနေကြသူများဖြစ်သည်ဟူ၍လည်းကောင်း မှတ်ယူရမည်။

၂၂။ ထီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကာစီနိုတည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။

၂၄။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့် တရားစွဲဆိုခြင်းခံရသူကို စစ်ဆေးသော တရားရုံးသည် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံရသူများအနက် အဓိက ပါဝင်သည့် တရားခံမဟုတ်သူ မည်သူ့ကိုမဆို လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလိုသက်သေအဖြစ် သက်သေခံချက်ပေးစေရမည်။ သက်သေခံချက်ပေးသူသည် မှန်ကန်သည့်အတိုင်း ထုတ်ဖော်ထွက်ဆိုလျှင် ထိုသူအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုရမည်။

၂၅။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရ စစ်ဆေးစီရင်သောအမှုတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်ငွေနှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည့် ပစ္စည်းများရောင်းရငွေအနက်မှ သတင်းပေးသူအား ၁၀ ရာခိုင်နှုန်း၊ ဖမ်းဆီးရာတွင် ပါဝင်သူအားလုံးအား ၂၀ ရာခိုင်နှုန်း ဆုငွေချီးမြှင့်ရန် အမိန့်ချမှတ်ရမည်။

၂၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာမြို့နယ်အတွင်း တစ်ဦးတစ်ယောက်သောသူသည် လောင်းကစားမှုဖြင့်လည်းကောင်း၊ လောင်းကစားမှုဖြစ်မြောက်စေရန် အားပေးခြင်း သို့မဟုတ် ကူညီခြင်းဖြင့်လည်းကောင်း အသက်မွေးဝမ်းကျောင်းမှုပြုနေကြောင်း သတင်းရရှိလျှင် ထိုသူအား ရာဇဝတ်ကျင့်ထုံးဥပဒေအရ အရေးယူနိုင်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၈။ လောင်းကစားဥပဒေ(၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၆) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူများ လွတ်ငြိမ်းသက်သာခွင့်ရ ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက်နှစ်ဦးနှင့် သရုပ်ဆောင်မိုးအောင်ရင်တို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်

ရန်ကုန် မေ ၇

**နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ရန်ကုန်မြို့အခြေစိုက် ရိုက်တာသတင်းထောက်နှစ်ဦးနှင့် သရုပ်ဆောင်မိုးအောင်ရင်တို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ပြီဖြစ်ကြောင်း သိရသည်။**

ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာသူများအနက် ရန်ကုန်မြို့အခြေစိုက် ရိုက်တာသတင်းထောက်များဖြစ်သည့် သက်ဦးမောင် (ခ) ဝလုံးနှင့် ကျော်စိုးဦး (ခ) မိုးအောင်တို့အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးခဲ့ပြီး မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃ (၁) (ဂ) ဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက ထောင်ဒဏ် ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်ခြင်း ခံရကာ ယနေ့တွင် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခြင်း ဖြစ်သည်။

ထို့ပြင် သရုပ်ဆောင်မိုးအောင်ရင်မှာ ၂၀၁၆ ခုနှစ်တွင် မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံရကာ ၂၀၁၈ခုနှစ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက ထောင်ဒဏ် ၁၂ နှစ်၊ ပုဇွန်တောင်မြို့နယ် တရားရုံးက ထောင်ဒဏ်ငါးနှစ် စုစုပေါင်း ထောင်ဒဏ် ၁၇ နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ကာ ယနေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

နိုင်ငံတော်သမ္မတရုံးသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချောမွေ့အောင်မြင်စေရန်နှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး အထောက်အကူပြုစေရန်အတွက် လည်းကောင်း အကျဉ်းထောင်/စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/အကျဉ်းသူ စုစုပေါင်း ၆၅၂၀ အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်း





**လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာသည့် ရိုက်တာသတင်းထောက် သက်ဦးမောင် (ခ) ဝလုံးနှင့် ကျော်စိုးဦး (ခ) မိုးအောင်တို့ကို တွေ့ရစဉ်။**
ဓာတ်ပုံ-ဖေဇော်

သတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ကို ယနေ့ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား၊ အကျဉ်းသူများကို လွတ်ငြိမ်းသက်သာခွင့်ပြုမည်ဆိုသည့် သတင်းကြောင့် ယနေ့ နံနက် ၆ နာရီခန့်မှ စတင်ကာ အင်းစိန်အကျဉ်းထောင်ရှေ့တွင် လာရောက်ကြိုဆိုနေကြသူများ၊ စောင့်မျှော်နေသည့် မိသားစုဝင်များစွာရှိပြီး လွတ်မြောက်ရန် ကျန်ရှိနေသူများကို မွန်းလွဲပိုင်းတွင် ဆက်လက်လွှတ်ပေးလျက်ရှိသည်။

လာရောက်စောင့်မျှော်နေသူ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်မှ ဒေါ်တင်တင်ထွေးက "ရာဇဝတ်မှုကြီးတွေကလွဲရင် ကျန်တဲ့သူတွေကို လွတ်မြောက်စေချင်ပါတယ်။ မိုးအောင်ရင်နဲ့ သတင်းသမားတွေ လွတ်မြောက်လာတဲ့အတွက် ဝမ်းသာပါတယ်။ အဲဒီလိုပဲ မူးယစ်ဆေးဝါးမှုနဲ့ ပြစ်ဒဏ်ကျခံနေရတဲ့သူတွေကိုလည်း အမြန်ဆုံး လွတ်မြောက်စေချင်ပါတယ်" ဟု ပြောသည်။

နိုင်ငံတော်သမ္မတရုံးသည် ၂၀၁၉ ခုနှစ်အတွင်း ဧပြီလ ၁၇ ရက်က ပထမအကြိမ်အဖြစ် အကျဉ်းသား/အကျဉ်းသူ ၉၅၃၅ ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဧပြီလ ၂၆ ရက်က အကျဉ်းသား/အကျဉ်းသူ ၆၉၄၈ ဦးကိုလည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုပေးခဲ့ပြီး ယနေ့ထုတ်ပြန်သော အမိန့်အမှတ် ၁၆/၂၀၁၉ သည် တတိယအကြိမ်မြောက်အဖြစ် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ဇော်ကြီး(ပဏ္ဏိတ)**
**ထင်ပေါ်ဝင်း(ကမာရွတ်)**

**အင်းစိန်အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာသူများနှင့် လာရောက်ကြိုဆိုကြသည့် မိသားစုဝင်များ။**
ဓာတ်ပုံ - အာကာစိုး

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၇

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့အား ယမန်နေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

တွေ့ဆုံပွဲသို့ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**လက်တွေ့ဆောင်ရွက်ရာ၌အခက်အခဲရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် ဖြစ်ပွားသည့် အလုပ်သမားရေးရာကိစ္စရပ်များ၌ အေဂျင်စီအဖွဲ့ချုပ်အနေဖြင့် အလုပ်သမား သံအရာရှိနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ယနေ့ခေတ်သည် ပွင့်လင်းမြင်သာသည့်ခေတ်ဖြစ်ရာ အလုပ်သမားများ၏ မကျေနပ်ချက်များ၊ အခက်အခဲတိုင်ကြားမှုများရှိလာကြောင်း၊ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြင့် မူဝါဒများ ချမှတ်ထားသော်လည်း အချို့ကိစ္စရပ်များတွင် လက်တွေ့ဆောင်ရွက်ရာ၌ အခက်အခဲ အနည်းငယ်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အေဂျင်စီအဖွဲ့ချုပ်သာမက အေဂျင်စီအားလုံးနှင့် တွေ့ဆုံပြီး ကြုံတွေ့နေရသည့်အခက်အခဲများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုများ ရရှိနိုင်ကြောင်း၊ မကြာမီကာလအတွင်း ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် အဖွဲ့သည် ထိုင်းနိုင်ငံသို့ သွားရောက်ကာ နှစ်နိုင်ငံတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ အစည်းအဝေး ကျင်းပဆွေးနွေးရန်ရှိကြောင်း၊ အဆိုပါအစည်းအဝေး၌ အေဂျင်စီများမှ ဆွေးနွေးပေးစေလိုသည့် အချက်များရှိပါက ထည့်သွင်းဆွေးနွေးနိုင်ကြောင်း၊ ပြီးခဲ့သည့် ဧပြီလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေး၌ မိမိအနေဖြင့် လာအိုနိုင်ငံ၊ အလုပ်သမားဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ လာအိုနိုင်ငံ၌ တရားမဝင်လာရောက်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများစွာရှိသဖြင့် နှစ်နိုင်ငံ MoU ရေးထိုးနိုင်ရေး၊ အဆိုပါ အလုပ်သမားများ တရားဝင်စေလွှတ်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း၊ အလားတူ ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများ ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းသို့ သင်တန်းသားအလုပ်သမားများ စတင်စေလွှတ်နေကြောင်း။

ကိုရီးယားသမ္မတနိုင်ငံသို့ ငါးဖမ်းလုပ်ငန်းအတွက် အလုပ်သမားစေလွှတ်ခွင့်များ ရရှိပြီးဖြစ်ကြောင်း၊ EPS စနစ်ဖြင့်ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်လုပ်ကိုင်နိုင်ရေး စာမေးပွဲအောင်မြင်ပြီးသူများ တန်းစီဇယား၌ ကျန်ရှိနေသေးသဖြင့် အလုပ်သမားများ မလိုအပ်ဘဲ ငွေကုန်ကြေးကျမှု မရှိစေရေးအတွက် ယခုနှစ်တွင် စာမေးပွဲမကျင်းပသေးခြင်းဖြစ်ကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံ၌ CI ထုတ်ပေးသည့်စခန်းကို မဟာချိုင်သို့ ပြောင်းရွှေ့ဖွင့်လှစ်၍လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားရေးရာကိစ္စရပ်များကို တစ်ဦးတစ်ဖွဲ့ချင်းစီ ဆောင်ရွက်မည်ဆိုပါက အခက်အခဲများစွာရှိ၍ သက်ဆိုင်သူများ အားလုံးအဖွဲ့အစည်းများအားလုံး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အေဂျင်စီများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်၍ ထိုသို့ဆောင်ရွက်မှုများကို မလွဲမရှောင်သာ၍အရေးယူရသည်များရှိရာ လုပ်ငန်းဆောင်ရွက်မှုအပိုင်းများတွင် နားလည်ပေးစေလိုကြောင်း၊ အေဂျင်စီအဖွဲ့ချုပ်၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဝန်ကြီးဌာနသို့ အချိန်မရွေးလာရောက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြနိုင်ကြောင်း၊ အလုပ်သမားအကျိုး၊ အေဂျင်စီ၏အကျိုး၊ နိုင်ငံ၏အကျိုးဖြစ်ထွန်းစေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဆပ်လုပ်ငန်းကော်မတီအလိုက် ပြန်လည်တင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ဩစတြေးလျနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၇**

မြန်မာ- ဩစတြေးလျနှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျင်းပရာ (ယာပုံ) အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အင်ဒို-ပစိဖိတ် ဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး Mr. Richard Maude တို့က ဦးဆောင်ကျင်းပခဲ့ကြသည်။



အစည်းအဝေးတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံအကြား စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍအသီးသီးတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများအပေါ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာ လက်ထောက်ဝန်ကြီး Mr. Richard Maude နှင့် ကိုယ်စားလှယ်အဖွဲ့အား Park Royal Hotel ၌အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

သူအားသွန်ခွန်စိုက်ကြိုးစားရင် ဒီဘက်အစိုးရကလည်း သက်ဆိုင်ရာဝန်ကြီးဌာနကို အားပေးနေတယ်။ ပံ့ပိုးနေတယ်။ ကူညီနေတယ်။ တိုက်တွန်းနေတယ်။ ဒါ့ကြောင့် အဆင်ပြေမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

**အကြံပြုချက်တွေအကောင်အထည်ဖော်**

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြန်လည်သုံးသပ်ဖို့ အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက “အကြံပြုချက် ၈၈ ခုရှိတဲ့အထဲက အရေးပါတဲ့ဥပဒေတစ်ခုပါ။ ဥပဒေပြင်မယ်ဆိုတာ မလွယ်ကူဘူး။ ဥပဒေကြမ်းကို အရင်ပြုစုရတယ်။ သုံးသပ်ရတယ်။ လွှတ်တော်မှာ တင်ရတယ်။ ဆွေးနွေးရတယ်။ ခက်ခဲတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါပေမယ့် အကြံပြုထားတဲ့အတွက် စဉ်းစားရတယ်။ ဒါပေမယ့် ပြည်သူအားလုံးကို အကျိုးရှိစေတဲ့ အကြံပြုချက်တွေကို စတင်ဖို့ အကောင်အထည်ဖော်နေပါတယ်” ဟု ပြောသည်။

**ဥပဒေပြောင်းလဲဖို့အချိန်ယူ**

ဆက်လက်၍ အကြံပေးဘုတ်အဖွဲ့ဝင် Rt. Hon. Lord Darzi of Denham က ဥပဒေပြောင်းလဲဖို့ဆိုတာ မြန်မာနိုင်ငံမှာမှ မဟုတ်ပါဘူး။ လွတ်လပ်တဲ့ ဘယ်နိုင်ငံမှာမဆို အချိန်ယူရပါတယ်။ ခက်တာက ကျွန်တော်တို့မှာ အချိန်မရှိပါဘူး။ ဥပဒေဆိုတာ ပြင်မှမဟုတ်ပါဘူး။ အဓိပ္ပာယ်ကောက်ယူပုံပြင်ဆင်တာရှိပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတာဟာ အခုလို ဆောင်ရွက်မယ်ဆိုပြီးတော့ ဥပဒေပြင်ဆင်ရေးဆိုတဲ့ လမ်းကြောင်းတစ်ခုတည်းက မသင့်ဘူးလို့ပြောကြားချင်ပါတယ်”ဟု ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် အခြေအနေကို သိလိုခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက “မြန်မာနိုင်ငံက လူ့အခွင့်အရေးနဲ့ပတ်သက်လာရင် အင်မတန်လေးစားတယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်ရင် လိုအပ်ရင် ကုလသမဂ္ဂနဲ့ ညှိနှိုင်းဆောင်ရွက်တာတွေ ရှိတယ်။ အရွယ်မရွေးကလေးငယ်ကနေ သက်ကြီးရွယ်အိုအထိ လူ့အခွင့်အရေးတွေ အားလုံးကို ဖော်ဆောင်နေတာ ဖြစ်ပါတယ်။ ဒီကိစ္စတွေမှာလည်း လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး အမြဲတမ်းအလေးထားပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်” ဟု ရှင်းလင်း ပြောကြားခဲ့သည်။

**သတင်း- ဝင်းစန္ဒီ**

# စနစ်ကျလယ်ယာမြေ ၃၄၆ ဧက ဖော်ထုတ်

**နေပြည်တော် မေ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော စနစ်ကျလယ်ယာမြေ ၃၄၆ ဧက ဖော်ဆောင်နေသည့် လုပ်ငန်းခွင်နှင့် ပေါင်းလောင်းရေလွှဲဆည်မှ ရေပေးဝေမှု အခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်သည် တာဝန်ရှိသူများနှင့်အတူ မေ ၅ ရက်က သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့သည်။



နေပြည်တော် ကောင်စီဝင်အား စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဝေနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်တို့က လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး နေပြည်တော်ကောင်စီဝင်က မိုးစပါးစိုက်ပျိုးချိန်အမီ စနစ်ကျလယ်ယာမြေဖော်ဆောင်သည့်လုပ်ငန်းများ ပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်**

# ပုသိမ်ကြီး၊ ကျောက်ဆည်၊ အမရပူရ၊ သပိတ်ကျင်းမြို့နယ်တို့မှ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ် ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက် မွန်းလွဲ ၂ နာရီက ပုသိမ်ကြီးမြို့နယ် ကြူဝန်းကျေးရွာ ဆည်တော်လေးသွား လမ်းအရှေ့ဘက်ရှိ ဝင်းမောင်၏ ခြံဝင်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ နေထက်လင်းနှင့် ရင်ဆွေတို့အား တွေ့ရှိရပြီး Nissan Diesel အမျိုးအစား ၁၂ ဘီး ယာဉ်ပေါ်မှ ပီပါ ၂၉ လုံးဖြင့် ထည့်ထားသည့် ဆာလဖျူရစ်အက်စစ် လီတာ ၅၈၀၀၊ ခြံဝင်းအနောက်ဘက်ရှိ မြောင်းထဲမှ ပီပါ ၂၇ လုံးဖြင့် ထည့်ထားသည့် ဆာလဖျူရစ်အက်စစ် ၅၃၀၀ လီတာ၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် Toyota Celica အမျိုးအစား ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သိမ်းဆည်းရမိသော ဆာလဖျူရစ်အက်စစ်များ၏ ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအုပ်စု နားငှောင်းကျကျေးရွာ အမှတ် (က/၄၀)ရှိ တင်ဝင်းဆက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ဖခင်ဖြစ်သူ ဝင်းမောင်အား လက်ကိုင်ဖုန်း တစ်လုံးနှင့် ဆိုင်ကယ်တစ်စီး တို့အား လည်းကောင်း။

အလားတူ ညနေပိုင်းတွင် ယာဉ်ထိန်းတပ်ဖွဲ့စု (၉၂) ကျောက်ဆည်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့ အမှတ် (၈၁) ထွန်စက်စခန်းရှေ့ မန္တလေး-ရန်ကုန်ကားလမ်းဟောင်းတွင် စိုးမိုးအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ၁၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၆၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စိုးမိုးအောင်နှင့် မောင်မျိုး(ခ)ဗာရက်ကလီတို့ တည်းခိုနေထိုင်သည့် အမရပူရမြို့နယ် စွယ်တော်ကြီး ကားကြီးဝင်းအနီးရှိ ရတနာသန့်စံ အဆင့်မြင့်တည်းခိုခန်း အခန်းအမှတ် (၂၀၃) အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ယင်းတည်းခိုခန်းသို့ ရောက်ရှိလာသူ မောင်မျိုး (ခ)ဗာရက်ကလီထံမှ ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား လည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာ သစ်ခွဲပင်ဆိပ်အနီး တွင်းငယ်-မိုးမိတ်သွား ကားလမ်းတွင် ကျော်ဇင်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံး သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




**ဝင်းမောင်၊ နေထက်လင်း၊ ရင်ဆွေတို့အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

## မြန်မာ့ရုပ်မြင်သံကြား

၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ
- ၈း၃၅ - ပညာရေးစကားဝိုင်း "ကာယပညာ၏အခန်းကဏ္ဍ"
- ၉း၁၀ - မြို့ပြမဟုတ်တဲ့ကျေးလက်
- ၉း၃၀ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (အဆိုတော်သရုပ်ဆောင်-အလင်းရောင်)
- ၁၀း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
- ၁၀း၃၅ - One Map Myanmar
- ၁၂း၃၀ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
- ၁၄း၁၅ - မူးယစ်အန္တရာယ် ရှောင်ကြဉ်ဖွယ်
- ၁၅း၀၀ - ထာဝရမေတ္တာဇာတ် (ပထမပိုင်း)

**ညပိုင်း**

- ၁၆း၂၅ - လူ့အသက်၊ အရှိန်လျှော့ မောင်း၊ စတင်လိုက်နာ
- ၁၆း၃၅ - ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၁၀၁)
- ၁၇း၀၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပြဿနာ"
- ၁၇း၃၅ - MRTV Travelogue
- ၁၈း၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "လျှာနှင့်သွား" (ဦးထွန်းထွန်းဝင်း၊ သန်းသန်းစိုး၊ ခရေဖူးပွင့်၊ ဆောင်းရနံ့၊ ပြည့်ဖြိုး၊ ဟန်နီခေတ်)(ဒါရိုက်တာ-သိန်းစိုး (သီဟရတနာ))
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - မုန်တိုင်းဖြစ်ပေါ်ပြီးချိန် ပြုလုပ်ရန် အချက်များ
- ၂၀း၃၅ - ကျန်းမာရေးစကားဝိုင်း "စိတ်ကျန်းမာရေးဆိုင်ရာ ကျန်းမာရေးပညာဆွေးနွေးမှု စကားဝိုင်း"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၃၃)

## လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်ဖြင့် တရားမဝင်သစ် ထုတ်လုပ်နေမှုများအား ဖော်ထုတ် ဖမ်းဆီးလျက်ရှိရာ မေ ၃ ရက်မှ မေ ၅ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပလွေးကြိုးဝိုင်းအကွက်(၇၆)၌ ဆိုင်ကယ် သုံးစီးပေါ်မှ တရားမဝင်ကျွန်းခားရွေ ၀ ဒသမ ၀၈၄ တန်ကို လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့နယ် ကုန်းဘုတ်ကျေးရွာလမ်းဆုံ ကားလမ်းမကြီးပေါ်တွင် မော်တော်ယာဉ် လေးစီးပေါ်မှ တရားမဝင် ပိတောက်သစ် ၈ ဒသမ ၄၁၀၈ တန်နှင့် ပြစ်မှုကျူးလွန်သူ လေးဦးကိုလည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်အမှတ် MDY 2J/--- ယာဉ်ပေါ်မှ တရားမဝင်ပိတောက်ခွဲသား ၂ ဒသမ ၁၇၇၀ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးကိုလည်းကောင်း၊ သီပေါမြို့နယ် အိုရီရမ်တယ်တိုးဂိတ်အနီး မိုင်တိုင်အမှတ် (၁၂၇/၁) မှ (၁၂၇/၂) ကြား၌ မော်တော်ယာဉ်အမှတ် YGN 8C/--- ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၁ ဒသမ ၂၁၁၆ တန်ကို လည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် "ဝ" အထူးဒေသ (၂) နားယောင်းကျေးရွာအနီး မိုင်းဆတ်-တာချီလိတ် သွားကားလမ်း၌ မော်တော်ယာဉ်အမှတ်မပါ Candar ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၁ ဒသမ ၇၀၅ တန်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာ၏ အထက်ဘက် ၁ မိုင်ခန့် အကွာ ချင်းတွင်းမြစ်အတွင်း၌ တရားမဝင် သစ် ၇ ဒသမ ၇၃၆ တန်ကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖော်ထုတ်ဖမ်းဆီး အရေးယူလျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ကိုမျိုး**

## မလှိုင်မြို့နယ်၌ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်၊ နေအိမ် လေးလုံး ဆုံးရှုံး

**မလှိုင် မေ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ညောင်အုပ်ကျေးရွာတွင် မေ ၇ ရက် ညနေ ၃နာရီခွဲခန့်က လျှပ်စစ်ဝိုင်ယာရှော့ကြောင့် မီးလောင်ကျွမ်းရာမှ အဆောက်အအုံ လေးလုံး ဆုံးရှုံးခဲ့ကြောင်း နောကန်နယ်မြေရဲစခန်းမှ သိရသည်။



ဖြစ်စဉ်မှာ မလှိုင်မြို့နယ် နောကန်တိုက်နယ် ညောင်အုပ်ကျေးရွာရှိ ဦးအေးမောင်၏ နေအိမ် မီးဖိုဆောင်အတွင်း၌ လျှပ်စစ်ရေနွေးအိုးဖြင့် ရေနွေးတည်ရာမှ ဝိုင်ယာကြိုးအပူလွန်ကဲ၍ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်ခြင်း ဖြစ်သည်။

မီးလောင်မှုကြောင့် ဦးအေးမောင်၏ သွပ်မိုး၊ ထရံကာ မြေစိုက်လူနေအိမ်တစ်လုံး၊ မြေစိုက်ထရံကာ အိမ်တစ်လုံး၊ မြေစိုက်သွပ်မိုး ထရံကာ တစ်လုံး၊ သွပ်မိုး နံကပ် မြေစိုက် မီးဖိုဆောင်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း နောကန်နယ်မြေရဲစခန်းမှူး ရဲအုပ် အေးမင်းထံက သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ကျေးရွာသူ၊ ကျေးရွာသားများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**


Don't Use Cell Phone While Driving
အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့

## တရားမဝင်သယ်ဆောင်လာသည့် သစ်ခွဲသားများ ဖမ်းဆီးရမိ

**ရိခေါဒါရ် မေ ၇**

ချင်းပြည်နယ် ရိခေါဒါရ်မြို့အထွက်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားမဝင် သယ်ဆောင်လာသည့် ကျွန်းသစ်များ မေ ၄ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရိခေါဒါရ်မြို့နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ် အောင်ဆန်းလင်းနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ရိခေါဒါရ်မြို့မှ တီးတိန်မြို့ဘက်အထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများဆောင်ရွက်နေစဉ် တီးတိန်မြို့နယ် ဟိုင်မွာလ်ရွာသစ်ကျေးရွာမှ ဇင်သဲကျေးရွာသို့သွားသည့် လမ်းဘက်သို့ ချိုးကွေ့သွားသည့် မော်တော်ယာဉ်ကို မသင်္ကာသဖြင့် လိုက်လံစစ်ဆေးခဲ့ရာ ယာဉ်မောင်းကျင်ဆွမ်းမုန် (၂၆ နှစ်) မောင်းနှင်ပြီး ယာဉ်ပိုင်ရှင်ဖြစ်သည့် ကလေးမြို့နယ် ဒိုးဝိုင်းချောင်းကျေးရွာနေ လျန်ကပ်ထန် (၂၆ နှစ်) လိုက်ပါလာသည့် ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် တင်ဆောင်လာသည့် ကျွန်းသစ် သစ်ခွဲသားဆိုက်စုံ ၃၃ တုံး အလေးချိန် သုံးတန်ခန့် တွေ့ရှိသိမ်းဆည်းရမိသဖြင့် တီးတိန်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ပြည်နယ်( ပြန်/ဆက်)**

## ကျိုင်းလပ်၌ တူမီးသေနတ်ဖြင့် ဆော့ကစားရာမှ ကိုးနှစ်အရွယ် ကျောင်းသူတစ်ဦး သေနတ်ထိမှန်

**ကျိုင်းလပ် မေ ၇**

ရှမ်းပြည်နယ် အရှေ့ပိုင်းကျိုင်းလပ်မြို့ ကျခမ်းကျောက်ကျေးရွာအုပ်စု ကျခမ်းဆောင်ကျေးရွာ၌ ယမန်နေ့က ကလေးငယ်တစ်ဦး တူမီးသေနတ်ဖြင့် ဆော့ကစားရာမှ အစ်မဖြစ်သူ ကိုးနှစ် သမီးကို သေနတ်ထိမှန်ခဲ့သည်။

ဖြစ်စဉ်မှာ မေ ၆ ရက် နံနက် ၇ နာရီ ၁၀မိနစ်ခန့်တွင် ကျိုင်းလပ်မြို့ ကျခမ်းကျောက်ကျေးရွာအုပ်စု ကျခမ်းဆောင်ကျေးရွာရှိ ဦးရတု နေအိမ်အတွင်း သားဖြစ်သူ မောင်အေးလီစက်သည် ငါးပေခန့် အမြင့်ရှိ အိမ်နံရံတွင် ချိတ်ဆွဲထားသော နှစ်ပေလေးလက်မခွဲခန့်ရှိ တူးမီးသေနတ်ကို ဖြုတ်ယူဆော့ကစားစဉ် ယမ်းမရှိဟု ထင်မှတ်ပြီး မောင်းခလုတ်အားဆွဲလိုက်ရာ အနီးတွင်ရပ်နေသော အစ်မဖြစ်သူ မချယ်ရီ (၉ နှစ်)ကို ထိမှန်ပြီး ပြင်းထန်စွာဒဏ်ရာများရရှိသဖြင့် ကျိုင်းလပ်ပြည်သူ့ဆေးရုံမှတစ်ဆင့် တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ကန့်ဘလူ၌ တောင်သူလယ်သမားများကြုံတွေ့နေရသော အခက်အခဲများဖြေရှင်းပေးရေး ဆန္ဒဖော်ထုတ်

**ကန့်ဘလူ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ယနေ့ နံနက် ၉ နာရီခွဲက သဖန်းဆိပ်ဆည်ကြီး၏ လက်အောက်ခံ ကင်းတပ်ရေလွှဲဆည် တည်ဆောက်ခဲ့သည့် ဒေသမှ တောင်သူလယ်သမားမိသားစု ၃၀၀ ကျော်၏ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ မြေသိမ်းမိန့်တွင် မပါဝင်ဘဲ မြေသိမ်းခံရခြင်းနှင့် ကန့်ဘလူမြို့ မြေကွက်သစ်ချထားရေးအဖွဲ့၏ မမှန်မကန်သောလုပ်ရပ်များ၊ ၁၉၉၆ ခုနှစ်မှစ၍ ခံစားလာခဲ့ရသော အခြေခံပြည်သူတို့၏ လက်ရှိဘဝကို တတ်စွမ်းသမျှကူညီဖြေရှင်းပေးရန် ဦးသန်းဝင်းအောင် ခေါင်းဆောင်၍ တောင်သူ ၄၅ ဦးတို့ကဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ရာတွင် ကန့်ဘလူမြို့ အမှတ် (၂) ရပ်ကွက် ဦးထွန်းဝင်း နေအိမ်အနီး မြို့နယ်လျှပ်စစ်ရုံး (ကန့်ဘလူ-ကျွန်းလှကားလမ်း) ရှေ့စုရပ်မှ စတင်ကာ ကားကြီးကွင်းလမ်း၊ ရွှေပြည့်စုံလမ်းထောင့်မှ တပင်ရွှေထီးလမ်းအတိုင်း ခရိုင်စုပေါင်းရုံးရှေ့အထိ ဆန္ဒဖော်ထုတ်ခဲ့ကြပြီး အပြန်တွင် တပင်ရွှေထီးလမ်းမှ ဈေးထိပ် (အထက-၁) လမ်းမှ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်းရုံးလမ်းထိပ်အထိ၊ ထိုမှ အထက-၁ ရှေ့လမ်းမှ သစ်ထုတ်ရေးလမ်း၊ ကားကြီးကွင်းလမ်းမှစုရပ်အထိ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ထိုင်းဘုရင် ပထမဆုံးမိန့်ခွန်းတွင် စည်းလုံးညီညွတ်မှုရှိရန် အလေးပေးပြောကြား



နန်းတော်လေသာဆောင်မှ နှုတ်ဆက်နေကြသည့် ထိုင်းတော်ဝင်မိသားစုကို တွေ့ရစဉ်။

**ဗန်ကောက် မေ ၇**

ထိုင်းနိုင်ငံ၏ဘုရင်သစ်သည် နန်းတက်ပွဲပြီးနောက် ပြည်သူများသို့ ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားရာ၌ ပြည်သူများ စည်းလုံးညီညွတ်ကြရန် အလေးပေးပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ နိုင်ငံရေးသည် မကြာသေးမီနှစ်များအတွင်း မတည်မငြိမ်ဖြစ်နေခဲ့သည်။ ထိုင်းဘုရင် ဝဇီရာလောင်ကွန်းနှင့် မိဖုရားဆုသီဒါတို့သည် ဗန်ကောက်မြို့ရှိ နန်းတော်လေသာဆောင်မှနေ၍ ပြည်သူများကို တွေ့ဆုံခဲ့ပြီး နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ပြည်သူများကို မိန့်ခွန်းပြောကြားရာ၌ စည်းလုံးညီညွတ်ကြပါ။ လူတစ်ဦးချင်းစီမှ စတင်လိုက်ပါ။ တိုင်းပြည်အကျိုးစီးပွားအတွက် အချင်းချင်း ညီညွတ်ကြပါဟု ပြောကြားခဲ့သည်။

ထိုင်းဘုရင်သည် ၎င်း၏ဖခမည်းတော် နတ်ရွာစံမှုအတွက် ပြည်သူများ ဝမ်းနည်းကြေကွဲကြသည့်အတွက် ၎င်း၏နန်းတက်ပွဲကို ချက်ချင်းမကျင်းပခဲ့ပေ။ ထိုင်းဘုရင်၏မိန့်ခွန်းကိုနားထောင်ရန် လူပေါင်းထောင်နှင့်ချီ၍ လာခဲ့ကြကြောင်း သိရသည်။

ဘုရင်ကြီးကို တွေ့လိုက်ရတဲ့အခါ လွန်စွာစိတ်လှုပ်ရှားမိကြောင်း၊ လူတိုင်း မတ်တတ်ရပ်ကြပြီး ဘုရင်ကြီးသက်တော်ရှည်ပါစေဟု ဆုတောင်းပေးခဲ့ကြကြောင်း ပတ်ချာရာဝပ်ပဒန်ကစ်က ပြောခဲ့သည်။

ဘုရင်သစ်နန်းတက်ပွဲသည် မတ်လအတွင်းက ပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုင်းဘုရင်သည် အစဉ်အလာအားဖြင့် တိုင်းပြည်၏ နိုင်ငံရေးကိစ္စများတွင် လွှမ်းမိုးနိုင်စွမ်းရှိပြီး ဘုရင်သစ်သည် ၎င်း၏အာဏာကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး ၎င်း၏နောက်ထပ်ခြေလှမ်းများကို စောင့်ကြည့်နေကြသည်။

**အင်န်အိတ်ချ်ကေ**

## ရေငုပ်သင်္ဘောဖျက် ရဟတ်ယာဉ်နှစ်စင်း ဖိလစ်ပိုင်ဝယ်ယူ

**မနီလာ မေ ၇**

ဖိလစ်ပိုင်ရေတပ်ဖွဲ့သည် Augusta Westland AW 159 ရေငုပ်သင်္ဘောဖျက် ရဟတ်ယာဉ် အသစ်နှစ်စင်းကို ဝယ်ယူထားကြောင်း ဖိလစ်ပိုင်ရေတပ်ဖွဲ့အကြီးအကဲက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ရဟတ်ယာဉ်နှစ်စင်းကို မေ ၇ ရက်အစောပိုင်းတွင် ပို့ဆောင်လာခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ရေတပ်ဖွဲ့ ရွက်လှေအသင်းမှ ကွပ်ကဲရေးအဖွဲ့ အကြီးအကဲ ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ရောဘတ်အမ်ပီဒက်ဒ်က ပြောကြားခဲ့ပြီး အဆိုပါ ရဟတ်ယာဉ်သည် ရေတပ်ဖွဲ့ကို ရှာဖွေထောက်လှမ်းရေး အထောက်အကူပြုမည်ဖြစ်ကာ ရေအောက်မှ ပေါ်ပေါက်လာနိုင်သည့် ခြိမ်းခြောက်မှုအန္တရာယ်ကို လျော့ပါးစေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် အဆိုပါရေငုပ်သင်္ဘောဖျက် ရဟတ်ယာဉ်နှစ်စင်းဝယ်ယူမှုနှင့်ရဟတ်ယာဉ်များနှင့် စပ်လျဉ်းသည့် အခြားအရေးကြီးပစ္စည်းကိရိယာများနှင့် ဝန်ဆောင်မှုများအတွက် ဖိလစ်ပိုင်ငွေကြေး ပီဆို ၅ ဒသမ ၄ ဘီလီယံ( အမေရိကန်ဒေါ်လာ ၁၀၄သန်း )တန်ဖိုးခန့်ဖြင့် ပေးချေခဲ့ရသည်ဟု သိရသည်။ AW 159 ရဟတ်ယာဉ်သည် ရှာဖွေထောက်လှမ်းရေးအတွက်သာမက ဒုံးပျံများ၊ စက်သေနတ်များ၊ ဒုံးကျည်များ၊ တော်ပီဒိုများနှင့် ရေငုပ်သင်္ဘောဖျက်ဖောက်ခွဲရေးပစ္စည်းများကိုလည်း တပ်ဆင်အသုံးပြုနိုင်ကြောင်းအမ်ပီဒရက်က ပြောကြားသည်။ ကျွန်းစုနိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်သည် ကမ္ဘာ့အရှည်လျားဆုံး ပင်လယ်ကမ်းရိုးတန်းရှိသည့်နိုင်ငံဖြစ်သည်။

**ဆင်ဟွာ**

## တိုက်ဂါးဝုဒ်ကို အရပ်ဘက်အမြင့်ဆုံး ဂုဏ်ပြုဆုချီးမြှင့်

**နယူးယောက် မေ ၇**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်ကို တိုင်းပြည်၏ အရပ်ဘက်ဆိုင်ရာ အမြင့်ဆုံးထူးချွန်ဆုဖြစ်သည့် လွတ်လပ်မှု သမ္မတရွေးကောက်ပွဲတံဆိပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သမ္မတထရမ့်က တိုက်ဂါးဝုဒ်မှာ ထူးချွန်ထက်မြက်သည့် အမေရိကန်များ၏ သင်္ကေတပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တိုက်ဂါးဝုဒ်ကလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ တိုက်ဂါးဝုဒ်က အနိမ့်အမြင့် အဆိုးအကောင်းတို့အားလုံးကို ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ အကယ်၍သူငယ်ချင်းဖြစ်သူ၏ အကူအညီသာမပါခဲ့လျှင် ယခုလိုနေရာမျိုး၌ မရပ်တည်နိုင်ဟု ပြောကြားခဲ့သည်။ အသက်၄၃ နှစ်အရွယ် တိုက်ဂါးဝုဒ်သည် ဒဏ်ရာပြဿနာများ၊ ပုဂ္ဂိုလ်ရေးရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသူလည်းဖြစ်သည်။ သို့သော် ၎င်းသည်နှစ်ပေါင်း ၁၄ နှစ် အတွင်း ပထမဆုံးအကြိမ်အဖြစ် မာစတာပြိုင်ပွဲတွင် ဆုရရှိခဲ့သည်။ အဆိုပါ ဆုတံဆိပ်သည် အားကစား၊ ယဉ်ကျေးမှုနှင့် အခြားသောနယ်ပယ်များတွင် ကြိုးပမ်းအားထုတ်သူများအတွက် ချီးမြှင့်သောဆုလည်းဖြစ်သည်။ သမ္မတထရမ့်သည် ကမ္ဘာအနှံ့ ကျော်ကြားသည့် ဂေါက်ကွင်းများစွာပိုင်ဆိုင်ပြီး တိုက်ဂါးဝုဒ်နှင့်လည်း အကြိမ်ပေါင်း များစွာ ဂေါက်ရိုက်ကစားခဲ့ဖူးကာ ခင်မင်ရင်းနှီးသည့် မိတ်ဆွေများဖြစ်ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဂျာမနီ၌ ကလေးများကို ဝက်သက်ကာကွယ်ဆေးထိုးရန် ငြင်းဆန်ပါက မိဘများကို ဒဏ်ကြေးချမည်

**ဘာလင် မေ ၇**

ဂျာမနီရှိ မိဘများသည် ၎င်းတို့၏ ကလေးများကို ဝက်သက်ကာကွယ်ဆေးထိုးရန် ငြင်းဆန်ပါက ယူရို ၂၅၀၀ ထိ ဒဏ်ကြေး ချမှတ်ခံရဖွယ်ရှိကြောင်း ကျန်းမာရေးဝန်ကြီး Jens Spahn တင်ပြသော ဥပဒေကြမ်းတွင် ပါရှိသည်။ ဝက်သက်ကာကွယ်ဆေးထိုးမထားသော ကလေးများကိုနေ့ကလေးထိန်းစောင့်ရှောက်ရေးကျောင်းများသို့ ဝင်ခွင့်မပေးရန် ကျန်းမာရေးဝန်ကြီးဌာနက အဆိုပြုထားသည်။ ဝက်သက်ရောဂါကို အမြစ်ပြတ်အောင် လုပ်ဆောင်သွားမည်ဟု Jens Spahn က Bild am Sonntag သတင်းစာကို ပြောသည်။ ၂၀၁၈ ခုနှစ် မတ်လမှ ယခုနှစ် ဖေဖော်ဝါရီလအတွင်း စာရင်းကောက်ယူမှုများအရ ဂျာမနီနိုင်ငံသည် အီးယူနိုင်ငံများအတွင်း ဝက်သက်ရောဂါဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်သည်။ ရောဂါကူးစက်ခံရသူ ၆၅၁ ဦးရှိကြောင်း ဥရောပရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေး စင်တာကပြောသည်။

**ဆင်ဟွာ**

# အိမ်ထောင်ရေးဖောက်ပြန်သူများနှင့် လိင်တူချစ်သူများကို ကျောက်တုံးဖြင့် သေဒဏ်ပေးမည့်အစီအစဉ်ကို ဘရူနိုင်းယာယီရွှေ့ဆိုင်း

**ဘန်ဒါဆီရီဘီဂါဝန် မေ ၇**

ဘရူနိုင်းနိုင်ငံ၌ အိမ်ထောင်ရေးဖောက်ပြန်သူများနှင့် လိင်တူချစ်သူများကို မသေမချင်း ကျောက်တုံးဖြင့် ထုသတ်ကာ ပြစ်ဒဏ်ပေးမည့် အစီအစဉ်ကို ဘရူနိုင်းဘုရင်စူလ်တန်ဟာဆာနယ်လ်ဘိုကီယာက ယာယီရပ်ဆိုင်းထားလိုက်ကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းထံမှ ဝေဖန်မှုများ ပေါ်ထွက်လာပြီးနောက်တွင် ယင်းပြစ်ဒဏ်ကို ယာယီရပ်ဆိုင်းထားလိုက်ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ဘရူနိုင်းဘုရင်မင်းမြတ်ဟာဆာနယ်လ် ဘိုကီယာသည် အစ္စလာမ္မစ်ဥပဒေကို နိုင်ငံ၏ ပြစ်မှုဆိုင်ရာ ဥပဒေသစ်အတွင်းသို့ အပြည့်အဝထည့်သွင်းရန် ကြိုးပမ်းနေသော်လည်း သေဒဏ်ပေးသည့် ပြစ်ဒဏ်ယာယီရွှေ့ဆိုင်းမှု အချိန်ကာလကို ထပ်တိုးရန် ကြိုးပမ်းလျက်ရှိသည်။



ဘရူနိုင်းဘုရင် စူလ်တန်ဟာဆာနယ်လ်ဘိုကီယာ။

ရှာရီယာ ဥပဒေအကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ပေါ်ထွက်လာသည့် အထင်အမြင် လွဲမှားခြင်းများနှင့် မေးခွန်းပေါင်း မြောက်မြားစွာကို သတိပြုနေရကြောင်း စူလ်တန်ဟာဆာနယ်လ်ဘိုကီယာက ပြောကြားခဲ့သည်။ သို့သော်လည်း အထင်အမြင်လွဲမှားမှုများကို ဖြေရှင်းပြီးသွားချိန် ရောက်သည့်အခါ ယင်းဥပဒေကို အထင်အရှားဖြစ်စေမည်ဖြစ်ကြောင်း ဘုရင်မင်းမြတ်က အလေးအနက် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလား အာဏာသိမ်းကြိုးပမ်းမှုတွင် ငါးဦးသေဆုံး

**ကရာကတ် မေ ၇**

ဗင်နီဇွဲလားနိုင်ငံတွင် ဧပြီ ၃၀ ရက် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်ပွားပြီးနောက် အနည်းဆုံး ငါးဦးသေဆုံးခဲ့ပြီး ၂၃၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဗင်နီဇွဲလားနိုင်ငံ ရှေ့နေချုပ် ဝီလီယံဆတ်ဘ်က ယမန်နေ့က ပြောသည်။

အဆိုပါ အာဏာသိမ်းကြိုးပမ်းမှုကို အတိုက်အခံခေါင်းဆောင်များဖြစ်သော လီယိုပေါလ်ဒိုလိုပက်ဇ်နှင့် ဂျူအန်ဂွိုက်ဒို၏ လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာကြောင်း သိရပြီး ပုန်ကန်သူစစ်သားများကလည်း ထောက်ခံခဲ့ကြောင်း ဆတ်ဘ်က ဒေသတွင် ရုပ်မြင်သံကြားသို့ ပြောခဲ့သည်။

ပြည်နယ်ရှေ့နေချုပ်ရုံးက ၁၈ ဦးအား ဝရမ်းထုတ်ထားပြီး စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူအချို့ ပါဝင်ကြောင်း ရှေ့နေချုပ်က ပြောကြားသည်။

ထို့အပြင် အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် ပြည်ထောင်စု ဥပဒေပြု နန်းတော်အဆောက်အအုံရှိ ဘိုလီဗာရီးယမ်းအမျိုးသား လုံခြုံရေးတပ်ဖွဲ့အကြီးအကဲဟောင်း အီလစ်ချ်ဆန်ချက်ဇ်ဖာရီးယက်စ်လည်း ပါဝင်ကြောင်း ရှေ့နေချုပ်က ဆက်လက်ပြောကြားသည်။

ဆန်ချက်ဇ်သည် ၎င်း၏တပ်သားများကို ပုံမှန်စစ်ဆင်ရေးတစ်ခုလုပ်ဆောင်ရန်ဟုပြောကာ လှည့်ဖြားခဲ့ခြင်း ဖြစ်ကြောင်း၊၎င်းက အဆိုပါ တပ်သားများကို ဂျူအန်ဂွိုက်ဒိုတို့ဆီသို့ ခေါ်ဆောင်သွားခဲ့ကြောင်း စုံစမ်းစစ်ဆေးရေး အာဏာပိုင်များအဆိုအရ သိရသည်။

**ဆင်ဟွာ**



ဗင်နီဇွဲလား ဆန္ဒပြလူအုပ်ကြီးကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားအရေး အာဘေးနှင့်ထရမ့်တို့ ဖုန်းဖြင့်ဆွေးနွေး

**တိုကျို မေ ၇**

မြောက်ကိုရီးယားနိုင်ငံသည် မေ ၄ ရက်က နိုင်ငံအရှေ့ဘက်တွင် တာတိုပစ် ဒုံးကျည် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇို အာဘေးနှင့်အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်တို့ ယမန်နေ့က ဖုန်းဖြင့်ဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည် ပစ်လွှတ်စမ်းသပ်ခဲ့သည့် မေ ၄ ရက် ကတည်းက တစ်ဖက်နှင့် တစ်ဖက် အချက်အလက်များ အပြန်အလှန် ဖလှယ်ခဲ့ကြောင်း ဂျပန်အစိုးရ အရာရှိများက ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြောက်ကိုရီးယားခေါင်းဆောင်အား မည်သည့် ကြိုတင်ကန့်သတ်ချက်မှုမရှိသည့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို မြောက်ကိုရီးယားနိုင်ငံနှင့် ဆွေးနွေးရာတွင် ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း လုပ်ဆောင်ခဲ့သည့် ပုံစံမျိုးဖြင့်သာ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခင်ကအရိပ်အမြွက် ပြောခဲ့သည်။

**ဆင်ဟွာ**

### ဗင်နီဇွဲလားအား စစ်ရေးနည်းလမ်းဖြင့် အဖြေရှာခြင်းကို ရုရှားကန့်ကွက်

**မော်စကို မေ ၇**

ဗင်နီဇွဲလားနိုင်ငံ အကျပ်အတည်းအပေါ် စစ်ရေးနည်းဖြင့် အဖြေရှာခြင်းအား ဆန့်ကျင်ကန့်ကွက်ကြောင်း ယမန်နေ့က ဖင်လန်နိုင်ငံ ရိုဗာနေးမီမြို့၌ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မိုက်ပွန်ပီအိုနှင့်တွေ့ဆုံစဉ် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဆာဂျီက ပြောသည်။

မည်သည့်နေရာတွင်မဆို နိုင်ငံတကာဥပဒေကို ချိုးဖောက်ပြီး စစ်ရေးနည်းဖြင့် အရေးယူခြင်းကို မိမိတို့ဆန့်ကျင်ကြောင်း၊ အင်အားသုံးရေး အခွင့်အာဏာသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီလက်ထဲတွင်သာရှိကြောင်း လက်ဗ်ရော့ဗ်က သတင်းထောက်များကို ပြောသည်။

စစ်ရေးအားဖြင့် အဖြေရှာမည့်နည်းလမ်းကို ထောက်ခံကြတာ မတွေ့မိကြောင်း၊ အဆိုပါ နည်းလမ်းသည် ကောင်းမွန်သော နည်းလမ်းမဟုတ်ကြောင်း လက်ဗ်ရော့ဗ်၏ ပြောကြားချက်ကိုရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယခုကိစ္စကို အမေရိကန်သံတမန်များ အပါအဝင် သက်ဆိုင်ရာအားလုံးက နားလည်မှုရှိမည်ဟု မျှော်လင့်ကြောင်း၊ စစ်ရေးနည်းလမ်းဖြင့် လုပ်ဆောင်မည့် မူဝါဒသည် ကပ်ဘေးဆိုးကြီးအဖြစ်သာ ပြောင်းလဲသွားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် အီရန်တို့ စစ်ရေးတင်းမာလာချိန်

**ချူးစန္ဒီနွေး**

**အမေရိကန် လေယာဉ်တင်စစ်သင်္ဘော ယူအက်စ်အက်စ်အေဘရာဟင်လင်ကွန်းနဲ့ ဗုံးကြဲလေယာဉ်တွေကို မေ ၆ ရက်က ပါရှန်းပင်လယ်ကွေ့မှာ တပ်ဖြန့်ချထားခဲ့ပါတယ်။ အဲဒီလိုလုပ်ရခြင်း အကြောင်းရင်းကတော့ အီရန်တို့က အီရတ်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ခြိမ်းခြောက်မှုပြုတာကြောင့်ရယ်၊ အီရန်ဘက်က ရန်ပြုလာနိုင်တယ်လို့ အလားအလာရှိတာကြောင့် ဒီလိုလုပ်ရခြင်းဖြစ်တယ်လို့ အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်တန်က တနင်္ဂနွေနေ့မှာ ပြောကြားခဲ့ပါတယ်။**

### အသေးစိတ်မဖော်ပြ

ပြီးခဲ့တဲ့သောကြာနေ့ကစလို့ အီရန်နဲ့ မဟာမိတ်ယူထားတဲ့ တပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုသတင်းတွေကို တွေ့ရှိပြီးတဲ့နောက်မှာတော့ အိမ်ဖြူတော်နဲ့ ပင်တဂွန်စစ်ဌာနချုပ်တို့ဟာ ဒီလိုဆုံးဖြတ်ချက်ချခဲ့ရတာပဲဖြစ်တယ်လို့ အဆင့်မြင့်အရာရှိကြီး နှစ်ဦးက ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အီရန်ရေတပ်တပ်ဖွဲ့တွေ စစ်ဆင်ရေး ပြုလုပ်တဲ့ရေကြောင်းကိုလည်းစိုးရိမ်ရတယ်လို့ အမေရိကန်အရာရှိကြီးတစ်ဦးက ပြောပါတယ်။

အီရန်တပ်ဖွဲ့ဝင်တွေ သို့မဟုတ် အီရန်နဲ့ ချိတ်ဆက်မှုရှိတဲ့ အီရတ်ရှီးယိုက်စစ်သွေးကြွတွေက ပြုလုပ်တဲ့ ခြိမ်းခြောက်မှုတွေက ဘာတွေလဲဆိုတာကို အသေးစိတ် ဖော်ပြသွားခဲ့ခြင်းတော့ မရှိပါဘူး။ အီရတ်မှာရှိတဲ့ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့မှ ဗိုလ်မှူးကြီး စကောက်ရောလစ်ဆင်ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး မှတ်ချက်ပြုပြောကြားခဲ့တာမျိုး မရှိပါဘူး။ အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့လှုပ်ရှားမှုသတင်းကို အမျိုးသားလုံခြုံရေးအကြံပေးဂျွန်ဘော်တန်က ကြေညာသွားခဲ့တာပါ။

### ချက်ချင်းလက်တုံ့ပြန်မယ်

လေယာဉ်တင်သင်္ဘောဖြစ်တဲ့ ယူအက်စ်အက်စ်အေဘရာဟင်လင်ကွန်းကို လွှတ်လိုက်တာဆိုရင် အမေရိကန်ရဲ့အကျိုးစီးပွားနဲ့ အမေရိကန်ရဲ့ မဟာမိတ်တွေကို ထိပါးလာရင် ချက်ချင်းလက်တုံ့ပြန်မှုတွေနဲ့ ကြုံတွေ့ရလိမ့်မယ်လို့ အီရန်ခေါင်းဆောင်ပိုင်းကို သတင်းပါးလိုက်ခြင်းပဲ ဖြစ်ပါတယ်လို့ မစ္စတာဂျွန်ဘော်တန်က ပြောပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အီရန်နဲ့ စစ်ဖြစ်ပွားဖို့ ရည်ရွယ်ချက်မရှိဘူး။ ဒါပေမယ့် အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့ကပဲဖြစ်ဖြစ်၊ အီရန်တပ်ဖွဲ့ကပဲဖြစ်ဖြစ် ပြုလုပ်လာတဲ့ဘယ်လိုတိုက်ခိုက်မှုမျိုးကိုမဆို ပြန်လည်တုံ့ပြန်သွားဖို့ အသင့်ပြင်ထားတာပါလို့ ပြောခဲ့ပါတယ်။

### တပ်ဖွဲ့ဝင်တွေ ဆက်လက်ထားရှိ

ယခုနှစ်အစောပိုင်းတုန်းကလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ မစ္စတာဂျွန်ဘော်တန် တင်ပြတဲ့အဆိုကို လက်ခံခဲ့ပါတယ်။ အဲဒါကတော့ အီရန်ကို စောင့်ကြည့်ဖို့ အီရတ်မှာ အမေရိကန်တပ်ဖွဲ့ဝင် ၅၂၀၀ ကို ဆက်လက်ထားရှိသင့်တယ်ဆိုတဲ့ အကြံပါပဲ။ အီရတ်ခေါင်းဆောင်တွေကလည်းချက်ချင်းပဲ တုံ့ပြန်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အီရတ်မှာရှိတဲ့ သူ့ရဲ့တပ်ဖွဲ့ဝင်တွေကို အသုံးပြုပြီး အီရန်ကို အထီးကျန်နိုင်ငံဖြစ်အောင် ပိုမိုလုပ်ဆောင်မှာကို စိုးရိမ်တယ်လို့ ပြောကြပါတယ်။ အဲဒီအချိန်မှာပဲ အမေရိကန်သမ္မတဟာ အီရတ်နိုင်ငံ အနောက်ပိုင်း အယ်အဆတ် စစ်အခြေစိုက်စခန်းမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ကြည့်ဖို့ ဒီဇင်ဘာလအတွင်းမှာ သွားရောက်ခဲ့ပါတယ်။

### အသုံးချနေတာလား

အီရတ်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အီရန်နဲ့ မဟာမိတ်အဖွဲ့တွေက တိုက်ခိုက်ဖို့ လုပ်နေတယ်ဆိုတဲ့သတင်းကြောင့် အီရတ်နိုင်ငံရေးသမားတွေမှာ မေးခွန်းတွေရှိလာပါတယ်။ အဲဒါကတော့ ထရမ့်အစိုးရအဖွဲ့ဟာ အီရန်ကို ဆန့်ကျင်ဖို့အတွက် စစ်ရေးအရ ပါဝင်စွက်ဖက်မှုကို အသုံးချနေတာလားဆိုတာပါပဲ။ အမေရိကန်ဘက်ကရရှိတဲ့ သတင်းတွေအရတော့ အီရန်က တော်လှန်ရေးအစောင့်တပ်နဲ့ အီရတ်မှာရှိတဲ့ အီရန်နဲ့ ဆက်စပ်တဲ့အဖွဲ့တွေရဲ့ လှုပ်ရှားမှုဟာ



ပါရှန်ပင်လယ်ကွေ့ရောက်နေသော လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း။

စိုးရိမ်စရာကောင်းတယ်လို့ အမေရိကန်အဆင့်မြင့်အရာရှိ နှစ်ဦးက ပြောပါတယ်။

### အကြမ်းဖက်အုပ်စုအဖြစ် စာရင်းသွင်း

အီရတ်မှာရှိတဲ့ စစ်သွေးကြွတွေကို တိုက်ထုတ်တုန်းက အီရတ်အစိုးရရဲ့ရှီးယိုက်တပ်ဖွဲ့တွေ၊ ပြည်သူ့စစ်အဖွဲ့တွေကို အီရန်စောင့်တပ်ဖြစ်တဲ့ Quds Force က အကူအညီပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့လအတွင်းကပဲ အီရန်တော်လှန်ရေးအစောင့်တပ်ကို အမေရိကန်ဘက်က အကြမ်းဖက်အုပ်စုအဖြစ် စာရင်းသွင်းခဲ့ပါတယ်။ ဒါကြောင့် အဲဒီအဖွဲ့က လူတွေကို ခရီးသွားလာခွင့် ပိတ်ပင်တာ၊ စီးပွားရေးအရ ပိတ်ဆို့မှုတွေ ပြုလုပ်တာမျိုးတွေ လုပ်ဆောင်ခဲ့ပါတယ်။ မစ္စတာဂျွန်ဘော်တန်နဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုတို့က ဒီလိုမျိုး အကြမ်းဖက်အုပ်စု စာရင်းသွင်းတာကို လုပ်ဆောင်ခဲ့ကြစဉ်မှာပဲ ကာကွယ်ရေးနဲ့ သတင်းအချက်အလက် အရာရှိတွေကတော့ အကြမ်းဖက်အုပ်စု စာရင်းသွင်းတာကို ဆန့်ကျင်ခဲ့ကြပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဦးတည်ပြီး အီရန်ဘက်က လက်တုံ့ပြန်လာမှာကို စိုးရိမ်ခဲ့ကြပါတယ်။

### အီရန်ဘက်က တုံ့ပြန်မှု

ပြီးခဲ့တဲ့ အင်္ဂါနေ့မှာတော့ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေအားလုံးကို အကြမ်းဖက်သမားများအဖြစ် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုကိုလည်း အကြမ်းဖက်သမားများကို ထောက်ပံ့ပေးနေတဲ့ နိုင်ငံအဖြစ်လည်းကောင်း ကြေညာတဲ့ ဥပဒေကြမ်းမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဂျွန်ဟော့ကင်းကျောင်းမှ အပြည်ပြည်ဆိုင်ရာ လေ့လာရေးဌာနမှူးဖြစ်သူ ဗီလာနက်စ်ကတော့ အီရန်ဟာ အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တို့ကို တိုက်ခိုက်ဖို့လှုပ်ရှားနေတယ်ဆိုတဲ့ သက်သေအထောက်အထားကို အမေရိကန်က အခုအချိန်အထိ ပြသခြင်း မရှိသေးဘူးလို့ ပြောပါတယ်။ အမေရိကန်သမ္မတထရမ့်ဖြစ်လာကတည်းက အီရန်နဲ့ ဆက်ဆံရေးဟာ တောက်လျှောက်ဆိုးသလို ဆိုးရွားခဲ့ပါတယ်။ ဖလော်ရီဒါက ရီပတ်ဗလစ်ကန်အမတ်နဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ မာကိုရူဘိုင်အိုက စစ်သွေးကြွတွေနဲ့ အီရန်တော်လှန်ရေးအစောင့်တပ်တို့ အကြောင်းသတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အီရန်တော်လှန်ရေး အစောင့်တပ်ကပဲဖြစ်ဖြစ် ဒါမှမဟုတ် ကြားကိုယ်စားလှယ်အဖြစ် ရှီးယိုက်စစ်သွေးကြွ၊ ဟူသီနဲ့ဟစ်ဇ်ဘိုလာတို့က တိုက်ခိုက်မှု ပြုလာခဲ့ရင် အဲဒီအတွက် အီရန်ခေါင်းဆောင်ပိုင်းမှာ တာဝန်ရှိတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ ထရမ့်အစိုးရ အဖွဲ့ကတော့ အီရန်ကို လက်ဘနွန်မှာရှိတဲ့ ဟစ်ဇ်ဘိုလာတွေကို ထောက်ပံ့ပေးမှု၊ ယီမင်မှာရှိတဲ့ ဟူသီသူပုန်တွေကို ထောက်ပံ့ပေးမှုတို့ကြောင့် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။

### အငြင်းပွားမှုပေါ်ပေါက်

အီရတ်မှာရှိတဲ့ ရှီးယိုက်ပြည်သူ့စစ်တွေကို နိုင်ငံခြားအကြမ်းဖက်သမားများအဖြစ် သတ်မှတ်ရေးတဲ့ ပတ်သက်ပြီး အမေရိကန်အရာရှိတွေကြားမှာ အငြင်းပွားမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။ အမေရိကန်နဲ့ ရင်းနှီးတဲ့ အီရတ်အရာရှိတွေကလည်း ဒီလိုမျိုး လုပ်ဆောင်တာကို ငြင်းဆန်ကြပါတယ်။ အီရန်နဲ့ အီရန်ကအထောက်အပံ့ ပြုထားတဲ့တပ်ဖွဲ့တွေဟာ မကြာသေးမီနှစ်များအတွင်း အမေရိကန်တပ်ဖွဲ့တွေကို တိုက်ခိုက်တာမျိုး မလုပ်ပါဘူး။ ရှောင်ရှားထားကြပါတယ်။ အီရတ်ပြည်သူ့စစ်တွေကိုတော့ အီရန်တပ်ဖွဲ့က လေ့ကျင့်ပေးထားတာဖြစ်ပါတယ်။

၂၀၀၀ ပြည့်နှစ်ဝန်းကျင် အီရတ်စစ်ပွဲမှာ အီရန်စစ်ဘက်ဆိုင်ရာ အရာရှိကြီးတွေဟာ အီရတ်ရှီးယိုက်ပြည်သူ့စစ်တွေက အမေရိကန်တွေကို တိုက်ခိုက်နိုင်ဖို့အရေး လေ့ကျင့်ကူညီပေးခဲ့ပါတယ်။

### အဆိုးဆုံးအချိန်

ဒါ့အပြင် အမေရိကန်သံချပ်ကာ ကားတွေဖျက်နိုင်ဖို့ ပေါက်ကွဲအားပြင်းတဲ့ လက်နက်တွေကိုလည်း အကူအညီ ပေးခဲ့ပါတယ်။ အီရန်က အထောက်အပံ့ပေးထားတဲ့ အီရတ်တိုက်ခိုက်ရေးသမားတွေရဲ့လက်ချက်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၆၀၃ ဦးထက်မနည်း သေဆုံးခဲ့ရတယ်လို့ ပင်တဂွန်ဌာနချုပ်က ပြောပါတယ်။

လွန်ခဲ့တဲ့တစ်နှစ်ခန့် အီရန်နျူကလီးယားစာချုပ်ကနေ အမေရိကန်နုတ်ထွက်ပြီး ချိန်ကစလို့ အီရန်နဲ့ အမေရိကန်တို့ရဲ့ ဆက်ဆံရေးဟာ တောက်လျှောက်ဆိုးသလို တင်းမာခဲ့ရာ အခုအချိန်ဟာ အဆိုးဆုံးလို့ ဆိုရမှာပါပဲ။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

> “ယခုနှစ်အစောပိုင်းတုန်းကလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ မစ္စတာဂျွန်ဘော်တန် တင်ပြတဲ့အဆိုကို လက်ခံခဲ့ပါတယ်။ အဲဒါကတော့ အီရန်ကို စောင့်ကြည့်ဖို့ အီရတ်မှာ အမေရိကန်တပ်ဖွဲ့ဝင် ၅၂၀၀ ကို ဆက်လက်ထားရှိသင့်တယ်ဆိုတဲ့ အကြံပါပဲ”

# လွိုင်ကော်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကိစ္စ ဖြေရှင်းရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ၌ တည်ဆောက်ထားသည့် လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုထားရှိမှုနှင့်ပတ်သက်သည့် ဖြေရှင်းရေးညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**လွိုင်ကော် မေ ၇**

ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ၌ တည်ဆောက်ထားသည့် လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုထားရှိမှုနှင့် ပတ်သက်သည့် ဖြေရှင်းရေးညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ကိန္နရာ ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားပြီး သပိတ်ကော်မတီမှ ကိုယ်စားလှယ် ခူးကြူး ဖဲကေး၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ဒုတိယ ဥက္ကဋ္ဌ ခူဦးရယ်၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ကယားပြည်နယ် အစိုးရအဖွဲ့က ရှင်းလင်းဆွေးနွေးခြင်း၊ သပိတ်ကော်မတီက ရှင်းလင်းဆွေးနွေး ခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်း၊ အထွေထွေဆွေးနွေးခြင်းများဆောင်ရွက်ကြပြီးသဘောတူညီချက်များရရှိခဲ့ကြသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကိစ္စ ဖြေရှင်းရေးညှိနှိုင်း အစည်းအဝေးသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စား နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ (KNPP) မှ ဒုတိယ ဥက္ကဋ္ဌ ခူဦးရယ်၊ အမြဲတမ်းပါတီ ဗဟိုကော်မတီဝင် ဦးဘုန်းနိုင်၊ လွိုင်ကော် ပင်မဆက်ဆံရေးရုံး တာဝန်ခံ ဦးတာဂေချိုင်း၊ ဗဟို ကော်မတီဝင် ခူဆေးရယ်၊ သပိတ်ကော်မတီ ကိုယ်စားလှယ် ကော်ယော် အမျိုးသား လူငယ်အစည်းအရုံးမှ ဒေါ်မေဇင်လတ်၊ ကယန်းအမျိုးသမီး အစည်းအရုံးမှ ဒေါ်အိန်ဂျလာ၊ ကရင်နီ အမျိုးသား လူငယ်အစည်းအရုံးမှ ခူးကြူးဖဲကေး၊ ကရင်နီပြည်တောင်သူလယ်သမားများ သမဂ္ဂမှ ဒီးဒီး (ခ) စစ်မုန်း၊ ကယန်း မျိုးဆက်သစ်လူငယ်မှ လီဝါး ခွန်သောမတ် (စ်)၊ ကယားလီဖု လူငယ်အဖွဲ့ အဖွဲ့ဝင် ခူးရီးရယ်၊ ကယားလီဖု လူငယ်အဖွဲ့ အဖွဲ့ဝင် ခူးပိုးရယ်တို့ တက်ရောက်ကြပြီး အသိသက်သေများ အဖြစ် လွိုင်ကော်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်စည်သူ၊ ဖရူဆိုမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးသဲရယ်၊ ဦးထွန်းကျော်၊ မြို့မမြို့ဖ ဦးကြည်စိန်၊ ကယန်းအမျိုးသား တိုးတက်ရေးပါတီ ဥက္ကဋ္ဌ ခွန်ဘီထူး၊ ကက်သလစ်သာသနာ ဘုန်းတော်ကြီးကျောင်း (RC) ဆရာတော် ဖိလစ်အောင်ငဲ၊ ကက်သလစ် သာသနာ (RC) ဆရာတော် ပီတာရှုအိ၊ မင်္ဂလာကျောင်း (နှစ်ခြင်း) ဆရာတော် ခူးရယ်ကျော်ထူး၊ ဦးသိန်းအောင်၊ ဦးကျော်ဝဏ္ဏအောင်၊ ဦးခွန်းမြင့်နိုင်၊ ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်းအေးမောင်တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**လွိုင်ကော်သား**



ရမ်းဗြဲမြို့နယ် ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲ ကျင်းပစဉ်။ ရမ်းဗြဲ(ပြန်/ဆက်)

## ရမ်းဗြဲမြို့နယ် ချောင်းနယ် - ပြင်ရှည် ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

**ရမ်းဗြဲ မေ ၇**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ ဂျပန်နိုင်ငံ အစိုးရ၏ အထောက်အပံ့ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP – Myanmar)တို့ ပူးပေါင်းအကောင်အထည်ဖော်သည့် ရမ်းဗြဲမြို့နယ် ချောင်းနယ်-ပြင်ရှည် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖွင့်ပွဲကို ပြင်ရှည်ကျေးရွာ၌ ယနေ့ နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ နည်းပညာဆိုင်ရာ အကြံပေးအရာရှိ Ms. Anki Delinas က လမ်းဖောက်လုပ်ပြီးစီးခဲ့မှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ကျောက်ချောလမ်းသစ်ကို တာဝန်ယူဆောက်လုပ်ခဲ့သည့် လင်းလက်ဝတီ ကုမ္ပဏီက ရမ်းဗြဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ကျောက်ချောလမ်းသစ်သည် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၀ ပေ ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ နည်းပညာဆိုင်ရာ အကြံပေးအရာရှိတို့က ချောင်းနယ် - ပြင်ရှည်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ဇင်ဦး (မြန်မာ့အလင်း)**

## ရေရှားပါးသောကျေးရွာများသို့ ရှမ်းပြည်နယ်ဝန်ကြီးများ ကွင်းဆင်းကြည့်ရှု

**ဆီဆိုင် မေ ၇**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းနှင့် ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်တို့သည် ယမန်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာ အုပ်စုရှိ ရေအလွန်ရှားပါးသည့် ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာ အုပ်စုအတွင်းရှိ သွားလာရန်ခက်ခဲပြီး ဆင်းရဲနွမ်းပါးကာ သောက်သုံးရေအလွန်ရှားပါး သော ဖာလိုင်(ရှေ့)ကျေးရွာနှင့် ဖာလိုင်(နောက်)ကျေးရွာသို့ သောက်သုံးရေရရှိမှု၊ ရေသုံးစွဲနေမှုအခြေအနေများနှင့် မြေသားရေလှောင်ကန်မှ ရေရရှိနိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

"ရေလုံလောက်မှုမရှိတဲ့အတွက် ရေစနစ်တကျပေးနိုင်ဖို့နဲ့ အိမ်တိုင်းစေ့ ရေရရှိဖို့က ဒီရေထွက်ကို အချိန်ပိုင်း သတ်မှတ်ပြီး ၂၄ နာရီအလှည့်ကျ စောင့်ကြပ်ဖြန့်ဝေ ပေးပါတယ်။ ရေတစ်ဘူး ရရှိဖို့အတွက် အချိန်တစ်နာရီ ကြာမြင့်ပါတယ်။ ကျွန်တော်တို့ ဒီနှစ်ရွာပေါင်းမှ ဒီရေထွက်တစ်ခုပဲရှိတယ်" ဟု ဒေသခံခွန်လှမောင်က ပြောသည်။ အဆိုပါ ကျေးရွာနှစ်ရွာသည် အိမ်ခြေ ၉၆ အိမ်၊ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၄၈၆ ဦးခန့်မှာ နှစ်စဉ်နှစ်တိုင်း မတ်လမှ ဇွန်လအထိ ရေရှားပါးမှုဒဏ်ကို နှစ်စဉ် ခံစားနေရကြောင်း သိရသည်။

ရေအခက်အခဲရှိသည့် အဆိုပါကျေးရွာများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ နှစ်ရက်ခြားတစ်ကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် ရေဂါလန် ၁၅၀၀ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး (ဆီဆိုင်)**



ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်နိုင်ထွန်းနှင့် အဖွဲ့ မေ ၅ ရက်မှ ၈ ရက်အထိ ကော့ကရိတ်၊ ကျုံဒိုး၊ တောင်ကြာအင်း၊ လောင်းကိုင်၊ ကြာအင်းဆိပ်ကြီးနှင့် ဘုရားသုံးဆူမြို့နယ်များအထိ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် မှုခင်းပညာပေးယာဉ်ဖြင့် လှည့်လှည်ဟောပြောစဉ်။ တင်မောင်နိုင်




## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် အလှူတော်ငွေ လှူဒါန်း

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်း ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် မန္တလေးမြို့ မဟာမုနိအရှေ့စောင်းတန်း၊ တရားမဏ္ဍပ်၌ မေ ၃ ရက်က ငါးကျမ်းတိုက် အေးရိပ်မြိုင်နိုင်လွန်ကျောင်း ဦးလာသန (နယ်လှည့်ဓမ္မကထိက) က မန္တလေးမြို့ ၁၆ လမ်းနေ ခမည်းတော် - မယ်တော်နှင့် ရဟန်းအမများအား အမှူးထား၍ အလှူတော်ငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့ဝင်များအား လှူဒါန်းစဉ်။

မန္တလေး (ကိုယ်ပွား)

## စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မီးလောင်မှု ၁၀၉ ကြိမ်ဖြစ်ပွားပြီး ငွေကျပ်သိန်း ၇၃၀ ကျော် ဆုံးရှုံး

**မုံရွာ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအတွင်း မီးလောင်မှု ၁၀၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၇၃၂၂၄၄၀၀ ဆုံးရှုံးမှုရှိခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

"အခုနောက်ပိုင်းမှာ အဖြစ်များလာတာကတော့ လျှပ်စစ်အင်ဗာတာကနေဖြစ်တဲ့ မီးလောင်မှုက အဖြစ်များလာတယ်။ အခုအခြေအနေမှာက ရာသီဥတုကလည်း ပူတယ်။ ရာသီဥတုပူလာတဲ့နောက်မှာ လျှပ်စစ်မီးသုံးစွဲမှု၊ အိမ်တွင်းမီးသုံးစွဲမှုတွေကပိုများလာတယ်။ လျှပ်စစ်မီးပဲဖြစ်ဖြစ်၊ တခြားဂက်စ်မီးပဲဖြစ်ဖြစ် သုံးစွဲတဲ့ အချိန်မှာ သတိထားပြီး သုံးစွဲကြဖို့၊ သုံးစွဲပြီးရင်လည်း စနစ်တကျနဲ့ ပြန်ပိတ်ကြဖို့၊ ငြိမ်းသတ်ကြဖို့ ပြောချင်တယ်"ဟု ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းမှ မီးလောင်ကျွမ်းမှုမှာ မီးဖိုမီး၊ ပေါ့ဆမီး၊ လျှပ်စစ်မီး၊ ရှို့မီး၊ အလိုအလျောက်မီး၊ တောမီး လောင်ကျွမ်းမှုတို့ရှိခဲ့ပြီး ခရိုင်အလိုက် မုံရွာခရိုင်တွင် ၃၅ ကြိမ်၊ စစ်ကိုင်းခရိုင် တွင် ၁၃ ကြိမ်၊ ရွှေဘိုခရိုင်တွင် ၁၅ ကြိမ်၊ ကသာခရိုင်တွင် ၁၁ ကြိမ်၊ ယင်းမာပင် ခရိုင် တွင် ကိုးကြိမ်၊ ကလေးခရိုင်တွင် ခုနစ်ကြိမ်၊ တမူးခရိုင်တွင် သုံးကြိမ်၊ မော်လိုက်ခရိုင်တွင် သုံးကြိမ်နှင့် ခန္တီးခရိုင်တွင် ငါးကြိမ်၊ ကန့်ဘလူခရိုင်တွင် ရှစ်ကြိမ် စုစုပေါင်း ၁၀၉ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

## မိတ္ထီလာမြို့နယ်မှ ကျေးရွာ ၁၅၀ ၌ ယခုဘဏ္ဍာရေးနှစ်အတွင်း မီးလင်းနိုင်ရေး ဆောင်ရွက်နေ

**မိတ္ထီလာ မေ ၇**

မိတ္ထီလာမြို့နယ်အတွင်းမှ လျှပ်စစ်မီးလင်းရန် ကျန်ရှိသည့်ကျေးရွာ ၂၁၀ အနက် ကျေးရွာ ၁၅၀ ၌ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ယခု ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။



ကျေးရွာမီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်။

မိတ္ထီလာမြို့နယ်တွင် ကျေးရွာအုပ်စု ၅၈ အုပ်စု ကျေးရွာပေါင်း ၃၈၀ ရှိသည့်အနက် ကျေးရွာ ၁၇၀ ၌ လျှပ်စစ်မီးလင်းနေပြီဖြစ်ကာ ကျန်ရှိသည့် ကျေးရွာ ၂၁၀ တွင်လည်း လျှပ်စစ်မီးလင်းရေးအတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်လည်းကောင်း၊ Public Finance Initiative(PFI)စနစ်ဖြင့်လည်းကောင်း၊ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)စနစ်ဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်မီးလင်းနိုင်ရေး ဆက်လက်ဆောင်ရွက်နေသည့် ကျေးရွာများမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ကျေးရွာ ၁၃ ရွာ၊ ယခင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ၁၁ ကေဗွီလိုင်းနှင့် ထရန်စဖော်မာများ တပ်ဆင်ထားပြီးသော်လည်း ကျေးရွာအတွင်း ဗို့အား ၄၀၀ ဓာတ်အားလိုင်း တည်ဆောက်နေဆဲ ကျေးရွာ ၁၃ ရွာ၊ PFI စနစ်ဖြင့် ကျေးရွာ ၉၂ ရွာ၊ NEP စနစ်ဖြင့် ကျေးရွာ ၂၈ ရွာနှင့် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျေးရွာလေးရွာ စုစုပေါင်းကျေးရွာ ၁၅၀ ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် နှစ်မိုင်ထက် ပို၍ဝေးကွာသော လျှပ်စစ်မီးလင်းရန်ကျန်ရှိသည့် ကျေးရွာ ၆၀ ၌လည်း မီးလင်းရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား မျှတစွာသုံးစွဲနိုင်စေရန် အုပ်စုလေးစုခွဲ၍ ဓာတ်အားဖြန့်ဖြူးပေးနေ

**ရန်ကုန် မေ ၇**

ရာသီဥတုအပူရှိန်မြင့်မားလာမှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို သတိပြုသုံးစွဲလျက်ရှိသည့် နည်းတူရရှိသော သဘာဝဓာတ်ငွေ့ဖြင့်လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးလျက်ရှိရာ နေ့စဉ်မဂ္ဂါဝပ် ၁၆၀၀ အသုံးပြုနေသော ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်၄၄ မြို့နယ်အတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားကို အုပ်စုလေးအုပ်စုခွဲ၍ မျှတစွာ ဓာတ်အားဖြန့်ဖြူးပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

"လျှပ်စစ်ဓာတ်အားဖြန့်ဖြူးတဲ့အခါမှာ အုပ်စုလေးအုပ်စုခွဲပြီး ဓာတ်အားပေးနေပါတယ်။ စက်မှုဇုန်၊ ကွန်ဒို၊ မီးခိုးမထွက်တဲ့လုပ်ငန်းနဲ့ အများပြည်သူဆိုပြီး အုပ်စုလေးစုခွဲထားတယ်။ အများပြည်သူမှာ အုပ်စု(A) ကနေ(D) ဆိုပြီး အုပ်စုလေးစုမှာလည်း အုပ်စုတစ်စုတစ်ကြိမ်ကို နှစ်နာရီဓာတ်အားပိတ်ပါတယ်။ စက်မှုဇုန်တွေမှာလည်း ညနေ ၄ နာရီကနေ ည ၁၀ နာရီကလွဲရင် ကျန်တဲ့အချိန် ဓာတ်အားဖြန့်ဖြူးပေးထားပါတယ်။ အနောက်ပိုင်းခရိုင်တစ်ခုပဲ စက်မှုဇုန် မရှိတာပါ။ အများပြည်သူနဲ့ စက်မှုဇုန်မှာလျှပ်စစ်မီးလိုအပ်လာရင် စီးတီးမတ်တွေ ဓာတ်အားလျှော့ဖို့ ဆောင်ရွက်ထားပါတယ်။ မေ ၁ ရက် စတင်စမ်းသပ်ပြီးတော့ မေ ၄ ရက်ကစပြီး အလှည့်ကျ လျှပ်စစ်ဓာတ်ပိတ်တဲ့စနစ်နဲ့ ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အထွေထွေမန်နေဂျာ ဦးတင်အောင်က ပြောသည်။

အုပ်စုလေးစုတွင် နှစ်နာရီလျှပ်စစ်ဓာတ်အားရပ်နားသော အုပ်စုရှိသည့်နည်းတူ ခြောက်နာရီလျှပ်စစ်ဓာတ်အားပြတ်တောက်သောအုပ်စုလည်းရှိသောကြောင့် အုပ်စုအလိုက် မြို့နယ်အချို့ ခြောက်နာရီကြာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရှိခြင်းဖြစ်ပြီး လေးရက်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်တူညီခြင်းမရှိဘဲ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ရရှိသောဓာတ်အားအတိုင်း ဖြန့်ဖြူးပေးခြင်းဖြစ်ရာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ဇွန်လအတွက်ကြိုတင်ချွေတာသုံးစွဲမှုနှင့်အတူ သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုလည်း ပုံမှန်အတိုင်းရန်ကုန်တိုင်းဒေသကြီးကို ပို့လွှတ်လျက်ရှိရာ ရေအားလျှပ်စစ်ထုတ်လုပ်မှု ပို၍များသောအပူရှိန်ကြောင့် ဆည်ရေလျော့နည်းလာမှုကိုထိန်း၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုသည် ဆည်အတွင်း မိုးရေစတင်ဝင်ရောက်ချိန်အထိ ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မှာ မဂ္ဂါဝပ် ၁၆၀၀ သုံးစွဲနေပေမယ့် အခုအပြည့် မရတော့ဘူး။ မြို့နယ်တွေကို အလှည့်ကျပေးနေရတယ်။ ရေအားလျှပ်စစ်မှာ ဒီလမီးရအောင် ရေအပြည့်သုံးလိုက်လို့ မေလမိုးမရွာခဲ့ရင် ဇွန်လမှာလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုံးဝအဆင်မပြေနိုင်ပါဘူး။ ဒါကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုထိန်းပြီး ဓာတ်အားဖြန့်ဖြူးနေရတာပါ"ဟု ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(မြို့ပြ)မှ ဦးရန်မျိုးနိုင်က ပြောသည်။

ရန်ကုန်မြို့၏ တစ်နေ့တာလျှပ်စစ်ဓာတ်အားသုံးစွဲမှုမဂ္ဂါဝပ် ၁၆၀၀ တွင် မဂ္ဂါဝပ် ၅၀၀ ခန့်ကို သဘာဝဓာတ်ငွေ့ဖြင့် ထုတ်လုပ်ပေးလျက်ရှိပြီး မဟာဓာတ်အားလိုင်း System breakdown ဖြစ်ပါက အဆိုပါသဘာဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားစက်ရုံမှ ရန်ကုန်မြို့ရှိ အဓိကနေရာများကို အချိန်မီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့်နည်းတူ နေ့စဉ်ဓာတ်အားဖြန့်ဖြူးပေးနေကြောင်း၊ အထူးသဖြင့် မိုးမကျမီဆည်ရေများကုန်ခန်းသွားခြင်း မရှိစေရန် ထိန်း၍လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေခြင်းဖြစ်ရာ ဓာတ်အားသုံးစွဲသူတို့သည် အကျိုးရှိစွာသုံးစွဲကြရန် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မေတ္တာရပ်ခံထားပြီး တိုင်းဒေသကြီးအတွက် အသုံးပြုနေသော မဟာဓာတ်အားလိုင်းသည် ရေအားလျှပ်စစ်ဖြင့် ထုတ်လုပ်မှု ပို၍များသောကြောင့် မြို့နယ်များအသုံးပြုနိုင်ရန် အုပ်စုလေးစုဖြင့် တစ်ရက်လျှင် နှစ်နာရီမှ ခြောက်နာရီကြာ ဓာတ်အားထိန်းချုပ်၍ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၅-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၁၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၀/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၂၅/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၀ ကျပ် | ၉၃၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၄ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၆ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၅ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၈ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၉ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၄၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၇၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ ・ ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၇၇၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# စာရေးဆရာကြီး မင်းသိန်း၏ ဆားပုလင်းနှင်းမောင်နှင့် စနေမောင်မောင် ဇာတ်လမ်း ဇာတ်ကောင်များကို ရုပ်ရှင်အဖြစ် ရိုက်ကူးသွားမည်

စာရေးဆရာကြီး မင်းသိန်း ရေးသားဖန်တီးခဲ့သော စနေမောင်မောင် ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ကောင်များကို Golden Hour Entertainment က ရုပ်ရှင်အဖြစ် ရိုက်ကူးထုတ်လုပ်ရန် မူပိုင်ခွင့် ဝယ်ယူခဲ့ကြောင်းသိရသည်။ အဆိုပါ ဝတ္ထုများကို ရေးသားခဲ့သော ဆရာကြီးမင်းသိန်း၏ စာပေမူပိုင်ခွင့်ကို ရရှိထားသူ ညီမဖြစ်သူ ဒေါ်သန်းနုအောင်ထံမှ Golden Hour Entertainment မှ ကိုကောင်းကျော်က ဝယ်ယူလိုက်ခြင်းဖြစ်ကြောင်းသိရသည်။



ဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာသီဟစိုးက "ကျွန်တော့်အနေနဲ့ စနေမောင်မောင် အပါအဝင် ဝတ္ထုတွေအကုန်လုံးထဲက ဇာတ်ကောင်တွေကို သေချာရိုက်ကူးသွားမှာပါ၊ ပထမဆုံး ဇာတ်ကားကတော့ ဆားပုလင်းနှင်းမောင်နဲ့ စနေမောင်မောင် ဆိုတဲ့ကားကို အရင်ရိုက်မှာပါ၊ စာဖတ်တဲ့သူတွေတော့ အကုန်သိကြပါတယ်၊ ဝတ္ထုထဲမှာတော့ သူတို့က မဆုံဖြစ်ကြပါဘူး၊ ကျွန်တော်တို့က ဇာတ်လမ်းတစ်ခုထဲမှာ ဆုံပေးချင်လို့ပါ၊ အဲဒါကြောင့် ဆရာ့ရဲ့ ဝတ္ထုတွေကို သက်ဆိုင်သူတွေဆီက ခွင့်ပြုချက်ယူပြီး ရိုက်တာပါ၊ ဆရာ့ရဲ့ဝတ္ထုတွေက ဟိုတုန်းကတည်းက နာမည်ကြီး အနုပညာရှင်တွေ ရိုက်ခဲ့ဖူးတာမျိုး ရှိပါတယ်၊ ဦးညွန့်ဝင်းနဲ့ ဒေါ်ဆွေဇင်ထိုက်တို့ ရိုက်ခဲ့ဖူးတယ်ဗျာ၊ နောက်ပိုင်းလဲ ဝတ္ထုကိုအခြေခံပြီး ရိုက်တာမျိုးတွေ ရှိကြပါတယ်၊ ကျွန်တော် ဒီကားကို ပြန်ရိုက်မယ်ဆိုတော့ သေချာစဉ်းစားရတယ်၊ ဝတ္ထုရဲ့ ခေတ်အနေအထားက လွတ်လပ်ရေးမရခင်ကဆိုတော့ ပုံစံတွေကအစ သေချာလေ့လာရမယ်၊ အဲဒီတော့ တာဝန်က အင်မတန်ကြီးတာ တွေ့ရပါတယ်၊ ရုပ်ရှင်တစ်ခုမှာ အဓိက အရေးကြီးတာ ဇာတ်ညွှန်းဖြစ်နေတော့ အဲဒါကိုလည်း ကျွန်တော်တို့ သေချာဂရုစိုက်ပြီး လုပ်ကြမှာပါဟု ပြောသည်။

အဆိုပါဇာတ်ကားအတွက် ဇာတ်ကောင်များအနေဖြင့် သရုပ်ဆောင် နိုင်းနိုင်း၊ ဒေါင်းနှင့် အောင်မြင့်မြတ်တို့ကိုရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။ ယခုရိုက်ကူးမည့်ဇာတ်ကားသည် Golden Hour ထုတ်လုပ်ရေးအနေဖြင့် သရုပ်ဆောင်နိုင်းနိုင်းနှင့် ခြောက်ကားမြောက် ရိုက်ကူးသော ဇာတ်ကား ဖြစ်ကာ ဒေါင်းနှင့် နှစ်ကားမြောက် ရိုက်ကူးခြင်းဖြစ်ကြောင်း၊ အောင်မြင့်မြတ်နှင့်မူ ပထမဆုံး ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ သီဟစိုးအနေဖြင့်လည်း Golden Hour ရုပ်ရှင်ထုတ်လုပ်ရေးအတွက် သမုဒယနွယ် ရုပ်ရှင်ကားကြီးကို ရိုက်ကူးခဲ့ပြီးဖြစ်ရာ ယခု ရိုက်ကူးမည့် ဆားပုလင်းနှင်းမောင်နှင့် စနေမောင်မောင် ဇာတ်ကားမှာ ဒါရိုက်တာ သီဟစိုးနှင့် Golden Hour ရုပ်ရှင်ထုတ်လုပ်ရေးတို့ ဒုတိယမြောက် တွဲဖက်ရိုက်ကူးသည့်ကားဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# လောကကြိုးဝိုင်းဇာတ်လမ်းတွဲတွင် ဗီလိန်ကာရိုက်တာအတွက် ကြိုးစားထားသည့် မေမြတ်နိုး

မေ ၅ ရက် ည ၇ နာရီမှစ၍ CANAL+ Zat Lenn ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသနေသည့် လောကကြိုးဝိုင်း ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားသည့် မေမြတ်နိုးက ဗီလိန်ကာရိုက်တာကို ပထမဆုံး သရုပ်ဆောင်ရခြင်းအတွက် ကြိုးစားထားကြောင်း ပြောကြားသည်။

"မြတ်နိုးအနေနဲ့ ဇာတ်လမ်းပုံစံကိုတော့ မပြောပြချင်သေးပါဘူး၊ ဇာတ်လမ်းပုံစံကို ပြောပြလိုက်လို့ရှိရင် ဇာတ်လမ်းအစအဆုံးကို ပရိသတ်တွေက ခန့်မှန်းနိုင်သွားမယ်လို့ထင်တယ်၊ အဲဒါကြောင့် ဇာတ်လမ်းကို မြတ်နိုး မပြောချင်ဘူး။ ဇာတ်လမ်းတွဲစပြတဲ့အချိန်ကျတော့မှပဲ ကြည့်ကြပါလို့။ ဇာတ်လမ်းကတော့ အက်ရှင်ဒရာမာ ဇာတ်လမ်းပါ။ ဇာတ်လမ်းတွဲဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေတာတော့ အမှန်ပါပဲ။ ရုပ်ရှင်ဇာတ်ကားကြီးဆိုရင် နှစ်နာရီစာလောက်ကိုပဲ ပရိသတ်ရှေ့ကို ပြရတယ်။ အခုကျတော့ ဇာတ်လမ်းတွဲဖြစ်တဲ့အတွက် ပရိသတ်နဲ့ ထိတွေ့ခွင့်က ငါးနာရီကျော်စာလောက်ရှိတယ်။ အပိုင်းခြောက်ပိုင်း ပြသမှာပါ။ အဲဒီအခါကျတော့ ပရိသတ်က ကြည့်နေရင်းနဲ့ မြတ်နိုးရဲ့ကာရိုက်တာ ကောင်းတယ်၊ မကောင်းဘူး ဆိုတာကို ဆုံးဖြတ်လို့ ရသွားမယ်လို့လည်း မြတ်နိုးထင်တယ်"ဟု မေမြတ်နိုးက ပြောသည်။




ဗီလိန်ကာရိုက်တာ သရုပ်ဆောင်ခြင်းနှင့် ပတ်သက်၍လည်း "ဒီကားထဲမှာ ကာရိုက်တာအရ မြတ်နိုးက ဗီလိန်ကာရိုက်တာ လုပ်ရတယ်ဆိုပေမယ့်လည်း အပြင်မှာ တကယ်ဗီလိန်မှမဟုတ်တာ။ ဒါကို ပရိသတ်တွေဘက်ကလည်း နားလည်ပေးမယ်လို့ ထင်ပါတယ်။ မြတ်နိုးကတော့ ဗီလိန်ကာရိုက်တာမို့လို့ဆိုတာထက် ကာရိုက်တာတိုင်းမှာ သင်ယူစရာတွေ လေ့လာစရာတွေနဲ့ ပြည့်နေတာမို့လို့ ဘယ်လိုကာရိုက်တာမျိုးကိုပဲဖြစ်ဖြစ် လုပ်ကြည့်ချင်ပါတယ်၊ မြတ်နိုးရဲ့သရုပ်ဆောင်မှုအပေါ် ပရိသတ်တွေက ဘယ်လိုမျိုး ဝေဖန်ကြမလဲဆိုတာကိုလည်း ရင်ခုန်ပါတယ်။ အရင်တုန်းက မြတ်နိုး ဇာတ်ကားတွေ ရိုက်ခဲ့တယ်။ အဲဒီမှာ ပရိသတ်တွေ လက်ခံအားပေးတာကိုလည်း ရခဲ့သလို မကြိုက်ကြတဲ့ပရိသတ်တွေလည်း ရှိခဲ့ပါတယ်။ ဒါကတော့ လူအမျိုးမျိုးရှိတာကိုနော်။ အခုလည်း ပရိသတ်တွေက မြတ်နိုးရဲ့သရုပ်ဆောင်မှု အပေါ်မှာ ဘယ်လိုတုံ့ပြန်မလဲဆိုတာကို ကြိုပြီးတော့ ရင်ခုန်နေရပါတယ်"ဟုလည်း မေမြတ်နိုးက ဆက်ပြောသည်။

**ကိုလင်း**

# အခမ်းနားဆုံးမေတ္တာ ရုပ်ရှင်တွင် နေခြည်ဦးနှင့် နေတိုးတို့ ပထမဆုံး တွဲဖက်သရုပ်ဆောင်မည်

အခမ်းနားဆုံးမေတ္တာ ရုပ်ရှင်ဇာတ်ကားကြီးကို 7th Sense Production က စတင်ရိုက်ကူးနေပြီဖြစ်ကာ ယင်းဇာတ်ကားကြီးတွင် အကယ်ဒမီ နေတိုး၊ ရဲအောင်၊ တိုင်ရွှန်း၊ သူရိယ၊ စိုးမြတ်သူဇာ၊ နေခြည်ဦးနှင့် ခင်သဇင်တို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ ပွင့်သိင်္ဂီဇော်က ရိုက်ကူးနေကြောင်း သိရသည်။

သရုပ်ဆောင်သစ်တစ်ဦးဖြစ်သည့် နေခြည်ဦးသည် ထိုဇာတ်ကားတွင် အနုပညာလောက၏ ထိပ်တန်းမင်းသားတစ်ဦးဖြစ်သည့် နေတိုးနှင့် ပထမဆုံး တွဲဖက်ရိုက်ကူးရခြင်းဖြစ်ရာ ဇာတ်ကားအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ "ကိုနေတိုးနဲ့ တွေ့ဆုံသရုပ်ဆောင်ရဖို့က အခုချိန်မှာ ရှိန်နေရတုန်းပါပဲ၊ ဇာတ်လမ်းထဲမှာ ကိုနေတိုးက ကိုယ့်ကို သိပ်ချစ်ပြရတဲ့ ဇာတ်လမ်းဆိုတော့ ပိုဆိုးတာပေါ့နော်။ ကာရိုက်တာတွေများ လွတ်ကုန်မလားဆိုပြီးတော့ ရင်တွေတုန်တာပေါ့၊ အပြင်မှာဆုံတာ သုံးခါက်၊ လေးခါက်လောက်ရှိပြီ၊ စကားမပြောရဲဘူး၊ စကားမှားမှာစိုးလို့ပါ၊ ကိုနေတိုးက အနုပညာလောကထဲမှာ Role တစ်ခုအနေနဲ့ နေတယ်၊ အမြဲတမ်း ယုံကြည်ချက်အပြည့်နဲ့ မင်းသား တစ်ယောက် ဖြစ်တဲ့အတွက် သရုပ်ဆောင်ရတဲ့အခါ ငါများမှားသွားခဲ့ရင်ဆိုတဲ့ စိတ်ကြီးကတော့ အမြဲဝင်နေပါတယ်။ စမရိုက်သေးတာလည်း ပါမှာပေါ့နော်။ စရိုက်ရင်တော့ ကိုယ်လည်း Mood ဝင်သွားမယ်။ သူလည်း အများကြီးသင်ပေးမယ်လို့ ရည်မှန်းထားပါတယ်၊ နေခြည်ကြားဖူးတာက ကိုနေတိုးဟာ ရိုက်ကွင်းပေါ်ရောက်ပြီဆိုတာနဲ့ Mood အပြည့် ဖြစ်သွားတယ်လို့ကြားတယ်၊ ကိုယ်ကတော့ အများကြီး ကြိုးစားရမှာပေါ့နော်၊ သူက Mood တွေဝင်ပြီး ကိုယ်က နေခြည်ဦးဖြစ်နေလို့လည်း မရဘူး" ဟု ပြောသည်။

နေခြည်ဦးသည် ဒါရိုက်တာမီးပွား ရိုက်ကူးပြီး နေမင်းနှင့် ဝတ်မှုန်ရွှေရည်တို့ ပါဝင်သည့် ရန်သူ ရုပ်ရှင်တွင် ပထမဆုံး ပါဝင်သရုပ်ဆောင်ခဲ့ရာ မျက်နှာသစ်သရုပ်ဆောင်တစ်ယောက်အနေဖြင့် ထိုဇာတ်ကားတွင် ဝတ်မှုန်ရွှေရည်နှင့်အပြိုင် သရုပ်ဆောင်နိုင်ခဲ့သဖြင့် ပရိသတ်၏ သတိပြုအားပေးမှုကို ရရှိခဲ့သည်။ **ကိုလင်း**



# မကြောက်ခုနစ်လီ အောင်ထွန်းကြည် ဗီဒီယိုဇာတ်ကားအတွက် ကန်တော့ပွဲပေး

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်မည့် ဟာသပုံစံ "မကြောက်ခုနစ်လီ အောင်ထွန်းကြည်" ဗီဒီယိုဇာတ်ကားအတွက် ကန်တော့ပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားတွင်လည်းကောင်း၊ စာနယ်ဇင်းအသိပေး မိတ်ဆက်ပွဲကို M3 food centre ၌လည်းကောင်း မေ ၃ ရက်က ပြုလုပ်ခဲ့သည်။

"ဒီကားက ရွာကားတစ်ကားဖြစ်ပြီး ဒီကားထဲမှာ ပါဝင်သရုပ်ဆောင်မယ့် ထွန်းထွန်းက ကြောက်တယ်ဆိုတာ ဘာမှန်းမသိအောင်ကို သတ္တိကောင်းလွန်းတဲ့အတွက် ဒီဇာတ်ကောင်စရိုက်ကို ဖော်ကျူးတဲ့အနေနဲ့ မကြောက်ခုနစ်လီဆိုပြီး ဇာတ်ကားနာမည်ပေးဖြစ်ခဲ့တာပါ။ ဟာသသဘောမျိုး ဇာတ်အိမ်တည်ထားပါတယ်" ဟု ဇာတ်ညွှန်း သက်ဦးမောင်က ပြောသည်။ အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်ညွှန်းကို သက်ဦးမောင်နှင့် ရန်နိုင်ထွန်းတို့က ရေးသား၍ ဒါရိုက်တာ စိုးမိုးမင်းက ရိုက်ကူးမည်ဖြစ်ပြီး သရုပ်ဆောင်များအနေဖြင့် ထွန်းထွန်း၊ ယုသန္တာတင်၊ ရတနာဗိုလ်၊ ချောကလျာ၊ ချစ်စနိုးစုတို့ ပါဝင်ကာ ဇွန် ၆ ရက်မှစ၍ သန်လျင်၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။



အောင်ထွန်းကြည်အဖြစ် သရုပ်ဆောင်မည့် ထွန်းထွန်းက "ကျွန်တော်က ဒီကားမှာ အောင်ထွန်းကြည်ဆိုတဲ့ ကာရိုက်တာကို လုပ်ရမှာပါ၊ မှန်တယ်ထင်ရင် ဘာကိုမှ မကြောက်တတ်တဲ့သူအဖြစ် သရုပ်ဆောင်ရမှာပါ၊ ကျေးရွာဇာတ်ကားတွေ ရိုက်ဖူးတယ်ဆိုပေမယ့် ပုံစံလေးတွေကွာခြားတာတော့ အမှန်ပါပဲ၊ ကျွန်တော်က အရင်ကလည်း ကျေးရွာတွေမှာရိုက်ဖူးတယ်၊ အဲဒီကာရိုက်တာမျိုးတွေနဲ့ နည်းနည်းကွာခြားတာတော့ တွေ့ရမှာပါ"ဟု ပြောသည် ။

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဘိုဆန်းက "ကျွန်တော်တို့ Bo Bo film production အနေနဲ့ skynet pay per view နဲ့အတူရိုက်တာ ဒါ တတိယမြောက်ပါ၊ ဗီဒီယိုဈေးကွက်ကလည်း မရှိတော့တဲ့အတွက် ဒီစနစ်ကိုဖြစ်အောင် ကျွန်တော်တို့က ဝိုင်းပံ့ပိုးကြတဲ့သဘောပါပဲဟု ပြောသည်။ ထိုဇာတ်ကားကို Skynet pay per view ရုပ်သံလိုင်းမှ လာမည့်လအတွင်း ထုတ်လွှင့်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

**ကိုလင်း**

# နိုင်ငံတကာအနုပညာသတင်းပဒေသာ

## အမေရိကန်တွင် နယ်လှည့်ဖျော်ဖြေပွဲပြုလုပ်မည့်အကြောင်း မက်ဒေါနား ကြေညာ

ဂရမ်မီဆုကို ခုနစ်ကြိမ်တိုင်တိုင် ရရှိထားတဲ့ အဆိုတော်မက်ဒေါနားက အမေရိကန် နယ်လှည့် ဖျော်ဖြေပွဲလုပ်မယ့်အကြောင်းကို ကြေညာခဲ့ပါတယ်။ အဲဒီဖျော်ဖြေပွဲရဲ့ နာမည်ကိုတော့ မကြာခင်ထွက်ရှိတော့မယ့် အယ်လ်ဘမ်သစ်ရဲ့ နာမည်အဖြစ် Madame X လို့ပေးထားပြီး စက်တင်ဘာလအတွင်းမှာ စတင်မှာပဲ ဖြစ်ပါတယ်။ မက်ဒေါနားရဲ့ ပွဲအတွက် စီစဉ်ပေးသူတွေဟာ လော့စ်ဗီးဂတ်စ်၊ ဘော့စ်တွန်၊ မီယာမီ၊ လစ်စဘွန်း၊ လန်ဒန်နဲ့ ပါရီမြို့တို့အတွက် ခရီးစဉ်တွေကို စီစဉ်ထားပါတယ်။

အဲဒီခရီးစဉ်ကို စက်တင်ဘာ ၁၂ ရက်က Howard Gilman Opera House မှာ စတင်မှာဖြစ်ပြီး အောက်တိုဘာလမှာတော့ ချီကာဂိုမှာရှိတဲ့ ကဇာတ်ရုံမှာပွဲပြုလုပ်မှာပါ။ နိုဝင်ဘာလကျရင်တော့ လော့စ်အိန်ဂျလိစ်မြို့မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာတော့ မက်ဒေါနားက လော့စ်ဗီးဂတ်စ်၊ ဘော့စ်တွန်၊ မိုင်ယာမီတို့မှာ ၂၀၁၉ ရှိုးပွဲပြုလုပ်သွားမယ်လို့ သိရပါတယ်။ လန်ဒန်နဲ့ ပါရီမြို့တို့မှာတော့ ၂၀၂၀ ပြည့်နှစ်ကျမှ ပွဲလုပ်နိုင်မယ်လို့သိရပါတယ်။ မက်ဒေါနားရဲ့ သီချင်းအယ်လ်ဘမ်သစ်ဖြစ်တဲ့ Madame X ကလည်း ဇွန် ၁၄ ရက်မှာ ထွက်ရှိမှာဖြစ်ပြီး မကြာသေးမီကလည်း Billboard Music Awards ဆုပေးပွဲမှာ ကိုလံဘီယာအဆိုတော် မာလူမာနဲ့အတူ Medellin သီချင်းနဲ့ တင်ဆက်ခဲ့ပါတယ်။ **စီအနိုင်အနိုင်**



အဆိုတော်မက်ဒေါနား

## ဗြိတိန်တော်ဝင်မင်းသားဟယ်ရီနဲ့ မီဂန်မာကယ်တို့ သားဦးလေးမွေးဖွား

ဆာဆက် မြို့စားကတော်ဖြစ်တဲ့ မီဂန်မာကယ်ဟာ မင်းသားဟယ်ရီအတွက် သားဦးလေးကို မေ ၆ ရက်မှာ မွေးဖွားပေးခဲ့တယ်လို့ သိရပါတယ်။ အဲဒီသတင်းကိုတော့ မင်းသားဟယ်ရီကိုယ်တိုင် ကြေညာခဲ့တာဖြစ်ပြီး "မီဂန်နဲ့ကျွန်တော်တို့မှာ သားဦးလေးရပြီ။ ဒီအတွက် ကျွန်တော် အလွန်ကိုစိတ်လှုပ်ရှားရပါတယ်။ အမေရော ကလေးပါ ကျန်းမာပါတယ်။အခုအတွေ့အကြုံဟာ ကျွန်တော်ကြုံဖူးသမျှထဲမှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံးပါပဲ"လို့ ပြောပါတယ်။

ဝင်ဆာရဲတိုက်အပြင်ဘက်ကနေ စကားပြောကြားခဲ့ရာမှာတော့ "ကျွန်တော့်အတွက် ပထမဆုံးကလေးဖြစ်လို့ မယုံကြည်နိုင်လောက်အောင်ကို အံ့သြရပါတယ်" လို့ ဟယ်ရီက ပြောပါတယ်။ ဟယ်ရီနဲ့ မီဂန်တို့ဟာ ကလေးမမွေးဖွားခင် ယောကျ်ားလေးလား၊ မိန်းကလေးလားဆိုတာကို ကြိုတင်သိရှိမထားဘဲ မွေးဖွားမှသာ သိရှိခဲ့တာဖြစ်ပါတယ်။ ဘာကင်ဟမ်နန်းတော်ကလည်း မင်းသားလေးမွေးဖွားတဲ့ အကြောင်းကို ကြေညာခဲ့ပါတယ်။ ဘုရင်မကြီးနဲ့ကြင်ယာတော် အီဒင်ဘာ့ဂ် မြို့စားကြီး၊ ဝေလမင်းသား၊ ကိန်းဘရစ် မြို့စားနဲ့ မြို့စားကတော်တို့ကလည်း ဒီသတင်းကိုကြားရတဲ့အတွက် ဝမ်းမြောက်ကြောင်း သတင်းတွေ ပေးပို့ခဲ့ပါတယ်။ အခုမွေးဖွားတဲ့မင်းသားလေးဟာ ထီးနန်းဆက်ခံမှုမှာ နံပါတ် ၇ နေရာမှာရှိပြီး ဘုရင်မကြီးနဲ့ မင်းသားဖိလစ်တို့အတွက် ရှစ်ယောက်မြောက်မြေး ဖြစ်ပါတယ်။ မီဂန်မာကယ်ဟာ အမေရိကန်ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပြီး မင်းသားဟယ်ရီနဲ့ လက်ထပ်ပြီးချိန်မှာတော့ သရုပ်ဆောင်ဘဝကို စွန့်လွှတ်ခဲ့ပါတယ်။ **ဟယ်လို**



ဟယ်ရီနှင့်မီဂန်မာကယ်

## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၇၂)

# ရှေ့နေဘဝ ပညာရသည်

### ဦးဟန်ညွန့် (ဥပဒေ)



**တစ်နေ့သ၌**

အလုပ်သင်ရှေ့နေ မောင်ပျင်းရိတစ်ယောက်ကို ထူးထူးခြားခြားစကားပြောရသည့်အခါ အတော်သတိထားရလေသည်။ ဘာကြောင့်လဲ။ သူက ပျင်းရိပေမယ့် ဒိုးခနဲဒေါက်ခနဲ ပြန်မေး၊ ပြန်ပြောတတ်သည်။ မသိသလိုလိုနှင့် သိနေတတ်သည်။ မတတ်သလိုလိုနှင့် တတ်နေတတ်သည်။ ဆရာကြီးရုံးခန်းမှ ၁အလုပ်သင်ရှေ့နေဖြစ်ရတာ ပင်ပန်းလှသည်။ စာအုပ်တွေရှာပေးရသည်။ အလံထိုးပေးရသည်။ မှတ်စုအကျဉ်းရေးပေးရသည်။ ပြန်တမ်းမှတ်စဉ်များ၊ စာမျက်နှာများ ထုတ်ပေးရသည်။ "ဒံပေါက်နှင့် ခေါက်ဆွဲကြော် မှာပေးရတာက လွယ်သည်။ စီရင်ထုံးစာမျက်နှာ ရှာဖွေပေးရတာခက်လှသည်။ အဲဒီအလုပ်အပျင်းဆုံးပဲ"ဟု ဆိုလေသည်။

**ငြိမ်ငြိမ်မနေချင်**

ဆရာကြီး၏ ရှေ့နေရုံးခန်းမှာထိုင်ပြီး ဥပဒေစာအုပ်တွေနှင့် လုံးထွေးအလုပ်ရှုပ်နေရတာကို မကြိုက်။ ထမင်းစားချိန်ရောက်၍ ဟိုတယ်ကောင်းကောင်း၊ စားသောက်ဆိုင်ကောင်းကောင်းသွားပြီး အမှုသည်တွေနှင့် ထမင်းစားရတာ ပျော်စရာ အကောင်းဆုံးပဲ။ အပြင်ထွက်ပြီးမစားနိုင်လျှင်လည်း ခေါက်ဆွဲကြော်၊ ဒံပေါက်၊ ဘဲကင် အစရှိသည့်စားစရာများကို သွားဝယ်ရသော တာဝန်၊ ရုံးခန်းမှာပျော်ပျော်ပါးပါးလူစုပြီး စားသောက်ရသော အလုပ်တွေကို မောင်ပျင်းရိ တာဝန်ယူချင်ပေသည်။ သူက ငြိမ်ငြိမ်မနေချင်။ စာဖတ်ရသည့်အလုပ်၊ စီရင်ထုံးရှာဖွေရသည့် အလုပ်၊ လျှောက်လဲချက် စာကြမ်းပြုစုရသောအလုပ်တွေကို ငြီးငွေ့ပေသည်။ တရားခွင်အလုပ်တွေကိုဆိုလျှင် ပို၍ငြီးငွေ့မည်လား။ ရှေ့နေဖြစ်ချင်သူ ရှေ့နေအလုပ်ကို ပစ်ပယ်၍ရမည်မဟုတ်။

**လေ့လာမှတ်သား ရှေ့နေကြီးများအကြောင်း**

ပြီးခဲ့သောအပတ်က ဆောင်းပါးတွင် လေ့လာမှတ်သားရှေ့နေကြီးများအကြောင်း နိဒါန်းချီခဲ့ပြီးဖြစ်ပါသည်။ လက်လှမ်းမီသမျှ တင်ပြပါရစေ။

ပထမဦးစွာ လေးစားမှုဖြင့် တင်ပြလိုသော ရှေ့နေကြီး၊ ဥပဒေပညာရှင်ကြီးတစ်ဦးမှာ- အငြိမ်းစား စာပေရှင် တရားသူကြီးနှင့် တရားရုံးချုပ်ရှေ့နေကြီး ဦးမောင်သာဇံ(စစ်တွေမြို့) ဖြစ်ပေသည်။

ဦးမောင်သာဇံသည် တရားရေးနှင့် ဥပဒေလောကတွင် ထင်ရှားသော သုတေသီရှေ့နေကြီးတစ်ဦးဖြစ်ပေသည်။ စာရေးဆရာ ဦးသန်းမောင်(စစ်တွေ)၏ အဘိုးဖြစ်ပြီး တရားရုံးနှင့် စီရင်ထုံးများ သမိုင်းဇယား (History of Courts and Rulings in chronology)နှင့် Digest of chartsများ ပြုစုရေးဆွဲခဲ့သူဖြစ်ပေသည်။

(ဤနေရာတွင် နေရာအတိုင်းအတာအရ ဖော်ပြရန်မသင့်ပါ၍ ဦးသန်းမောင်(စစ်တွေ)ရေးသားပြုစုသော ဥပဒေသုတေသနမှတ်စုများစာအုပ်(၂၀၁၇ နိုဝင်ဘာ) (Wisdom House စာအုပ်တိုက်မှထုတ်ဝေ) စာ-၄၇ တွင် ရည်ညွှန်းလေ့လာဖတ်ရှုကြရန်နှိုးဆော်ပါသည်)

**နည်းနာ**

ဦးမောင်သာဇံ (စက်ရှင်တရားသူကြီး-ငြိမ်း)၏ ဥပဒေလေ့လာပုံ၊ မှတ်စုထုတ်ပုံ၊ အချက်အလက်စုဆောင်းပုံ စသည်တို့ကို ဦးသန်းမောင်(စစ်တွေ) သည် ဥပဒေကျောင်းသားဘဝမှ လုပ်ငန်းခွင်ဘဝအထိ နည်းနာယူခဲ့ရလေသည်။ အဘိုး၏ကိုယ်ပိုင်ဥပဒေစာအုပ်များတွင် ကိုယ်တိုင်လက်နှိပ်စက်ရိုက်ကာကပ်ထားသောမှတ်စုများကြောင်း၊ စာအုပ်များ ထူပိန်းပြီး ပိတ်လို့ပင်မရအောင်ဖြစ်နေတတ်ကြောင်း ဖတ်ရှုမှတ်သားခဲ့ရပါသည်။

အဘိုးဦးမောင်သာဇံက " စာအုပ်တစ်အုပ်ကို ကြည့်လိုက်တာနဲ့ ဒီစာအုပ်ရဲ့ပိုင်ရှင် စာတကယ်ဖတ်၊ မဖတ်သိသာတယ်။ မှန်ဗီရိုထဲမှာ ညီညီညာညာရှိုးပြအလှထားရုံသက်သက် ရေးခြစ်မှတ်သားထားတာတောင် မရှိဘူးဆိုရင် အဲဒီစာအုပ်တွေလည်း အလကားပဲ။ စာအုပ်ပိုင်ရှင်လည်း အလကားပဲ " ဟု ပြောပြဖူးပုံကို ကြားသိမှတ်သားရပေသည်။

**လက်တွေ့တရားခွင်**

လက်တွေ့တရားခွင်သည် " နတ်ကြီး " သည်ဟု ကျွန်တော်ထင်သည်။ တရားသူကြီးက ရုံးထိုင်၊ တစ်ဖက်ရှေ့နေက သူ့နေရာနှင့်သူနေရာယူ၊ သက်သေက သူ့ခုံမှာထိုင်၊ တရားခံ၊ တရားလိုက နေရာအသီးသီးမှာရှိ၊ တရားခွင်တစ်ခုလုံးငြိမ်သက်လျက်ရှိနေပါ၏။ ရှေ့နေက ဘာပြောမလဲ။ ဘယ်လိုစတင်မည်လဲ။ သက်သေစစ်မှာလား။ လျှောက်လဲချက်ပေးမည်လား။ ကိုယ့်တာဝန်ကိုယ်ထမ်းရမည်။ လာရောက်နားထောင်နေသူ ပြည်သူအများရှေ့မှာ။ အမှန်တရားစီရင်ကြောင်း



အများပြည်သူ မြင်စေရာသည်ဟူသော ကျင့်စဉ်။ ပီပြင်ပါ၏လား။ ဤကားသစ္စာတရား။ ဤကားအမှန်တရား။ ဤကားကျင့်စဉ်။ ဤကားစီရင်ထုံး။ လက်တွေ့တရားခွင်၏ ဘဝမှာ ရှေ့နေတစ်ယောက် မည်မျှပေါက်ရောက်အောင်မြင်ပါမည်လဲ။ မည်မျှလေ့လာဆည်းပူးထားပါသလဲ။ မည်မျှအမှုအတွက် ကျေညက်ပါသလဲ။ မည်မျှဥပဒေအရည်အသွေး တောက်ပြောင်ပါသလဲ။ တစ်ဖက်ရှေ့နေက ကိုယ့်ထက်ပို၍တော်နေ၊ ကျွမ်းနေ၊ တတ်နေပါသလား။ စာပို၍ဖတ်သူ၊ စာကျေသူ၊ ဥပဒေကျွမ်းကျင်သူဖြစ်နေပါသလား။ ဥပဒေစစ်ပွဲ တိုက်နေခြင်းဟု ခံယူကြည့်ပါက ကိုယ့်တိုက်ပွဲအောင်မှ၊ နိုင်မှ ဖြစ်တော့မည်။ ကိုယ်မလေ့လာ၊ မဆည်းပူး၊ မဖတ်ရှုခဲ့လျှင် ဘယ်လိုဖြစ်မည်လဲ။

**စီရင်ထုံးအသုံးပြုခြင်း**

" တရားရုံးများသည် စီရင်ထုံးများကို လေ့လာသုံးစွဲတတ်ဖို့လိုသည်။ တွေးခေါ်ယူဆတတ်ရန်လည်းကောင်း၊ လမ်းညွှန်မှုရနိုင်ရန် လည်းကောင်း စီရင်ထုံးများကို ဖတ်ရှုလေ့လာကောင်းသည်။ သို့ရာတွင် မှုခင်းစစ်ဆေးရာတွင် အချက်အလက်တို့ကို အပြည့်အစုံဖော်ထုတ်၍ မှတ်တမ်းတင်ရမည်။ အချက်အလက်များ ထင်ရှားလာသောအခါ ဥပဒေနှင့်ဆက်စပ်၍ သုံးသပ်ရမည်။ **ဥပဒေသည် ထင်ရှားရှင်းလင်းလျက်ရှိလျှင် စီရင်ထုံးကိုးကားရန်ပင် မလိုပေ။** စီရင်ထုံးများများကို ကိုးကားနိုင်မှ စီရင်ချက်ပီသသည် မဟုတ်။ မှန်ဖို့၊ ရှင်းလင်းဖို့၊ စီရင်ချက်ကို ခံယူရသူတို့ နားလည်သဘောပေါက်ဖို့က အရေးကြီးသည်။

လမ်းညွှန်မှုလိုလျှင် စီရင်ထုံးကို ကိုးကားနိုင်သည်။ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးများ ရှိလျှင် အခြားစီရင်ထုံးများ ကိုးကားရန်မလို။ နိုင်ငံခြားစီရင်ထုံးများ ကိုးကားခြင်းမပြုအပ်ချေ။ ဗဟုသုတအလို့ငှာ ဖတ်ရှုကောင်းသော်လည်း ၎င်းတို့ကို မှီငြမ်းပြုရန်ကား မလျော်ချေ။ နိုင်ငံတွင်း၌ဖြစ်ပွားသော တစ်မှုနှင့် အခြားတစ်မှုပင် မတူနိုင်လျှင် နိုင်ငံတွင်း၌ ဖြစ်ပွားသော တစ်မှုနှင့် နိုင်ငံခြား၌ဖြစ်ပွားသော တစ်မှုသည် တူညီနိုင်ဖို့ ပို၍ပင်ခက်ခဲသေးသည်။ ထို့ပြင် တည်ရှိ သော ဥပဒေများသည်လည်း ထပ်တူညီကြသည် မဟုတ်ချေ"ဟူ၍ စီရင်ထုံးတစ်စောင်က လမ်းညွှန်သည်။

**မောင်ပျင်းရိ၏ စောဒက**

ကျွန်တော်က အထက်ပါ စီရင်ထုံးမှုအကြောင်း ရုံးခန်းမှာ လူငယ်များနှင့် ဆွေးနွေးသည်။ ဘယ်သူကမှ ပြန်လှန်မဆွေးနွေးကြပါ။ သို့သော် မောင်ပျင်းရိ တစ်ယောက်က ချက်ချင်းထပြီး "အဲဒါပြောတာပေါ့ ဆရာကြီး...။ ဥပဒေက ထင်ထင်ရှားရှား၊ ရှင်းရှင်းလင်းလင်းရှိနေပြီးသားဆိုရင် စီရင်ထုံးကိုးကားဖို့ မလိုဘူးတဲ့နော်...။ စီရင်ထုံးတွေ အားခဲပြီး ရှာဖွေဖတ်ရှုနေဖို့၊ အပင်ပန်းခံဖို့ လိုပါဦးမလား" ဟု မေးလေသည်။ ဩော်... အတော်အကွက်မြင်သော မောင်ပျင်းရိပါကလား။ သူ့စောဒကကို ကျွန်တော်ပြန်မဖြေမိလိုက်ပါခင်ဗျား။

**ပညာရသည်**

ရှေ့နေဘဝ ပညာရသည်။ တရားရုံးက ပညာရသည်။ ဥပဒေစာအုပ်တွေက ပညာရသည်။ အမှုသည်များထံက ပညာရသည်။ နေရာထောင့်အစုံက ပညာရသည်။ ယူတတ်လျှင်ရသည်။ မောင်ပျင်းရိ (တပည့်)ဆီကလည်း ပညာရသည်။ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာကြုံတတ်သည်ဟုလည်း အဆိုရှိသည် မဟုတ်ပါလား။

**စေတနာ**

ရှေ့နေအိုကြီးများထံမှ ပညာသင်ယူရဦးမည်ဟု တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

> **"လမ်းညွှန်မှုလိုလျှင် စီရင်ထုံးကို ကိုးကားနိုင်သည်။ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးများရှိလျှင် အခြားစီရင်ထုံးများ ကိုးကားရန်မလို။ နိုင်ငံခြားစီရင်ထုံးများ ကိုးကားခြင်းမပြုအပ်ချေ။ ဗဟုသုတအလို့ငှာ ဖတ်ရှုကောင်းသော်လည်း ၎င်းတို့ကို မှီငြမ်းပြုရန်ကား မလျော်ချေ။ နိုင်ငံတွင်း၌ဖြစ်ပွားသော တစ်မှုနှင့် အခြားတစ်မှုပင် မတူနိုင်လျှင် နိုင်ငံတွင်း၌ ဖြစ်ပွားသော တစ်မှုနှင့် နိုင်ငံခြား၌ဖြစ်ပွားသော တစ်မှုသည် တူညီနိုင်ဖို့ ပို၍ပင်ခက်ခဲသေးသည်"**

## ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်း မွမ်းမံသင်တန်းဖွင့်

**ကော့ကရိတ် မေ ၇**

ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ကွပ်ကဲမှုအောက်ရှိရုံး ရဲစခန်းများမှ တပ်ဖွဲ့ဝင် ၂၀ ဖြင့် ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်းဆိုင်ရာ(မွမ်းမံ) သင်တန်း အမှတ်စဉ်(၂/၂၀၁၉)ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး နိုင်နိုင်ထွန်းက ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းဆရာများက ရဲလက်စွဲဘာသာ၊ ရဲကျင့်ဝတ်ဘာသာ၊ ရဲစည်းကမ်းဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ **တင်ဝင်းလှိုင်**

# ရောဝတီတိုင်းဒေသကြီးအတွင်း ရခိုင်စာပေသင်ကြားရေး ဆွေးနွေး

**ဟိုင်းကြီးကျွန်း မေ ၇**

ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းဝေးခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတင်စောသည် ရပ်ကွက်၊ ကျေးရွာများမှ ရခိုင်စာပေသင်ကြားနေကြသည့် ဆရာ ဆရာမများ၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များနှင့် တွေ့ဆုံပြီး စာပေသင်ကြားရေးကိစ္စများကို ဆွေးနွေးကာ ရခိုင်စာပေယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ဖော်ဆောင်ရေးကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းသည်။

အခမ်းအနားတွင် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ယနေ့ဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ရခိုင်စာပေသင်ကြားနေကြသည့် ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးမှူးများ၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ တက်ရောက်လာကြသည့်အတွက် အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ရခိုင်စာပေနှင့်ပတ်သက်၍ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည့် ဆရာ ဆရာမများရှိသည့် ကျောင်းများတွင် နွေရာသီစာပေသင်ကြားရေး အစီအစဉ်အဖြစ် မေလတစ်လကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မေလ၏ ပထမပတ်အတွင်း စတင်အကောင်အထည်ဖော်ရမည်ဖြစ်ပြီး မိမိတို့ဒေသနှင့်ကိုက်ညီသည့်အချိန်နေ့ရက်တို့ကို ကျောင်းအုပ်ကြီးများ၊ ကော်မတီများ၊ ဆရာ ဆရာမများက ညှိနှိုင်းတိုင်ပင်ကာ တစ်ပတ်လျှင် သုံးရက်နှုန်းသင်ကြားသွားကြရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ယခုကဲ့သို့ရခိုင်စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များကို ဖော်ဆောင်ပေးနေခြင်းမှာ မိမိအနေဖြင့် ရခိုင်တိုင်းရင်းသား တစ်ဦးဖြစ်ကြောင်း၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကို လေးစားချစ်ခင်ကြောင်း၊ လူမျိုးကိုချစ်သည်ဆိုရာ၌ အစွန်းရောက်သောအစွဲကြီးသော ချစ်ခြင်းမျိုး မဖြစ်စေရန်လိုအပ်ကြောင်း၊ ရခိုင်တိုင်းရင်းသားလူငယ်များကို စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များကို သင်ကြားပြသကြရမည့် ဆရာ ဆရာမများကိုလည်း အထူးမှာကြားလိုသည်မှာ သင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိမိတို့၏လူမျိုးကို ချစ်သည့်စိတ်ဖြင့် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း တိုင်းဒေသကြီး ဝန်ကြီးက ပြောသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**



ရခိုင်စာပေသင်ကြားရေး ဆွေးနွေးနေစဉ်။

# မြစိမ်းရောင်ချေးငွေဖြင့် ချေးယူပြီးမွေးမြူသော သိုး၊ဆိတ်နှင့် ဝက်များစျေးကောင်းရ



မြစိမ်းရောင်ငွေဖြင့် မွေးမြူထားသော ဆိတ်များကို တွေ့ရစဉ်။

**ချောင်းဦး မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကိုးတောင်ကန်ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် မွေးမြူသော သိုး၊ ဆိတ်နှင့် ဝက်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စျေးကောင်းရသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးဝင်းထံမှ သိရသည်။

“ဒီကျေးရွာက မြစိမ်းရောင်စီမံကိန်းကြောင့် ဟိုတုန်းကအခြေအနေနဲ့ အတော့်ကို ပြောင်းလဲလာတယ်။ ကျေးရွာသူ ကျေးရွာသားတွေကလည်း မွေးမြူရေးလုပ်ငန်းကို ပိုပြီးစိတ်ဝင်စားလာတယ်။ မြစိမ်းရောင်စီမံကိန်း ဖော်ဆောင်တာ အခုဆိုရင် လေးကြိမ်မြောက်ပြီးလို့ ငါးကြိမ်မြောက်အတွက် ချေးငွေကျပ် ၅၄၈ သိန်းကို ထုတ်ချေးပေးထားတယ်။ အခုနှစ်က သိုး၊ ဆိတ်နဲ့ ဝက်စျေးတွေက ကောင်းတော့ ရွာသူ ရွာသားတွေ အတော်ကို အဆင်ပြေတယ်လို့ ပြောရမှာပါ”ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် အိမ်ခြေ ၈၀ ခန့်မှ မွေးမြူရေးလုပ်ငန်းအဖြစ် သိုး၊ ဆိတ် အကောင်ရေ တစ်သိန်းဝန်းကျင်ခန့်နှင့် ဝက်ကောင်ရေ တစ်ထောင်ဝန်းကျင်ခန့် မွေးမြူထားရာ ယခုနှစ် စျေးကောင်းသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

# မီးလောင်မှုဖြစ်၍ မီးခိုးအန္တရာယ်ကြုံတွေ့ရလျှင်

(၁) စိတ်ကိုတည်ငြိမ်စွာထိန်း၍ ကြမ်းပြင်ပေါ်သို့ မှောက်ချပါ။

(၂) မိသားစုဝင်အားလုံး သိရှိနိုင်အောင် အော်ဟစ်၍ အကြောင်းကြားပါ

(၃) တံခါးပေါက်ရှိရာသို့ လေးဖက်ထောက်(သို့မဟုတ်) မိချောင်းတက်အနေအထားဖြင့် အမြန်ထွက်ခွာပါ။ မိသားစုအားလုံး အပြင်သို့ရောက်လျှင် တံခါးပြန်ပိတ်ပါ။

(၄) လွတ်မြောက်နေရာသို့ အမြန်ထွက်ခွာရင်း ပတ်ဝန်းကျင်မှ သိရှိအောင် အော်ဟစ်အကူအညီတောင်းပါ။ မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံးအကြောင်းကြားပါ။

(၅) အသက်ရှူကိရိယာ မရှိပါက လက်ကိုင်ပဝါ(သို့မဟုတ်)အဝတ်ကို ရေဆွတ်ပြီး နှာခေါင်းကို ပိတ်စည်းထားပါ။

(၆) အထပ်မြင့် အဆောက်အအုံပေါ်မှ မီးဘေးလွတ်မြောက်ရန် ခုန်ချခြင်း မပြုလုပ်ရပါ။



# ထောင့်သန်းရောဂါမဖြစ်စေရေး ကျေးရွာများသို့ ကာကွယ်ဆေးကွင်းဆင်းထိုးနှံပေးလျက်ရှိ

**ညောင်ဦး မေ ၇**

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မောင်လတ်၏ ညွှန်ကြားမှုဖြင့် ညောင်ဦးမြို့နယ် အတွင်းရှိ မွေးမြူရေးဖြင့် လုပ်ကိုင်စားသောက်နေသည့် ကျေးရွာများသို့ ထောင့်သန်းရောဂါကာကွယ်ဆေးများ ကျေးရွာများသို့ ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း၊ ကျေးရွာများသို့ ထောင့်သန်းရောဂါကာကွယ်ဆေးများ လိုက်လံထိုးနှံပေးလျက်ရှိကာ ထောင့်သန်းရောဂါအကြောင်း ဟောပြောပွဲများ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးများလိုက်လံထိုးနှံပေးလျက်ရှိရာ မေ ၄ ရက်က ငါ့လင်းပုတ်ကျေးရွာတွင် နွားကောင်ရေ ၁၇၈ ကောင်၊ ချောင်းဝကျေးရွာတွင် ၈၁ ကောင်၊ မေ ၅ ရက်တွင် သဲတွင်းကုန်းရွာ ၂၅၁ ကောင်၊ ငါ့လင်းပုတ်ရွာဆိတ်ကောင်ရေ ၁၅၈ ကောင်၊မေ ၆ ရက်က ပျဉ်တိုင်းရွာတွင် နွားကောင်ရေ ၂၆၆ ကောင်၊ ပန်းကုန်းပင်တွင် ၁၁၅ ကောင်၊ ရွာသစ်တောင်တွင် ၂၅၁ ကောင်နှင့် အုတ်လှေကားကျေးရွာတွင် နွား၇၃ ကောင်တို့ကို ထောင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

# လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ပုံစံ(၇) ပေးအပ်

**သုံးခွ မေ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ပုံစံ(၇) ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ဦးမျိုးဆွေ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲ ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်တို့က အမှာစကားပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီလတ်က လယ်ယာမြေများကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ သတ်မှတ်ထားသောစာချုပ်နှင့်အညီရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမေရိကန်အခြေစိုက် လန်ဒန်ဆာအဖွဲ့အစည်းမှ ဒါရိုက်တာ Mr. David Abrahamson က မိတ်ဆက်စကားပြောကြားပြီး ဘိတ်သိက်၊ သာသာမြိုင်၊ မဟာမိတ်ကျေးရွာများမှ တောင်သူ ၇၄ ဦးတို့အား တာဝန်ရှိသူများက ပုံစံ(၇)များ ပေးအပ်ခဲ့ကြသည်။

**ကိုကျော်(သုံးခွ)**

# သရက်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၅ ခု ဆောင်ရွက်မည်

**သရက် မေ ၇**

သရက်မြို့နယ် စည်ပင်သာယာရေးကော်မတီသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် မြို့တွင်းလမ်းများကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

သရက်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် ဝန်ထမ်းများသည် ယမန်နေ့က ယခုဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လမ်းမတော်လမ်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းတွင် စုပေါင်းထားသော ကျောက်များ ရောက်ရှိမှု၊ မိုးရာသီမတိုင်မီ အမြန်ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် လမ်းကော်မတီဝင်များနှင့်အတူ တွေ့ဆုံပြီး ပွင့်လင်းမြင်သာစွာနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရပ်ကွက်အလိုက် ရေစီးရေလာကောင်းမွန်ရေးအတွက် Box Culvert များဆောင်ရွက်မှု၊ ကျွန်းသာယာပန်းခြံ ပြုပြင်မည့်အစီအစဉ်များကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် လမ်း၊ တံတား၊ ရေပေးရေးနှင့် သာယာလှပရေးတို့အတွက် လုပ်ငန်း ၂၅ ခုအတွက် ငွေကျပ် ၂၆၈ ဒသမ ၉၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**ပေါက်ကလေး (သရက်)**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာဟောပြောပွဲနှင့် ကျေးလက်နေပြည်သူများအား အခမဲ့ဆေးဝါးကုသပေး

**သာယာဝတီ မေ ၇**

သာယာဝတီမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အရှေ့သပြေကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိအောင်က သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော ကြိုတင်ကာကွယ်ရေးနည်းလမ်းများအား သိရှိထားရမည့်အချက်များ ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ကျေးလက်ကျန်းမာရေးမှူး ဒေါ်နီနီချိုက အပူဒဏ်အန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် ကျန်းမာရေးဌာနမှ ဆရာမများက ကျေးလက်နေပြည်သူများအား သွေးတိုးရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ အထွေထွေရောဂါများ ရှိ မရှိစစ်ဆေးကာ ဆေးဝါးအခမဲ့ကုသပေးခဲ့သည်။ တက်ရောက်လာသော ပြည်သူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# နှလုံးသားလှသည့် ကြက်ခြေနီ

**တက္ကသိုလ်ပွင့်သူအောင်**

**နှစ်စဉ် မေလ ၈ ရက်သည် "ကမ္ဘာ့ကြက်ခြေနီနေ့" (World Red Cross Day) ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် မေလ ၈ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပကြသည်။ ယင်းကဲ့သို့ ကျင်းပရခြင်းမှာ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် မေတ္တာ၊ ကရုဏာ၊ စေတနာတို့ဖြင့် စွမ်းစွမ်းတမံ ပါဝင်ကူညီပေးနေကြသော နှလုံးသားလှသည့် ကြက်ခြေနီမောင်မယ်တို့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပပေးခြင်းပင်ဖြစ်သည်။**

**နောက်ခံသမိုင်း**

လွန်ခဲ့သော ၁၈၅၉ ခုနှစ် ဇွန်လ ၂၄ ရက်တွင် အီတလီနိုင်ငံမြောက်ဘက်ရှိ "ဆိုဖာရီနို" ဟုခေါ်သော ကျေးရွာအနီး၌ ပြင်သစ်နှင့် ဩစတြီးယားတပ်များ တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲစတင်ဖြစ်ပွားချိန်မှ ၁၆ နာရီအကြာတွင် သေကျေဒဏ်ရာရရှိသူပေါင်း ၄၀၀၀၀ ကျော်ခန့်သည် စစ်မြေပြင်တစ်ခုလုံး မြင်မကောင်းအောင် ပြန့်ကျဲနေသည်။ ယင်းနေ့ခင်းမှာပင် ဆွစ်ဇာလန်နိုင်ငံသားဖြစ်သူ "ဟင်နရီဒူးနန့်" (Henry Dunant) သည် စီးပွားရေးကိစ္စတစ်ခုဖြင့် ခရီးထွက်ခွာလာရင်း ယင်းဒေသကို ဖြတ်ကျော်ရောက်ရှိခဲ့သည်။

စစ်မြေပြင်ပေါ်ရှိ နှစ်ဖက်စစ်ဖြစ်ပွားသူများမှ ထောင်ပေါင်းများစွာသော စစ်သားများသည် ဆေးဝါးကုသပြုစုစောင့်ရှောက်ပေးမှု တစ်စုံတစ်ရာမရှိဘဲ ဒဏ်ရာဒဏ်ချက်များဖြင့် ဝေဒနာခံစားနေရသည့် မြင်ကွင်းက ဟင်နရီဒူးနန့်ကို ထိတ်လန့်သွားစေခဲ့သည်။ ထို့ကြောင့် ဟင်နရီဒူးနန့်သည် ဒေသခံကျေးရွာသူကျေးရွာသားများအား သူနှင့်အတူ ဒဏ်ရာရရှိနေကြသည့် စစ်သည်များကို ပြုစုကူညီပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ ထို့ပြင် နှစ်ဖက်စလုံးမှ စစ်သည်များကို ကျောသားရင်သားမခွဲခြားကြဘဲ ပြုစုကုသပေးရန် ထပ်တလဲလဲပြောသည်။

ထို့နောက် ဟင်နရီဒူးနန့်သည် ဆွစ်ဇာလန်နိုင်ငံသို့ ပြန်ရောက်သောအခါ "ဆိုဖာရီနို အောက်မေ့ဖွယ်" စာအုပ်ကို ရေးသား ထုတ်ဝေခဲ့သည်။ ယင်းအရပ်တွင် စစ်ဖြစ်ချိန်၌ ဒဏ်ရာရသူများကို ပြုစုစောင့်ရှောက်ပေးမှုအတွက် အရန်အသင့်ဖြစ်ရန်နှင့် သူနာပြုများပါဝင်သော ကယ်ဆယ်ရေးအဖွဲ့များ ငြိမ်းချမ်းရေးကာလမှာပင် ဖွဲ့စည်းထားရန်၊ စစ်- ဆေးတပ်ဖွဲ့များအား အကူအညီပေးရန် ဆင့်ခေါ်ထားသော စေတနာ့ဝန်ထမ်းလုပ်အားရှင်များအား အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ဖြင့် အသိအမှတ်ပြုရန်နှင့် အကာအကွယ်ပေးရန်ဟူသော မေတ္တာရပ်ခံချက်နှစ်ခုကို တင်ပြခဲ့သည်။

ဟင်နရီဒူးနန့်၏ မေတ္တာရပ်ခံချက်များကြောင့် ၁၈၆၃ ခုနှစ်၌ ဂျီနီဗာလူမှုဖူလုံရေးအသင်းဟု လူသိများသော ကုသိုလ်ဖြစ်အသင်းသည် ငါးဦးကော်မရှင်တစ်ရပ်ဖွဲ့စည်းခဲ့ရာ ယင်းအသင်း၌ ဟင်နရီဒူးနန့်လည်း ပါဝင်ခဲ့သည်။ ထိုကော်မရှင်သည် ဒဏ်ရာရရှိထားသူများအား ပြုစုစောင့်ရှောက်ရေးနှင့်ဆိုင်သော အပြည်ပြည်ဆိုင်ရာကော်မတီ (International Committee for Relief to the Wounded) ကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီသည် နောက်ပိုင်း၌ "အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ" (International Committee of the Red Cross -ICRC) ဖြစ်လာခဲ့သည်။ ထို ICRC ၏ တက်ကြွနိုးကြားသော လှုပ်ရှားမှုသက်တမ်းသည်ပင်လျှင် နှစ်ပေါင်း ၁၅၆ နှစ်ရှိခဲ့ပြီး ကမ္ဘာပေါ်တွင် ဤသို့သော သက်တမ်းရင့် လူမှုအကျိုးပြုပရဟိတအဖွဲ့အစည်းမျိုးမှာ ရှားလှသည်။

ယင်းငါးဦးကော်မရှင်၏ ဖိတ်ကြားချက်အရ နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် ပရဟိတအသင်းလေးသင်းတို့သည် ၁၈၆၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် ဂျီနီဗာ၌ကျင်းပသော အပြည်ပြည်ဆိုင်ရာညီလာခံသို့ ၎င်းတို့၏ ကိုယ်စားလှယ်များကို စေလွှတ်ခဲ့သည်။ ထိုအပြည်ပြည်ဆိုင်ရာညီလာခံမှ ဆွစ်ဇာလန်နိုင်ငံတော်အလံကို အရောင်များပြောင်းပြန်ပြုလုပ်၍ အဖြူရောင်နောက်ခံပေါ်တွင် အနီရောင်ကြက်ခြေနီပါရှိသည့် သင်္ကေတကို သတ်မှတ်ခဲ့ရာမှ ကြက်ခြေနီဟူ၍ စတင်ပေါ်ပေါက်လာခဲ့ခြင်းပင်ဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီနေ့ကို ၁၈၂၈ ခုနှစ် မေလ ၈ ရက်တွင် မွေးဖွားခဲ့သော ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် မေလ ၈ ရက် သတ်မှတ်ခဲ့သည်။ ကြက်ခြေနီဖခင်ကြီး ဟင်နရီဒူးနန့်မှာ ငယ်စဉ်ကပင် ဘာသာတရားကိုင်းရှိုင်းသူဖြစ်သည်။ ဟင်နရီးဒူးနန့်သည် ၁၉၀၁ ခုနှစ်၌ ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိခဲ့သည်။ ၁၉၁၀ ပြည့်နှစ်၌ ကြက်ခြေနီဖခင်ကြီး ဟင်နရီဒူးနန့်မှာ ကွယ်လွန်ခဲ့သည်။

**ကြက်ခြေနီ၏ အခြေခံမူ (၇) ချက်**

ယနေ့ကမ္ဘာတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုသည် နိုင်ငံအားလုံးနီးပါး၌ တည်ရှိပြီး ယုံကြည်ချက်အပြည့်အဝကိုယ်စီဖြင့် လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ ယင်းအဖွဲ့များတွင် အဖွဲ့ဝင်နှင့် စေတနာလုပ်အားရှင်ပေါင်းသန်း ၁၀၀ ခန့် ပါဝင်ကြောင်း သိရသည်။ အထူးသဖြင့် ကြက်ခြေနီ၏ အခြေခံမူ (၇) ချက်မှာ လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်မှုရှိခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ပင် ဖြစ်သည်။




**"၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၌ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခတ်ချိုကျေးရွာအနီး တပ်မတော်ယာဉ်တစ်စီး ဧရာဝတီမြစ်အတွင်း ထိုးကျတိမ်းမှောက်သွားခဲ့ရာ ထိုအချိန်က ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် စိုင်းအောင်လှိုင်မြင့်က ဧရာဝတီမြစ်အတွင်းယာဉ်နှင့်အတူ ရေနစ်နေသော ယာဉ်မောင်းရဲဘော်ခင်မောင်အေးကို ရေခဲတမျှအေးနေသည့် ဧရာဝတီမြစ်အတွင်းဆင်း၍ သက်စွန့်ဆံဖျားကယ်တင်ကာ ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုပေးခဲ့သဖြင့် ရဲဘော် ခင်မောင်အေးမှာ အသက်ရှင်သွားခဲ့သည်"**

ယင်းအခြေခံမူ (၇)ချက်ကြောင့် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုသည် စည်းလုံးညီညွတ်မှု၊ ယုံကြည်မှုတို့ရှိနေပြီး ထိုအခြေခံမူများက လမ်းညွှန်ထားသည့်အတိုင်း လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းကို ၁၉၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယင်းဖက်ဒရေးရှင်းသည် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေများတွင် လမ်းညွှန်မှုပေးခြင်း၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကြီး**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကြီးကို (က) အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ (ခ) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ (ဂ) အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖြင့် ဖွဲ့စည်းထားသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် ဘက်လိုက်မှုကင်း၍ ကြားနေပြီး လွတ်လပ်စွာ ရပ်တည်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကော်မတီ၏ လုပ်ငန်းတာဝန်မှာ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ စစ်မက်ပဋိပက္ခများနှင့် ပြည်တွင်းအကြမ်းဖက်မှုများကြောင့် ဒုက္ခရောက်နေသူများ၏ အသက်နှင့် လူ့သိက္ခာတို့ကို အကာအကွယ်ပေးရန်နှင့် လိုအပ်သော အထောက်အပံ့များပေးရန်ဖြစ်သည်။ ၁၈၆၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကြီး၏ မူလအစပင်ဖြစ်သည်။ ယင်းလှုပ်ရှားမှုများမှာ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် ရှိနေသောကြောင့်၊ အဖွဲ့ဝင်နှင့် စေတနာလုပ်အားရှင်ပေါင်း သန်း ၁၀၀ ခန့် ပါဝင်လှုပ်ရှားလျက်ရှိသည်။ အထူးသဖြင့် ICRC သည် စစ်ပွဲများတွင် လည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများတွင်လည်းကောင်း ဘက်လိုက်မှုမရှိဘဲ ကြားနေပြီး ဒုက္ခရောက်သူများအနက် အရေးအကြီးဆုံးနှင့် အဆောတလျင် အကူအညီပေးရမည့်ကိစ္စများကို ဦးစားပေးဆောင်ရွက်လေ့ရှိသည်။ ထို့ပြင် လူတိုင်း၏ စိတ်ချယုံကြည်မှုကို အမြဲတမ်းရရှိစေရန် အားထုတ်လျက်ရှိနေခြင်းကြောင့် အပြစ်မဲ့ပြည်သူများအတွက် အားကိုးအားထားပြုရာ အဖွဲ့အစည်းကြီးအဖြစ် ရပ်တည်နေသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) သည် ယခုနှစ်တွင် ၁၅၆ နှစ်ပြည့်ပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ပေါက်ဖွားလာခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ထိုသို့ ဖွဲ့စည်းစဉ်က မြန်မာနိုင်ငံသည် ဗြိတိသျှအင်ပါယာ၏ ပြည်နယ်ခွဲဖြစ်နေ၍ အိန္ဒိယကြက်ခြေနီအသင်းခွဲသာ ဖြစ်ခဲ့သည်။ ၁၉၃၇ ခုနှစ်၌ မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထုတ်သောအခါ မြန်မာနိုင်ငံကြက်ခြေနီအသင်းဖြင့် စတင်တည်ထောင်ခဲ့ရာ ယခုနှစ်တွင် ၈၂ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဘေးဒုက္ခကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်သော လူမှုကရုဏာလုပ်ငန်းများကို အချိန်အခါမရွေးလုပ်ဆောင်သည့် ထိပ်တန်းအဖွဲ့အစည်းဖြစ်စေရန် မျှော်မှန်းချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းပင်ဖြစ်သည်။ အသင်းကြီး၏ဆောင်ပုဒ်အဖြစ် "ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဟူသော ရည်ရွယ်ချက်ထားရှိခဲ့သည်။ ထိုရည်ရွယ်ချက်များအောင်မြင်စေရန်လုပ်ငန်းစဉ် (၃)ရပ်ဖြစ်သော ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးကာကွယ်တားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများကို အကူအညီပေးရန်တို့ကို ချမှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် ၁၉၄၆ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အသင်းတစ်သင်းဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၄၈ ခုနှစ်၌ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးသည့်နောက်ပိုင်း ၁၉၄၉ ခုနှစ်တွင် ဂျီနီဗာအစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ကိုက်ညီစေရန်လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေကို တရားလွှတ်တော်၏ခွင့်ပြုချက်အရ ပြင်ဆင်ခဲ့သည်။ နိုင်ငံတော်အစိုးရက ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကိုပြဋ္ဌာန်းပေးကာ အမြဲတမ်းလူမှုကရုဏာအသင်းအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ အဆိုပါ အက်ဥပဒေ စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့ကို မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ယင်းအက်ဥပဒေကို ၁၉၆၄ ခုနှစ်တွင်လည်းကောင်း၊ ၁၉၇၁ ခုနှစ်တွင်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင်လည်းကောင်း ထပ်မံပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ ထို့နောက် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းချက်အရ ဗမာနိုင်ငံကြက်ခြေနီအသင်းမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

ထိုစဉ်က မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် အသင်းဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံတော်တရားဝန်ကြီးဆာဘဦး(နောင် မြန်မာနိုင်ငံ၏ ဒုတိယမြောက်သမ္မတကြီးဒေါက်တာဘဦး)က လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ဒေါက်တာဘဦး သမ္မတကြီးဖြစ်လာ၍ ကြက်ခြေနီအသင်းဥက္ကဋ္ဌအဖြစ် တရားလွှတ်တော်တရားဝန်ကြီး ဦးအောင်ခိုင်ကလည်းကောင်း ဆောင်ရွက်ခဲ့သည်။ထို့နောက် စာရင်းစစ်ချုပ်ဦးစန်းမောင်၊ ဆေးတက္ကသိုလ်-၂ ပါမောက္ခချုပ်အငြိမ်းစားဒေါက်တာ သာလှရွှေတို့က ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ လက်ရှိမြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌမှာ ပါမောက္ခဒေါက်တာမြသူဖြစ်သည်။ ထို့ပြင် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပုဒ်မ-၄ အရ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သည်။

မြန်မာနိုင်ငံ၌ ကြက်ခြေနီအသင်းများဖွဲ့စည်းထားမှုမှာ ၂၀၁၅ ခုနှစ်စာရင်းများအရ တိုင်းဒေသကြီးနှင့်ပြည်နယ်အသင်း ၁၅ သင်း၊ မြို့နယ်အသင်း ၃၀၂ သင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရှိမြို့ပေါင်း ၂၅၀၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ၈၀၀၉၁ ဦးနှင့် ကြက်ခြေနီအသင်းဝင်ပေါင်း ၁၄၀၀၀၀ ကျော်ရှိသည်။ ယင်းအဖွဲ့ဝင်များအနက်မှ စနစ်တကျလေ့ကျင့်ပေးထားပြီးဖြစ်သော စေတနာလုပ်အားရှင် ၁၄၀၀၀ ခန့်တို့က ရောဂါဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုမှန်သရွေ့ကို ယုံကြည်မှုအပြည့်၊ အားမာန်အပြည့်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**နှလုံးသားလှသည့် ကြက်ခြေနီ**

မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ဝင်များသည် ဆင်းရဲဒုက္ခနည်းပါး သက်သာစေရန်ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဒုက္ခအခက်အခဲရောက်နေသူ၊ ထိခိုက်ဒဏ်ရာရနေသူ စသည့်အကူအညီလိုအပ်နေသောမည်သူမဆို လူမျိုးမရွေး၊ ဘာသာမရွေး၊ အယုတ်အလတ် အမြတ်မရွေး၊ အရွယ်မရွေး၊ အချိန်မရွေး၊ နေရာမရွေး ကယ်တင်ကူညီဆောင်ရွက်နေကြသော နှလုံးသားလှသူများပင်ဖြစ်သည်။ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့သမိုင်းတစ်လျှောက်တွင် စွန့်လွှတ်စွန့်စား၍ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ကူညီကယ်တင်စောင့်ရှောက်ခဲ့သည့်ဖြစ်စဉ်များ မြောက်မြားစွာရှိခဲ့သည်။ ယင်းဖြစ်စဉ်ထဲမှ ကမ္ဘာ့သမိုင်း၊ ကမ္ဘာ့ကြက်ခြေနီသမိုင်းဝင်ဖြစ်စဉ်တစ်ခုမှာ ၁၉၇၆ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၌ကချင်ပြည်နယ် မြစ်ကြီးနားမြို့ခတ်ချိုကျေးရွာအနီး တပ်မတော်ယာဉ်တစ်စီး ဧရာဝတီမြစ်အတွင်းထိုးကျတိမ်းမှောက်သွားခဲ့ရာ ထိုအချိန်က ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် စိုင်းအောင်လှိုင်မြင့်က ဧရာဝတီမြစ်အတွင်းယာဉ်နှင့်အတူ ရေနစ်နေသော ယာဉ်မောင်း ရဲဘော်ခင်မောင်အေးကို ရေခဲတမျှအေးနေသည့် ဧရာဝတီမြစ်အတွင်းဆင်း၍ သက်စွန့်ဆံဖျားကယ်တင်ကာ ရှေးဦးသူနာပြုစုနည်းဖြင့်ပြုစုပေးခဲ့သဖြင့် ရဲဘော် ခင်မောင်အေးမှာ အသက်ရှင်သွားခဲ့သည်။ ရဲဘော်ခင်မောင်အေးကို စိုင်းအောင်လှိုင်မြင့်ကိုယ်တိုင်ထမ်းပြီး ဝိုင်းမော်ဆေးရုံအရောက်ပို့ဆောင်ပေးခဲ့သည်။ ထိုဖြစ်စဉ်အတွက် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၅ ရက်က ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့မှာ ကျင်းပသည့် (၂၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံမှာ စိုင်းအောင်လှိုင်မြင့်ကို ကမ္ဘာ့ကြက်ခြေနီ၏အမြင့်ဆုံးဆုတံဆိပ်ဖြစ်သော ဟင်နရီဒူးနန့် ဆုတံဆိပ်ကို ချီးမြှင့်ပေးခဲ့သည်။

ကြက်ခြေနီဖခင်ကြီး ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသည့်အနေဖြင့် အမည်ပေးထားသော ဟင်နရီဒူးနန့်ဆုသည် ကမ္ဘာ့ကြက်ခြေနီ၏ အမြင့်ဆုံးဆုတံဆိပ်ပင်ဖြစ်သည်။ ထိုစဉ်က စိုင်းအောင်လှိုင်မြင့်မှာ အသက် ၂၂ နှစ် အရွယ်သာရှိသည်။ ယင်းဆုတံဆိပ်ကို စိုင်းအောင်လှိုင်မြင့်လက်ခံရရှိခြင်းသည် အာရှမှာဒုတိယမြောက်နှင့် အရှေ့တောင်အာရှတွင် ပထမဆုံးဆုရရှိသူပင်ဖြစ်သည်။

ထို့အတူ ၂၀၁၅ ခုနှစ်က ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ခရိုင်တွင် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ဂုဏ်ယူလေးစားဖွယ်ရာအဖြစ် ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုခဲ့သည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင် လောက်ကိုင်တိုက်ပွဲရှောင်ပြည်သူများအား ကြက်ခြေနီအလံလွှင့်ထူထားသော မော်တော်ယာဉ်များနှင့် ကြက်ခြေနီဝတ်စုံဝတ်ဆင်ပြီး သွားရောက်ကူညီကယ်ဆယ်နေစဉ် လက်နက်ကိုင်များပစ်ခတ်မှုကြောင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအပါအဝင် ပြည်သူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ယင်းတို့အထဲမှ ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်း၏ ဒုတိယအရာခံဗိုလ် ဦးမိုးကျော်သန်း ကွယ်လွန်သွားခဲ့သည်။

မေတ္တာနှင့်စေတနာအခြေခံဖြင့် အကြင်နာတရားကို မဏ္ဍိုင်ပြုကာ ခွဲခြားမှုမရှိဘဲ၊ အစွဲအလမ်းကင်းသည့် စိတ်ဓာတ်ဖြင့် ပရဟိတလုပ်ငန်းကိုသာ ဆောင်ရွက်နေကြသော နှလုံးသားလှသည့် ကြက်ခြေနီမောင်မယ်များအား ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# အရှေ့တောင်အာရှချန်ပီယံရှစ် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုကစားသမားများ ဆုတံဆိပ်များ ရရှိ

**ရန်ကုန် မေ ၇**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မေ ၄ ရက်မှ ၅ ရက်အထိကျင်းပခဲ့သော (၁၄) ကြိမ်မြောက် အရှေ့တောင်အာရှချန်ပီယံရှစ် တိုက်ကွမ်ဒိုပြိုင်ပွဲ အကြိုဖိတ်ခေါ်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု တိုက်ကွမ်ဒိုအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေသုံးခု၊ ကြေးကိုးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင်အသင်းတွင် ကျော်မင်းနိုင်က ၈၀ ကီလိုအတိုက်တွင် ငွေတစ်ခု၊ ဇော်လင်းထက်က-၅၈ ကီလိုအတိုက်တွင် ကြေးတစ်ခု၊ ဖုန်းသက်နိုင်က Freestyle Poomsae တွင် ကြေးတစ်ခု၊ စိုးရွှေစင်ထွန်းက ၄၉ ကီလိုအတိုက်တွင် ကြေးတစ်ခု၊ ဒေဇီဦးဂျူလီယက်က ၅၃ ကီလိုအတိုက်တွင် ကြေးတစ်ခုဖြင့် လည်းကောင်း၊ ဂျူနီယာအသင်း၌ စိုင်းစိုင်းဝင်းထွဋ်အောင်က ၆၅ ကီလိုအတိုက်တွင် ငွေတစ်ခု၊ စွမ်းထက်နိုင်က ၇၈ ကီလိုအတိုက်တွင် ငွေတစ်ခု၊ ထွန်းလင်းအောင်က ၃၃ ကီလို၊ သော်ဇင်ဟိန်းက ၄၄ ကီလို၊ မြတ်မင်းဟန် ၄၅ကီလို၊ ထူးသဥ္ဇာအောင်က ၃၃ ကီလိုနှင့် နန်းနေခြည်အောင် ၄၄ ကီလိုတန်းပြိုင်ပွဲတို့တွင် ကြေးတစ်ခုစီ အသီးသီးဆွတ်ခူးရရှိပြီး အာဆီယံ အကောင်းဆုံးဒိုင်လူကြီးဆုကို ဦးညီညီအောင်က ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ဖိလစ်ပိုင် မြန်မာ၊ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ တီမောနှင့် စင်ကာပူနိုင်ငံတို့မှ အားကစားသမား ၄၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

"ဒီပြိုင်ပွဲမှာ လက်ရွေးစင်နည်းသလို လူငယ်မျိုးဆက်သစ်ကစားသမားအများဆုံး ပါဝင်တယ်။ လူငယ်တွေက ပြည်ပပြိုင်ပွဲပထမဆုံးအကြိမ်ဖြစ်ပြီး ဆုတံဆိပ်တွေ ရယူနိုင်ခဲ့တယ်။ မြန်မာအိမ်ရှင်အကြိုဆီးဂိမ်းမှာ ဆုတံဆိပ်မရခဲ့ပါဘူး။ ဒါကြောင့် ကစားသမားတွေ ဒီထက်ကြိုးစားပြီး လေ့ကျင့်မှုတွေ ပြုလုပ်ရင် ဆီးဂိမ်းမှာ ရွှေတံဆိပ်မျှော်မှန်းနိုင်ပါတယ်။ ဆီးဂိမ်းအတွက် ကိုရီးယားနိုင်ငံမှာ ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်သွားမယ်" ဟု နည်းပြချုပ် ဦးကျော်သန်းဦးက ပြောသည်။



မြန်မာတိုက်ကွမ်ဒိုအားကစားသမားအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံတိုက်ကွမ်ဒို အဖွဲ့ချုပ်မှ အုပ်ချုပ်သူများ၊ နည်းပြများ၊ လက်ရွေးစင်အားကစားသမားများ စုစုပေါင်း ၂၅ ဦးတို့သည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးမြသိန်း၊ နည်းပြချုပ် ဦးကျော်သန်းဦး၊ အားကစားသမားများနှင့် မိဘဆွေမျိုးများ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာဦးသိန်းဇော်ဝင်းက ထီးလှိုင်ကျေးရွာ တောင်သူများသို့ မေ ၆ ရက်က ၂၀၁၉ မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးစဉ်။ သတင်းစဉ်

# မြန်မာ ယူ-၁၅ အမျိုးသမီးအသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၇**

ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံသို့ ယနေ့နံနက်ပိုင်းက ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းပြိုင်ပွဲတွင် အသင်းကိုးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ) တွင် ထိုင်း၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် မေ ၁၀ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို မေ ၉ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပမည် ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဦးအေးမင်း၊ **နည်းပြချုပ်**- ဒေါ်မေသူထွန်း၊ **နည်းစနစ်အကြံပေး**-ဒေါ်စန်းစန်းသိန်း၊ **လက်ထောက်နည်းပြ**-ဒေါ်မာလာဝင်း၊ ဒေါ်မိုးမိုးဝါ၊ **ဂိုးနည်းပြ**-ဒေါ်မေခင်ယမင်း၊ **ကစားသမားများအဖြစ် ဂိုးသမား**-လူစီယာ၊ ရင်ရင်မိုးနိုင်၊ မေဦးခင်၊ **နောက်တန်း**-ဖြူဖွေး၊ မေရီဦး၊ ပိုင်ဖြိုးဆု၊ မိုးပြည့်ပြည့်မောင်၊ ခင်ဖုန်း၊ ဖြိုးဖြိုးဝေ၊ ဂျူးထက်ဝေ၊ ခင်ဒွေးကြိုင်၊ **အလယ်တန်း** - ထူးသိင်္ဂီနိုင်၊ အေးထက်ထက်ပိုင်၊ စန္ဒာလင်း၊ နန်းချို့မွှေး၊ ဒေစီအောင်၊ သန်းသန်းစိုး၊ ဖျားမြမိုးမိုးအေး၊ ကြယ်စင်၊ **ရှေ့တန်း**-ဇင်မိုးပြည့်၊ ယုယနိုင်၊ ဆုမြတ်နိုးနှင့် ဝေနှင်းဖြိုးတို့ လိုက်ပါသွားသည်။

**ညီမြတ်သော်တာ**

# အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ရာတွင် မြန်မာအသင်း Pot-4 ၌ ပါဝင်

**ရန်ကုန် မေ ၇**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ရာတွင် မြန်မာအသင်းသည် Pot-4 ၌ ပါဝင်ခဲ့သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ထိုင်းအပါအဝင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရ လေးသင်း၊ ခြေစစ်ပွဲအောင် လေးသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုမဲခွဲပွဲကို မေ ၂၃ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး Pot-1 တွင် ထိုင်းနှင့် လက်ရှိချန်ပီယံဂျပန်၊ Pot-2 တွင် မြောက်ကိုရီးယား၊ တရုတ်၊ Pot-3 တွင် ဩစတြေးလျနှင့် တောင်ကိုရီးယား၊ Pot-4 တွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည် ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဇွန်လလယ်တွင် စတင်လေ့ကျင့်ပြင်ဆင်မည် ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဥဇဘက်ကစ္စတန်ကို တစ်ဂိုး-ဂိုးမရှိ၊ နီပေါကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဩစတြေးလျကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# အာရှခြေစစ်ပွဲအောင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ ချန်ပီယံ မြန်မာယူ-၁၈ အမျိုးသားအသင်းတို့အား ဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် မေ ၇**

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာ ယူ-၁၈ အမျိုးသားအသင်းတို့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။




ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ ချန်ပီယံ မြန်မာ ယူ-၁၈ အမျိုးသားအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း ဆုငွေပေးအပ်ချီးမြှင့်စဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ယင်းနောက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ ချန်ပီယံ မြန်မာ ယူ-၁၈ အမျိုးသားအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ချီးမြှင့်ငွေကျပ်သိန်း ၁၅၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းကလည်းကောင်း၊ AYA Bank က ချီးမြှင့်သည့် ငွေကျပ်သိန်း၁၅၀ ကို AYA Bank ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်က လည်းကောင်း၊ အာရှခြေစစ်ပွဲ အောင်မြင်ခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကနှင့် KBZ Bank နာယက ဦးအောင်ကိုဝင်းက ချီးမြှင့်သည့် ငွေကျပ် သိန်း ၂၀၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးမိုးဆန်းအောင်က လည်းကောင်း၊ AYA Bank မိသားစုက ချီးမြှင့်သည့် ငွေကျပ်သိန်း ၂၀၀ ကို AYA Bank ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်က လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီက ငွေကျပ်သိန်း ၁၀၀၊ AYA Bank ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်က ငွေကျပ်သိန်း ၁၀၀၊ Fortune TV က ငွေကျပ်သိန်း ၃၀ တို့ ပေးအပ်ချီးမြှင့်သည်။ ယခုဂုဏ်ပြုပွဲတွင် မြန်မာ ယူ- ၁၈ အမျိုးသားအသင်းကို ငွေကျပ်သိန်း ၃၀၀၊ မြန်မာ ယူ-၁၉ အမျိုး သမီးအသင်းကို ငွေကျပ်သိန်း ၆၃၀ ပေးအပ်ချီးမြှင့်ခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေး စင် အမျိုးသမီးအသင်း အိန္ဒိယဖိတ်ခေါ် Hero Gold Cup ပြိုင်ပွဲ ချန်ပီယံဆု ရရှိစဉ်ကနှင့် အိုလံပစ်အမျိုးသမီး ဘောလုံး တတိယအဆင့်ခြေစစ်ပွဲ အောင်မြင်ရာတွင်လည်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့၌ ကျင်းပသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်တွင် အုပ်စု (က) ၌ ပါဝင်ခဲ့ပြီး နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အမျိုးသားအသင်းမှာမူ ဧပြီ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိဘဲ ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**မန်စီးတီးအသင်း ဇာနန်ဒက်စ်အား ခေါ်ယူရန် နီးစပ်လာ**

မန်စီးတီးအသင်းသည် စပို့တင်းလစ္စဘွန်းအသင်းမှ ကွင်းလယ်ကစားသမား ဘရူနို ဇာနန်ဒက်စ် (၂၄ နှစ်) အား ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒီလစ် မန်ယူသို့ ပြောင်းရွှေ့နိုင်မည့် အခွင့်အရေးတစ်ရပ်ကို ပယ်ချ**

အေဂျက်ဇ်ဟိုခံစစ်ကစားသမား ဒီလစ် (၁၉နှစ်) သည် မန်ယူအသင်းသို့ ပြောင်းရွှေ့နိုင်မည့် အခွင့်အရေးတစ်ရပ်ကို ပယ်ချလိုက်ကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**ပေါ့ဂ်ဘာ နွေရာသီတွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လို**

ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ (၂၆နှစ်) သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လိုနေကြောင်း တယ်လီဂရပ်တွင် ဖော်ပြထားသည်။

**ကလော့ပ် နီရက်ဇ်အား ခေါ်ယူလို**

လီဗာပူးနည်းပြ ကလော့ပ်သည် ပေါင် ၃၅ သန်းဖြင့် အေဂျက်အသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား နီရက်ဇ် (၂၂နှစ်) အား ခေါ်ယူလိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**တော့တင်ဟမ်နှင့် အဲဗာတန် ဆဲလ်ဆိုအား ခေါ်ယူရန် ချိန်ရွယ်**

တော့တင်ဟမ်နှင့် အဲဗာတန်အသင်းတို့သည် ရီးရဲဘက်တစ်အသင်းမှ အာဂျင်တီးနားဗဟိုကွင်းလယ်ကစားသမား ဆဲလ်ဆို (၂၃နှစ်) အား ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**မာရှယ်လ်အတွက် ကမ်းလှမ်းမှုများကို ဆိုးလ်ရှား လက်ခံစဉ်းစားသွားဖွယ်ရှိ**

မန်ယူနည်းပြ ဆိုးလ်ရှားသည် လေ့ကျင့်ရေးကွင်းထဲမှ မာရှယ်လ်၏ ပြုမူလုပ်ဆောင်မှုများကြောင့် စိတ်ပျက်လျက်ရှိနေပြီး အဆိုပါ ကစားသမားအတွက် အခြားအသင်းများ၏ ကမ်းလှမ်းမှု များကို လက်ခံစဉ်းစား သွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**ဖူလ်ဟမ်၏ ဒုတိယအကြိမ်ကမ်းလှမ်းမှုကို အာစင်ဝင်းဂါး ပယ်ချ**

အာဆင်နယ်နည်းပြဟောင်း အာစင်ဝင်းဂါး (၆၉နှစ်) သည် ဖူလ်ဟမ်အသင်း၏ ဒုတိယအကြိမ်ကမ်းလှမ်းမှုတစ်ရပ်အား ပယ်ချလိုက်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**နယူးကာဆယ်အသင်း ဘေလစ်၏ အခြေအနေအား စောင့်ကြည့်လျက်ရှိ**

နယူးကာဆယ်အသင်းသည် ကိုဗင်ထရီအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဘေလစ် (၂၀နှစ်) ၏ အခြေအနေအား စောင့်ကြည့်လျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## မြေပြိုခြင်း အသိပညာပေး

၉။ မြေပြိုတတ်သောနေရာများတွင်နေထိုင်သူဖြစ်ပါကအရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊လမ်းကြောင်းများနှင့်မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ်ထားပါ။



၁၀။ တောင်စောင်းအနီးပတ်ဝန်းကျင်တွင်နေထိုင်သူများအနေဖြင့်မိမိတို့ဒေသတွင်မိုးသည်းထန်စွာရွာသွန်းခြင်း၊ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကိုသတိပြုပါ။



**မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန် အချက်များ**

၁။မြေပြိုကျမှုဖြစ်နေသောနေရာများအနီးသို့မလိုအပ်ဘဲ မသွားပါနှင့်။




၂။ မြေပြိုကျမှုဖြစ်နေသောနေရာများတွင်ရောက်နေပါကတတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ပြေးပါ။အမြန်ဆုံးမရှောင်ရှားနိုင်ပါကနီးစပ်ရာခိုင်ခံ့သောနေရာ/အဆောက်အအုံများတွင်ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့် လူနှင့်ယာဉ်များအား အသိပေးပါ။



**မြေပြိုမှု ဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ**

၁။ မြေပြိုထားသော ပတ်ဝန်းကျင်၊အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့်ဝေးဝေးနေပါ၊မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ။



၂။ မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ချက်ချင်းအကြောင်းကြားပြီး လိုအပ်သောအကူအညီများပေးပါ။



# ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ပဋ္ဌမအကြိမ် အခမဲ့ခွဲစိတ်ကုသပေးမည်

**ကျွန်းလှ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သီတဂူ စက္ခုဒါနဆေးရုံတွင် မေ ၂၀ ရက်မှ ၂၃ ရက်အထိ မျက်စိဝေဒနာရှင်များအား ပဋ္ဌမအကြိမ် အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

မျက်စိဝေဒနာရှင်များအား သီတဂူအာယု ဒါနဆေးရုံ (စစ်ကိုင်းမြို့) မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာမြအောင်နှင့်အဖွဲ့က လာရောက်ကုသပေးမည်ဖြစ်ကြောင်း၊ လူမျိုးမရွေး၊ ဘာသာမရွေး မည်သူမဆို အခမဲ့ကုသနိုင်ကြောင်း သိရသည်။

ကျေးဇူးတော်ရှင် သီတဂူအဓိပတိဆရာတော်၏ စောင့်ရှောက်မှုဖြင့် စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် IBEC (စစ်ကိုင်း) ဆရာတော် ဦးသော ဘိတစီမံ၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒါယကာ ဒါယိကာမများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ ပါဝင်မှုဖြင့် ပဋ္ဌမအကြိမ် မျက်စိခွဲစိတ်ကုသရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သီတဂူစက္ခုဒါနဆေးရုံ(ကျွန်းလှ)ကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ နှစ်စဉ်မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေးခဲ့ရာ ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ လူနာ ၅၉၉၂ ဦးအား စမ်းသပ်ပေးခဲ့ပြီး ၁၁၈၅ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ယုဇနဥယျာဉ်မြို့တော် ဒေသဖွံ့ဖြိုးရေး လမ်းမီးများတပ်ဆင်

**ရန်ကုန် မေ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော် အေ၊ ဘီ၊ စီ ဘလောက်အတွင်းရှိ မိန်းလမ်းမအရှည်ကြီးများဖြစ်ကြသော စိန်ပန်းလမ်းမ၊ ကံ့ကော်လမ်းမ၊ ခရေလမ်းမ၊ ပုဏ္ဏာမိလမ်းမအရှည်ကြီးပေါ်ရှိ ယခင်စိုက်ထူထားသည့် လမ်းမီးတိုင်ထိပ်ပေါ်တွင် LED မီးသီးအသစ် တစ်နှစ်အာမခံဖြင့် တပ်ဆင်ခြင်းလုပ်ငန်းကို ယနေ့နံနက်က မြို့နယ် EPC (လျှပ်စစ်)ရုံးမှ လိုင်းတာဝန်ခံ ဦးအေးမင်းမင်းနှင့် ဝန်ထမ်းအဖွဲ့ဝင်များက လိုက်လံတပ်ဆင်ကြသည်။ မိန်းလမ်းမကြီးရှိ လမ်းမီးတိုင်များ လုပ်ငန်းစဉ်တပ်ဆင် ပြီးဆုံး၍ ခွဲတမ်းရန်ပုံငွေ ပိုလျှံသည့်အတိုင်းအတာဖြင့် ယုဇနဥယျာဉ်မြို့တော်အတွင်းရှိ လမ်းသွယ်များအား အညီအမျှခွဲဝေကာ ထပ်မံ၍လမ်းမီးတိုင်များတွင် LED မီးသီးအသစ်တပ်ဆင်ရန် လျာထားလျက်ရှိကြောင်း (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်(ရွှေစံပယ်)ထံမှ သိရသည်။

**ကျင်မောင်-ဒဂုံမြို့သစ်(ဆိပ်ကမ်း)**



ယုဇနဥယျာဉ်မြို့တော်အတွင်း LED လမ်းမီးများတပ်ဆင်နေစဉ်။

# သောက်သုံးရေရှား ရှားပါးနေသော မြို့နယ်များ၌ ရေများဖြန့်ဝေလှူဒါန်း

### ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသော ကျောက်တန်းအုပ်စု ကန်သာရွာသစ်ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဌေးဝင်း၊ ချောက်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး လှနောင်နှင့် တပ်ဖွဲ့ဝင်များက မေ ၇ ရက်က သွားရောက်လှူဒါန်းဖြန့်ဝေပေးသည်။

ယင်းသို့ သောက်သုံးရေလှူဒါန်းရာတွင် ရေသယ်ယာဉ် တစ်စီး၊ ရေဂါလန် ၄၀၀၀ နှင့် သောက်ရေသန့်ဘူးကြီး ၁၃၀ ကို ကန်သာရွာသစ်ကျေးရွာရှိ အိမ်ခြေ ၆၈ အိမ်၊ လူဦးရေ ၃၅၀ ၊ ဘုန်းတော်ကြီးကျောင်းတို့ကို ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ပူပြင်းပြီး ရေရှားပါး ၍ လိုအပ်ချက်ရှိနေချိန်တွင် လာရောက်လှူဒါန်းသော ချောက်မြို့နယ်ရဲတပ်ဖွဲ့အား ကန်သာရွာသစ်ကျေးရွာဒေသခံပြည်သူများက ကျေးဇူးတင်လျက်ရှိပြီး မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ယခုအကြိမ်လှူဒါန်းခြင်းသည် ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး (ပြန်/ဆက်)**



ချောက်မြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်နေသော ဒေသများသို့ မြို့နယ်ရဲတပ်ဖွဲ့မှ ရေလှူဒါန်းပေးနေစဉ်။

### ဘားအံ

အပူရှိန်မြင့်တက်မှုကြောင့် ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း အချို့ကျေးရွာများတွင် ရေတွင်း ရေကန်များ ရေခန်းခြောက်ပြီး သောက်သုံးရေရှားပါး၍ ရေပြတ်လပ်မှုများရှိနေသည့်အတွက် မေ ၆ ရက်က မြို့နယ်သာမညကျေးရွာထွေ/အုပ်၊ စည်ပင်၊ ကျေးလက်၊ မီးသတ်ပူးပေါင်းကာ သာမညကျေးရွာ အိမ်ခြေ ၃၀၀ ကျော်အတွက် သောက်သုံးရေဂါလန် ၆၀၀၀ ကျော် သွားရောက်ပေးဝေလှူဒါန်းပေးခဲ့သည်။

ဘားအံမြို့နယ်အတွင်း အချို့ကျေးရွာများသည် မိုးရာသီရေကြီးရေလျှံဖြစ်သော်လည်း ယခုလို နွေရာသီအပူရှိန်မြင့်တက်နေချိန်တွင် ရေရှားပါးသည့်ကျေးရွာများရှိနေသဖြင့် ကျေးရွာနေ အိမ်ထောင်စုများ ရေလုံလောက်စွာသုံးနိုင်ရေး အဆိုပါအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာပေါင်း ၂၀ တို့ကို သောက်သုံးရေများ ဖြန့်ဝေနိုင်ခဲ့ပြီး အခြားအလှူရှင်များကလည်း ပေးဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

### ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မြို့နှင့်၉မိုင်ခန့်ကွာဝေးပြီး သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော တင်ဆိပ်ကျေးရွာနှင့် သရက်ကိုင်းကြီးကျေးရွာသို့ မြို့နယ်ရဲတပ်ဖွဲ့မှ မေ ၆ ရက်က သောက်သုံးရေများသွားရောက် လှူဒါန်းသည်။

အဆိုပါသောက်သုံးရေ သွားရောက်လှူဒါန်းသော တင်ဆိပ်ကျေးရွာတွင် လူဦးရေ စုစုပေါင်း ၁၃၉ ဦးနှင့် သရက်ကိုင်းကြီးကျေးရွာတွင် လူဦးရေစုစုပေါင်း ၅၃ ဦးတို့မှ နွေရာသီရေရှားပါးချိန်တွင် သောက်ရေအတွက် အခက်အခဲဖြစ်ပေါ်နေသောနေရာသို့ သွားရောက်လှူဒါန်းခဲ့ခြင်းကြောင့် အထိုက်အလျောက်သောက်ရေအတွက် အဆင်ပြေသွားပြီဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံမှသိရသည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းမြင့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ကြည်တို့ဦးဆောင်သော တပ်ဖွဲ့ဝင်များက လီတာ ၂၀ ဆံ့ သောက်ရေသန့်ဘူးကြီး ၃၀၀ (ကုန်ကျငွေကျပ် ၁၂၀၀၀၀ တန်ဖိုး) ကို သွားရောက်လှူဒါန်းခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

### ဒီးမော့ဆို

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းမှ ရေရှားပါးမှုကြုံတွေ့နေရသော ဒေါတမကြီးကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၃၀၀၀ ကို ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရွှေလှိုင်ကော် ပရဟိတအသင်းမှ ရေသယ်ယာဉ်ဖြင့် မေ ၅ ရက်က သွားရောက်လှူဒါန်းသည်။ ဒေါတမကြီး ကျေးရွာအုပ်စုသည် ဒီးမော့ဆိုမြို့နှင့် ၂၉ မိုင်ကျော် ကွာဝေးပြီး သောက်သုံးရေရှားပါးမှုဒဏ်ကို နှစ်စဉ် ကြုံတွေ့နေရသော ကျေးရွာအုပ်စုဖြစ်ရာ ပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ စေတနာရှင် အလှူရှင်များ၏ သီးခြားအစီအစဉ်များဖြင့်လည်းကောင်း နေ့စဉ်ရေများဖြန့်ဝေလှူဒါန်းပေးနေကြောင်း သိရသည်။

**ရီရယ် (ဒီးမော့ဆို)**

# မင်းတုန်း၌ စည်ပင်ရေတိုင်များ တပ်ဆင်မည်

**မင်းတုန်း မေ ၇**

မြေအောက်ရေတူးဖော်ရန်မလွယ်ကူသော မင်းတုန်းမြို့၌ ချောင်းရေကိုသာ သောက်သုံးရေအတွက် အားထားနေရသဖြင့် ဒေသခံပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စည်ပင်ရေတိုင်များ လုံလောက်စွာ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

လတ်တလောတွင် မကွေးတိုင်းအစိုးရအဖွဲ့မှ ရေပေးဝေရေးနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများဝယ်ယူသုံးစွဲရန် ငွေကျပ် ၅၆ သိန်းထောက်ပံ့ပေးထားပြီး ယခင်က စည်ပင်ရေတိုင် ၃၈၀ ရှိရာမှ ယခုနှစ်အတွင်း ရေတိုင် ၄၀၀ ထပ်မံတိုးချဲ့ တပ်ဆင်ပေးခဲ့ခြင်းကြောင့် ပြည်သူသုံး စည်ပင် ရေတိုင် ၈၇၇ တိုင် ရှိနေပြီဖြစ်သည်။

“ဒီမြို့မှာ အဝီစိတွင်းတွေက တူးမရဘူး။ ကျောက်လွှာတွေရှိနေတော့ ကျေးလက်ဦးစီးဌာနက စက်ကြီးတွေနဲ့ လာတူးတာကို တူးလို့မရဘူး။ ပေ ၆၀၀ ၊ ပေ ၇၀၀ ထိတူးတာကိုပဲ ကျောက်ဖျာတွေချည်းတွေ့ပြီး ထွက်လာတဲ့ရေကလည်း ချွဲကျိနေတော့ သောက်လို့လည်းမရ ဘူး။ သုံးလို့လည်းမရဘူး။ ဒါ့ကြောင့် မင်းတုန်းချောင်းရေကိုပဲ သုံးနေရပါတယ် ”ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသိန်းဝင်းက ပြောသည်။

မင်းတုန်းချောင်းနှင့်နီးစပ်ပြီး မြေအောက်ရေထွက်သည့် အမှတ်(၁)ရပ်ကွက်တွင် တုံကင်တွင်း ၅၆ တွင်း၊ တွင်းကျယ် ၁၀ တွင်းရှိသည့်အတွက် ရေပေးဝေရေးလုပ်ရန်မလိုကြောင်း၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄)ရပ်ကွက်များမှာ စည်ပင်ရေငုတ်ကိုသာ အားထားသုံးနေရကြောင်း၊ ယခု နှစ် မိုးကာလ၌ လိုအပ်ချက်ရှိနေသည့်နေအိမ်များအတွက်လည်း စည်ပင်ရေတိုင်များ ထပ်မံ ဖြည့်ဆည်းတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇေယျာတု (မကွေး)**

# မြန်မာ-အိန္ဒိယ နယ်စပ်ချောင်းတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရိခေါ်ဒါရ် မေ ၇**
ချင်းပြည်နယ် ရိခေါ်ဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ချောင်းတစ်လျှောက်မှ စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်သရိုက်များ၊ အညစ်အကြေးများကို ရိခေါ်ဒါရ် မြို့ခေတ္တအုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၏ ဦးဆောင်မှုဖြင့် မေ ၇ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသဟာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်ခု ဖြစ်တာနဲ့အညီ ကျွန်တော်တို့ နိုင်ငံရဲ့မျက်နှာစာတစ်ခုလည်းဖြစ်တယ်။ အခု မြင်တွေ့ရသလို စည်းမဲ့ကမ်းမဲ့ အမှိုက်စွန့်ပစ်ထားတာ တွေ့ရတော့ မြို့ရဲ့ သန့်ရှင်းလှပမှုကို ပျက်စီးစေတဲ့အပြင် နိုင်ငံရဲ့ မျက်နှာစာအလှကိုလည်း ပျက်စီးစေပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ မိမိဒေသ သန့်ရှင်းသာယာလှပရေး၊ အမှိုက်သရိုက်/အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်တဲ့ အလေ့အထကောင်း ရရှိစေရေးအတွက် ဦးဆောင်လမ်းပြအနေနဲ့ စုပေါင်းသန့်ရှင်းရေးလုပ်တာ ဖြစ်တယ်၊ နောက်နောင်မှာတော့ နှစ်နိုင်ငံ နယ်စပ်ချောင်းတစ်လျှောက်မှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု မရှိစေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားပါမယ်၊ စည်းကမ်းဖောက်ဖျက်သူများကို စည်ပင်သာယာရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားဖို့ စည်ပင်သာယာရေး အဖွဲ့နဲ့ စည်ပင်သာယာရေးကော်မတီကိုလည်း ညွှန်ကြားထားပါတယ်"ဟု ခေတ္တမြို့အုပ်ချုပ်ရေးမှူးက ပြောသည်။


နယ်စပ်ချောင်းတစ်လျှောက်မှ အမှိုက်များကို စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ခေတ္တမြို့အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် မြို့စည်ပင်သာယာရေးကော်မတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့ကုန်တင်ကုန်ချအလုပ်သမားများနှင့် ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး နယ်စပ်ချောင်းရိုးတစ်လျှောက်ရှိ စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်သရိုက်များ၊ အမြင်မသင့်တော်သည့် အညစ်အကြေးများကို လူအင်အား၊ စက်အင်အားများဖြင့် ရှင်းလင်းကာ အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသည့်နေရာသို့ စနစ်တကျ သယ်ဆောင်စွန့်ပစ်ခဲ့ကြောင်း သိရသည်။

ရိခေါ်ဒါရ်မြို့၌ အမှိုက်သိမ်းကောက် စွန့်ပစ်ခြင်းကို မြို့စည်ပင်သာယာရေးအဖွဲ့မှ အပတ်စဉ် အင်္ဂါနေ့တိုင်း အမှတ်(၂)ရပ်ကွက်၌ လည်းကောင်း၊ အပတ်စဉ် သောကြာနေ့တိုင်း အမှတ်(၁)ရပ်ကွက်၌ လည်းကောင်း ဆောင်ရွက်ပေးနေပြီး စည်ပင်သာယာရေး အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် ရပ်ကွက်များအတွင်းရှိ အမှိုက်သရိုက်များကို ကောက်ယူ၍ စနစ်တကျစွန့်ပစ်ပေးနေကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် တံတားများအား ပြန်လည်ပြုပြင်

**ဖာပွန် မေ ၇**
ကရင်ပြည်နယ် ဖာပွန်မြို့နယ် အနောက်ဘက်ကမ်းကျေးရွာနှင့် စစ်ပြန်ဘုန်းတော်ကြီးသို့ ဆက်သွယ်ထားသည့် အရှည်ပေ ၂၀ ရှိ သစ်တားတံတားသည် ပြီးခဲ့သည့် ဩဂုတ် ၂၆ရက်က ယွန်းစလင်းချောင်းရေစီးနှင့်အတူ မျောပါပျက်စီးခဲ့ကြောင်း သိရသည်။

ယခုအခါ ပြည်သူများ သွားလာရေး အဆင်ပြေစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အဆိုပါတံတား အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ ထု ၁၅ လက်မရှိ တံတားတစ်စင်းကို မိုးဦးမကျမီအချိန်အတွင်း အချိန်မီပြီးစီးရေးအတွက် ယမန်နေ့မှစ၍ ဆောက်လုပ်ပေးလျက်ရှိသည်။ အဆိုပါ တံတားအပါအဝင် လမ်းဖြတ်ရေပြွန် နှစ်စင်းကိုလည်း ဆောက်လုပ်ပေးလျက်ရှိသည်။



"ကျွန်တော်တို့အနေနဲ့ အရင်နှစ်ကဆို ဒီသစ်သားတံတားကို စိုက်ပျိုးရေးလုပ်ငန်းအတွက် ကုန်ထုတ်တံတားအဖြစ် အသုံးပြုနိုင်တဲ့အပြင် သာသနာ့အကျိုးဆောင်ရွက်နိုင်ဖို့အတွက် အားထားပြီးတော့ အသုံးပြုနေရတာပါ။ အရင်နှစ်က ယွန်းစလင်းချောင်းရဲ့ရေတိုက်စားမှုကြောင့် အဆိုပါတံတားအပါအဝင် လမ်းပခုံးတွေလည်း တိုက်စားသွားတာ တွေ့ရပါတယ်။ ဒီတံတားမရှိရင် ကျွန်တော်တို့အနေနဲ့ မိုးတွင်းအချိန်ဆို အတော်လေး သွားလာရခက်ခဲပါတယ်။ ယခုလို အချိန်မရွေးသွားလာနိုင်ဖို့အတွက် ပြုပြင်ဆောင်ရွက်ပေးတာကို အထူးကျေးဇူးတင်ပါတယ်။ ဒေသတာဝန်ရှိသူတွေကလည်း ကိုယ့်မြို့ကိုယ့်ရွာလို သဘောထားပြီး ဆောင်ရွက်ပေးနေတာကို တွေ့ရလို့ အထူးပင်ကျေးဇူးတင်ပါတယ်"ဟု အနောက်ဘက်ကမ်းကျေးရွာရှိ ဒေသခံတစ်ဦးက ပြောသည်။ **ခရိုင် (ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်စက်ပြင်ပညာသင်တန်း ဖွင့်လှစ်သင်ကြား

**ကန်ကြီးထောင့် မေ ၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသခံကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးခဲ့ရာ မေ ၆ ရက်က ဆိုင်ကယ်စက်ပြင်သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)မှ ကျောင်းအုပ်ကြီး ဦးအေးမင်းထွန်းတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က သင်တန်းများဖွင့်လှစ်ပေးသည့် ရည်ရွယ်ချက်နှင့် ယခင်က ဖွင့်လှစ်ခဲ့သည့် သင်တန်းရှစ်ခုအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယခုဖွင့်လှစ်သည့် ဆိုင်ကယ်စက်ပြင်သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ၂၄ ရက်အထိဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**


ဆိုင်ကယ်စက်ပြင်သင်တန်း ဖွင့်လှစ်သင်ကြားနေစဉ်။

## သတင်းတိုများ

### မက်မန်းမြို့နယ်ဒေသဖွံ့ဖြိုးရေးကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းခရိုင်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အလုပ်အမှုဆောင် ဦးစီးအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးညီနပ်၊ မက်မန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်း၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသဖွံ့ဖြိုးရေး ဦးစီးကော်မတီအဖွဲ့ဝင်များက မေ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် လမ်းဦးစီးဌာနက မက်မန်းမြို့ မြို့ပတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ မွတ်နိုး-ကောင်းလမ်း ကျေးရွာချင်းဆက်ကျောက်ချောလမ်းနှင့် ကောင်းကေး-ရောင်အူကြီး ကျေးရွာချင်းဆက် ကျောက်ချောလမ်း ခင်းကျင်းနေမှု အခြေအနေများကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ဘီးလင်းမြို့နယ်မှ ရေရှားပါးသည့်ရပ်ကွက်သို့ သောက်သုံးရေများလှူဒါန်း

ဘီးလင်းမြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးသည့် ဒေသများသို့ သန့်ရှင်းသောသောက်သုံးရေများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်လေး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးလျက်ရှိရာ မေ ၇ ရက်က ဗန္ဓုလကွက်သစ်မှ ပြည်သူအိမ်ထောင်စု ၂၅၀ အတွက် ရေဂါလန် ၅၀၀၀ နှင့် ၂၀ လီတာဆံ့ သောက်ရေသန့်ဘူး ၂၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### လှည်းကူးမြို့နယ်အတွင်းရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းတူးဖော်

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် အထက(လှည်းကူး)ကျောင်းဘေးရှိ ရေနုတ်မြောင်းကို ပြန်လည်တူးဖော်ခြင်း၊ မြောင်းဘေးတစ်လျှောက်မှ မြက်ပင်ပေါင်းပင်များကို နုတ်ခြင်းနှင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များ ပူးပေါင်း၍ မေ ၆ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်း (လှည်းကူး)**

# ကျောက်ဖြူမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**ကျောက်ဖြူ မေ ၇**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အဖွဲ့ဝင်များနှင့် အမျိုးသမီးကော်မတီ အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမိုးကျော်က အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ခင်နွယ်ထွန်းက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကလေးသူငယ်အခွင့်အရေး အသိပညာပေးရန်အတွက် လစဉ် ဟောပြောပွဲများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ မြို့နယ်တရားသူကြီး ဒေါ်သက်စုထွေးက ကလေးသူငယ်များအနေဖြင့် အမှုအခင်းများ ဖြစ်ပေါ်လာပါက ကလေးသူငယ်အခွင့်အရေး နည်းဥပဒေအတိုင်း ဆောင်ရွက်နေသည့် အခြေအနေများ၊ မြို့နယ်လဝကဦးစီးမှူး ဦးတင်ထူးက ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ သက်ငယ်မုဒိမ်းပြုကျင့်ခံရသူကလေးသူငယ်များအတွက် ကူညီကာကွယ်စောင့်ရှောက်ရမည့် လုပ်ငန်းများနှင့် မွေးစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေမှု အခြေအနေများ၊ ပြန်/ဆက်ဦးစီးဌာနမှ ဦးအောင်သန်းနိုင်က ကလေးသူငယ်များ ဗဟုသုတကြွယ်ဝစေရန် ဌာန၏ လူထုခြေပြုဗဟိုဌာန၌ အပတ်တိုင်း စာဖတ်ဝိုင်းများနှင့် ဂိမ်းပြိုင်ပွဲများ ပြုလုပ်ပေးနေသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထိုနောက် တင်ပြဆွေးနွေးမှုများနှင့်ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ဆွေးနွေးခဲ့ကာ အစည်းအဝေးဆုံးဖြတ်ချက်များအရ ကျောက်ဖြူမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များအနေဖြင့် လစဉ် ရပ်ကွက်၊ ကျေးရွာများသို့သွားရောက်ကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျောင်းဖွင့်ရာသီတွင် ကျောင်းများသို့သွားရောက်ပြီး သက်ငယ်မုဒိမ်းမှုနှင့် မူခင်းကျဆင်းရေးဆိုင်ရာများ လစဉ် အလှည့်ကျဟောပြောခြင်းတို့ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**

# လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးသည့် ရွှေတောင်မြို့နယ်မှ အလုပ်သမားတစ်ဦးအတွက် အာမခံ အကျိုးခံစားခွင့်ပေးအပ်

**ရွှေတောင် မေ ၇**
ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင် မှတ်ပုံတင်ထားသော အမှတ်(၁) အထည်စက်ရုံမှ အာမခံအလုပ်သမား ဦးသိန်းရွှေ၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ ငွေကြေးအကျိုးခံစားခွင့် ပေးအပ်ပွဲကို အမှတ်(၁)အထည်ချုပ်စက်ရုံ အစည်းအဝေးခန်းမ၌ ဧပြီလနောက်ဆုံးပတ်က ပြုလုပ်ခဲ့သည်။

အာမခံ အကျိုးခံစားခွင့် ပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံ ဒေါ်ကေသီခိုင်က လူမှုဖူလုံရေး အကျိုးခံစားခွင့် ပေးအပ်နေသည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးသည့် အလုပ်သမား ဦးသိန်းရွှေအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၅၄ သိန်းကို မိခင်ဖြစ်သူ ဒေါ်မမေထံ ပေးအပ်ခဲ့သည်။ ထို့နောက် အကျိုးခံစားခွင့်လက်ခံရရှိသည့် အာမခံမိသားစု၏ကိုယ်စား ရပ်မိရပ်ဖ ဦးသောင်းထွန်းနှင့် အလုပ်ဌာနများကိုယ်စား အမှတ်(၁) အထည်စက်ရုံမှ စက်ရုံမှူး ဦးရွှေကိုက ကျေးဇူးတင်စကား ပြောကြားသည်။

**ဗထူး**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသားများ လွတ်ငြိမ်းသက်သာခွင့်ရ

## စစ်တွေ

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၆၁ ဦးကို ယနေ့မွန်းလွဲပိုင်းတွင် လွှတ်ပေးလိုက်ကြောင်း သိရသည်။

ထို့သို့ လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၅၃ ဦး၊ အကျဉ်းသူရှစ်ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး၊ အကျဉ်းသူလေးဦး၊ ကျောက်ဖြူအကျဉ်းထောင်မှအကျဉ်းသား ၂၃ ဦး စုစုပေါင်းရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၉၈ ဦး လွတ်မြောက်ကြောင်း သိရသည်။ အဆိုပါလွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့်မိတ်ဆွေများက ရင်နှီးပျော်ရွှင်စွာကြိုဆိုကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



စစ်တွေအကျဉ်းထောင်မှ လွတ်မြောက်လာသူတစ်ဦးအား မိသားစုဝင်များ ပျော်ရွှင်စွာကြိုဆိုကြစဉ်။

## မိုးညှင်း

မေ ၇ ရက်က ကချင်ပြည်နယ် မိုးညှင်းအကျဉ်းထောင်မှ ABSDF အကျဉ်းသားနှစ်ဦး လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြောင်း သိရသည်။

မိုးညှင်းအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)မြောက်ပိုင်းအဖွဲ့မှ ဦးအောင်ဆွေဦး (၅၈ နှစ်)နှင့် ဦးမောင်ဦး(၅၂ နှစ်)တို့နှစ်ဦးသည် ယနေ့မွန်းလွဲပိုင်းက မိုးညှင်းအကျဉ်းထောင်မှ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်မြောက်လာပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက တွေ့ဆုံမှာကြားကာ မိုးညှင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ညောင်ဦး

ညောင်ဦးမြို့ အကျဉ်းထောင်မှ အကျဉ်းသား ၃၆ ဦး ၊ အကျဉ်းသူသုံးဦး၊ စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၃၉ ဦး လွတ်ငြိမ်းသက်ခွင့် ရရှိခဲ့ကြောင်း သိရပြီး ယနေ့နံနက်ပိုင်းက အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ရရှိသည့် အကျဉ်းသား၊ အကျဉ်းသူများကို ညောင်ဦးမြို့ အကျဉ်းထောင်တာဝန်ခံဦးသိန်းအေးက အားပေးစကားများ ပြောကြား၍ အကျဉ်းသားများ နေရပ်ပြန်ရန်အတွက် ခရီးစရိတ်နှင့် စားစရိတ်များ ထောက်ပံ့ပေးအပ်ပြီး လွှတ်ပေးခဲ့ကြောင်းသိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## လှည်းကူး

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ယနေ့နံနက်က မင်းကုန်းကျေးရွာရှိ အကျဉ်းဦးစီးဌာန၊ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းမှ အကျဉ်းသားများအား လွတ်ငြိမ်းသက်သာခွင့်ပေးအပ်ပွဲပြုလုပ်ခဲ့ရာ အကျဉ်းဦးစီးဌာန၊ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ ဦးစီးမှူး ဦးအောင်နိုင်ဖေက ဆုံးမစကားများပြောကြားပြီး အကျဉ်းသားများ၏ ပြစ်ဒဏ် ကျကာလ/နှစ်အလိုက် လုပ်အားခအဖြစ် တစ်ရက်လျှင် ငွေကျပ် ၂၅၀၊ စားစရိတ် ငွေကျပ် ၁၀၀၀၊ ခရီးစရိတ်များ ပေးအပ်ခဲ့ကြပြီး စုစုပေါင်း အကျဉ်းသား ၁၁၉ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။ **နိုင်လင်း(လှည်းကူး)**

## သထုံ

မေ ၇ ရက်က လွတ်ငြိမ်းသက်သာခွင့်ဖြင့် မော်လမြိုင်အကျဉ်းထောင်မှ အမျိုးသား ၂၉၂ ဦး၊ အမျိုးသမီးခြောက်ဦး၊ မုပ္ပလင်အလုပ် စခန်းမှ အမျိုးသား ၇၄ ဦး၊ အမျိုးသမီး ၅၀ ဦး၊ တောင်စွန်းအလုပ်စခန်းမှ ၄၀၊ ဇင်းကျိုက်အလုပ်စခန်းမှ ၈၀၊ ရင်းငြိမ်အလုပ်စခန်းမှ၁၁၅ ဦး၊ အင်းဖြောင် အလုပ်စခန်းမှ ၁၁၂ ဦး၊ သထုံအကျဉ်းထောင်မှ ၁၁ ဦး၊ အဂ်ဘို(ရော်ဘာ) အလုပ်စခန်း ၆၆ ဦး၊ မွန်ပြည်နယ် အကျဉ်းထောင်နှင့် အကျဉ်းစခန်းအသီးသီးမှ အကျဉ်းသားစုစုပေါင်း ၈၄၆ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း မွန်ပြည်နယ်အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

"သတ်မှတ်ချက်ဘောင်အတွင်းက လွတ်ငြိမ်းခံစားခွင့်ရှိသူအသီးသီးကို လွှတ်ပေးခဲ့တာပါ။ တစ်ရက်တာ နေ့တွက်စရိတ်နဲ့ အထောက်အပံ့တွေပေးခဲ့ပြီး တာဝန်ရှိသူတွေက ဆုံးမစကားအသီးသီး ပြောခဲ့ကြပါတယ်" ဟု မော်လမြိုင်အကျဉ်းထောင်၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ချိုက ပြောသည်။

**နန္ဒကျော်စွာ**
**လှိုင်ထွန်းအောင်**

## မန္တလေး

မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူ ၇၄၄ ဦးအား မေ ၇ ရက်တွင် စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်း သက်သာခွင့်ဖြင့် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလွတ်ငြိမ်းသက်သာခွင့်ရရှိသူ ၇၄၄ ဦးအနက် အကျဉ်းသားဦးရေ ၆၉၈ ဦးနှင့် အကျဉ်းသူ ၄၆ ဦးတို့ ဖြစ်ကြောင်း မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းက ပြောသည်။ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် ယနေ့ ပြန်လည်လွတ်မြောက်လာသည့် ဗန်းမော်မြို့နယ်မှ မဆွေက "ကျွန်မ မူးယစ်မှုနဲ့ ပြစ်ဒဏ် ၁၂ နှစ် ကျခံရပါတယ်။ အခု ၅ နှစ်မပြည့်ခင် ပြန်ပြီးလွတ်လာတဲ့အတွက် သမ္မတကြီးနဲ့ တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။" ဟု ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




မန္တလေးဗဟိုအကျဉ်းထောင်၌ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများအား တာဝန်ရှိသူတစ်ဦးက ဆုံးမစကား ပြောကြားစဉ်။ ဓာတ်ပုံ - အောင်ဖြိုးကျော်

## ရမည်းသင်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းအကျဉ်းထောင်၌ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အမျိုးသား ၁၀၆ ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၁၄ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီး ခရီးစရိတ်၊ စားစရိတ်နှင့် လုပ်အားရှင် အကျိုးခံစားခွင့်တို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**



မြောင်းမြအကျဉ်းထောင်မှ လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်း မိတ်ဆွေများ လာရောက်ကြိုဆိုကြသည်ကို တွေ့ရစဉ်။

## မြောင်းမြ

မြောင်းမြအကျဉ်းထောင်မှ မေ ၇ ရက်တွင် ၃၃ ဦး လွတ်ငြိမ်းသက်သာခွင့် ရရှိကြောင်း၊ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒများ ပြောကြားပြီး ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် နယ်အဝေးဒေသအသီးသီးနေရပ်ပြန်ကြမည့် သူများအတွက် ခရီးစရိတ်နှင့် မီးရထားစီးနင်းခွင့်လက်မှတ်များ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

ယခုတတိယအကြိမ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် မြောင်းမြအကျဉ်းထောင်မှ အမျိုးသား ၂၈ ဦး ၊ အမျိုးသမီးငါးဦးတို့ လွတ်ငြိမ်းခွင့်ရရှိပြီး မြောင်းမြအကျဉ်းထောင်မှ ပထမ အမိန့် ၁၃/၂၀၁၉ တွင် ၁၃ ဦး ၊ ယခု တတိယအကြိမ် အမိန့် ၁၆/ ၂၀၁၉ တွင် ၃၃ ဦး စုစုပေါင်း မြောင်းမြအကျဉ်းထောင်မှ ၄၆ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

## သီပေါ

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေသောအကျဉ်းသား ၄၅၁ ဦးအား စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့်အခမ်းအနားကို မေ ၇ ရက်က သီပေါ အကျဉ်းဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဇေယျ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့်ထောင်တာဝန်ခံအရာရှိ ဦးအောင်ဇော်လင်းတို့က လွတ်ငြိမ်းသက်သာခွင့်ရအကျဉ်းသားတို့အား တွေ့ဆုံမှာကြားပြီး မြို့နယ် အကျဉ်းဦးစီးဌာနမှ ထောက်ပံ့ငွေများပေးအပ်ခဲ့ကာ ၎င်းတို့အားသက်ဆိုင်ရာမြို့နယ်များဆီ သွားရောက်မည့် ကားဂိတ်သို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မော်လမြိုင်

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် မော်လမြိုင်အချုပ်ထောင်ရှိ အကျဉ်းသား ၂၉၂ ဦးနှင့် အကျဉ်းသူ ၆ ဦး စုစုပေါင်း ၂၉၈ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့သည်။ အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး လွတ်မြောက်လာသူများအား မိသားစုဝင်များနှင့် မိတ်ဆွေများက ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။


**ခရိုင်(ပြန်/ဆက်)**

## တပ်ကုန်း

နေပြည်တော်ဥတ္တရခရိုင်၊တပ်ကုန်းမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန၊ ကင်းသာ(၁)ကုန်ထုတ်စခန်း မှ အကျဉ်းသား ၁၄၈ ဦး၊ကင်းသာ(၂)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၄၉ ဦး စုစုပေါင်းအကျဉ်းသား ၂၉၇ ဦးအား ယနေ့ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါလွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထူး၊ အကျဉ်းဦးစီးဌာန ကင်းသာ(၁) စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးလွင်ထွန်း၊ ကင်းသာ(၂)စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးဉာဏ်လင်းအောင်၊ မြို့နယ်အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမင်းစိုးနှင့် မြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ထွန်းထွန်းအေးတို့က တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**




# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန်တပ်ဆင်ပါ။
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက် ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ် ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်း သို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်း မှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

MTB
MYANMA TOURISM BANK

# မြန်မာ့ခရီးသွားဘဏ်(ရုံးချုပ်ဘဏ်ခွဲ)ဖွင့်လှစ်ခြင်း
# နှင့်
# အထူးကျေးဇူးတင်ရှိခြင်း




မြန်မာသက္ကရာဇ် ၁၃၈၁–ခု၊ ကဆုန်လဆန်း (၃)ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၉–ခုနှစ်၊ မေလ(၆)ရက်၊ တနင်္လာနေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့ခရီးသွားဘဏ်(ရုံးချုပ်ဘဏ်ခွဲ)အား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ပြည်ထောင်စုဝန်ကြီးဦးအုန်းမောင်၊ ဦးနိုင်သက်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဘဏ်များအသင်းဥက္ကဋ္ဌ(MBA)နှင့် ဘဏ်နာယကများ၊ UMFCCI အသင်းဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် CEC/EC အဖွဲ့ဝင်များနှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌနှင့် CEC/EC အဖွဲ့ဝင်များ၊ Myanmar Tourism Federation နှင့် ညီနောင်အသင်း (၁၁) သင်းမှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ CEC/EC အဖွဲ့ဝင်များ၊ MCEA/MLCA မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် CEC/EC အဖွဲ့ဝင်များ၊ IBPC ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုမ္ပဏီများမှဥက္ကဋ္ဌများ၊ မန်နေးဂျင်းဒါရိုက်တာများနှင့် ဂုဏ်ပြုပန်းခြင်းများ၊ ဂုဏ်ပြုလက်ဆောင်များ ပေးပို့ချီးမြှင့်ကြပါသော အဖွဲ့အစည်းများ၊ ဘဏ်မိတ်ဆက်ပွဲအခမ်းအနားတွင် ပါဝင်ကူညီပေးခဲ့ကြသော Novotel Hotel မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အနုပညာရှင်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှအဖွဲ့သားများ၊ မှတ်တမ်းတင် သတင်းရိုက်ကူးပေးခဲ့ကြပါသော စာနယ်ဇင်းသတင်းမီဒီယာများ၊ တက်ရောက်အားပေးကြပါသော အထူးဧည့်သည်တော်ကြီးများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် နေရာအခက်အခဲကြောင့် ဧည့်ခံမှုများ တစ်စုံတစ်ရာလစ်ဟင်းမှုရှိခဲ့ပါက မေတ္တာရှေ့ထား၍ နားလည်ပေးမှုအပေါ် ကျေးဇူးတင်ရှိခြင်းနှင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ အားလုံးအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

**မြန်မာ့ခရီးသွားဘဏ်**
ဥက္ကဋ္ဌ
BOD အဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များ
ဘဏ်ဝန်ထမ်းများ

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၇**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ

*စာမျက်နှာ ၄ ကော်လံ ၁* ◆




ဒုတိယသမ္မတ ဦးမြင့်ဆွေ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှုကောင်စီ တတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အမျိုးသားမြေဥပဒေကို အမျိုးသားမြေအသုံးချမှု မူဝါဒ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားရမည်





ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ အမျိုးသားမြေအသုံးချမှုကောင်စီ တတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၇**

အမျိုးသားမြေအသုံးချမှုကောင်စီ တတိယအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက နိုင်ငံတော်၏ မြေသယံဇာတများကို စဉ်ဆက်မပြတ် စီမံအုပ်ချုပ် အသုံးချနိုင်ရေးအတွက် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှု မူဝါဒကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒကို မြို့ပြ၊ ကျေးလက်များအပါအဝင် နိုင်ငံတော်အတွင်းရှိ မြေအသုံးချမှုနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ✽



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ပြည့်နှစ်၊ ကဆုန်လဆန်း ၄ ရက်
၂၀၁၉ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့

# Yangon Night Market ဩဂုတ်လအတွင်း ဖွင့်တော့မည်

တင်ဝင်းလေး




**ယခုအခါ အလုပ်မီးတိုင်များ အစီအရီစိုက်ထူထားသကဲ့သို့ အသစ်တစ်ဖန် ပြန်လည်ဖွင့်လှစ်တော့မည့်ဈေး၏ စီမံရေးရာရုံးခန်း၊ တစ်ဖက်တစ်ချက်တွင် ဘဏ်အသီးသီးမှ ATM ငွေထုတ်စက်များ၊ ငွေချိန်းကောင်တာများ ထားရှိမည့်အပြင် ဈေးရောင်းသူများ၊ ဈေးတန်းလာပြည်သူများ ရုတ်တရက်ကျန်းမာရေးအလို့ငှာ စောင့်ရှောက်အကူအညီပေးနိုင်ရန်အတွက် ဆေးခန်းတစ်ခန်းကိုလည်း တည်ဆောက်နေပြီကို တွေ့ရသည်။**

၂၀၁၆ ခုနှစ်အတွင်းက လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရက ဖွင့်လှစ်ပေးခဲ့သော ရန်ကုန်ကမ်းနားညဈေးကို ယခုအခါ Yangon Night Market ဟု အင်္ဂလိပ်အခေါ်အဝေါ် ခေတ်ဆန်ဆန်ဖြင့် ဩဂုတ်လအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

တစ်ချိန်က ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရေးနှင့် လမ်းဘေးဈေးသည်များကို စနစ်တကျနေရာအတည်တကျ ရောင်းချနိုင်ရေးအတွက် ရည်ရွယ်၍ ပိုလ်တထောင်မြို့နယ်မှ လမ်းမတော်မြို့နယ်အထိ ကမ်းနားလမ်းတစ်လျှောက်နေရာပေး ရောင်းချစေခြင်းဖြစ်သည်။

ဖွင့်စပထမကာလ၌ စည်စည်ကားကားရှိခဲ့သော်လည်း တဖြည်းဖြည်းအရောင်းအဝယ်ပါးလာခြင်းနှင့်အတူ ဈေးတန်းမှာ ခြောက်ကပ်လာခဲ့သည်။ ယာဉ်ရပ်နားရန်ခက်ခဲခြင်း၊ ယာဉ်ကြီးများသွားလာရာ လမ်းမကြီးဖြစ်သဖြင့် စားသုံးသူများက ယာဉ်အန္တရာယ်ကို စိုးရိမ်ရခြင်း၊ မိုးတွင်းအခါ၌ မိုးရေနှင့် ဒီရေဆုံတွေ့ပါက ဈေးတန်းတစ်လျှောက်ရေများကြောင့် အရောင်းအဝယ်မကောင်းကြောင်း ဈေးရောင်းသူများက ပြောခဲ့ဖူးသည်။

ယခုအခါ ဈေးတန်းမှာ ဈေးရောင်းသူများ တစ်စတစ်စပျောက်ကွယ်လာပြီး ဈေးအခင်းအကျင်း အမိုးအကာတို့မှာလည်း လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်တို့ဖြင့် စုတ်ပြတ်၍ အရောင်အဆင်း မှေးမှိန်လျက်ရှိနေကာ အချို့သောဆိုင်များမှာ မိသားစုနေထိုင်ရာတဲများအဖြစ် ပြောင်းလဲလာနေပြီကို တွေ့မြင်နေရသည်။

ပြီးခဲ့သောလများအတွင်းက စတင်ကာ ယခင် ခြောက်ထပ်ရုံးဟု ခေါ်ဆိုသော ရုံးကြီးရှေ့တစ်လျှောက် ကမ်းနားဘက်အခြမ်းတွင် လုပသော ဒီဇိုင်းဆန်းများဖြင့် ဗီနိုင်းများကာရံထားသည်ကို လိုင်းကားစီးသွားရာမှ သတိပြုမြင်တွေ့လာခဲ့သည်။

**အချပ်ပို (၈) သို့**

# ရန်ကုန်အနုပညာပရဟိတသမားများ၏ လူမှုအကျိုးပြုလုပ်ငန်းတစ်ရပ်ကို ကြည့်ရှုခြင်း

ရှင်နေ၁၊ ဓာတ်ပုံ - ထိန်လင်း



အဖြူရောင်နှလုံးသား ပရဟိတအသင်းမှ မိဘမဲ့ကလေးငယ်များ ခွန်အားတက်ကြွပျော်ရွှင်ရန် ဂီတဖြင့် ဖျော်ဖြေပေးစဉ်။

ရန်ကုန် မြို့တော်သည် လွန်ခဲ့သောဆယ်စုနှစ်များနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲတိုးတက်မှုနှုန်းက အရှိန်ရစပြုနေပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် မတည်မငြိမ်ဖြစ်မှုများ လျော့ပါးလာနေပြီဖြစ်သည်။ မြို့တော်ရန်ကုန်တွင် ရုပ်ပိုင်းဆိုင်ရာအင်္ဂါရပ်များဖြစ်သည့် အဆောက်အအုံများ၊ လမ်းများ၊ တံတားများတိုးတက်များပြားကောင်းမွန်လာရုံသာမက စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ အင်္ဂါရပ်ဖြစ်သည့် ပရဟိတလုပ်ငန်းများ ပေါ်ပေါက်လာမှုကိုလည်းအများအပြား တွေ့မြင်လာရပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီး၌ နေထိုင်ကြသည့် လူငယ်လူရွယ်အများစုသည် မိမိအသိ စိတ်ဖြင့် ပရဟိတလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်ကို တွေ့မြင်ရသည်။ ရန်ကုန်ပရဟိတလူငယ်အများစုသည် မြို့တော်သန့်ရှင်းရေးလုပ်ငန်းများတွင် လည်းကောင်း၊ မြို့ပြအမွေအနှစ် အဆောက်အအုံထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင်လည်းကောင်း၊ ရန်ကုန်မြို့တော်သူမြို့တော်သားများ၏ ကျန်းမာရေးဆိုင်ရာအထောက်အကူပြုမှုလုပ်ငန်းများတွင် လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ကြလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ ရန်ကုန်မြို့တွင် အခြေစိုက်သော ပရဟိတလူငယ်အများစုသည် ဘိုးဘွားရိပ်သာ ထူထောင်ကာကုသိုလ်ယူခြင်း၊ အနယ်နယ်အရပ်ရပ်ရှိ လိုအပ်သူများထံ ရေနှင့်အသုံးအဆောင်ပစ္စည်းများ အခါမလပ်ထောက်ပံ့ကုသိုလ်ယူခြင်းများကို ပြုလုပ်ကြလေ့ရှိသည်။ ယင်းအချက်များသည့် စိတ်ဓာတ်များဖြူစင်သန့်ရှင်းလာအောင်ပြုလုပ်သော စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပင်ဖြစ်သည်။ ယင်းကဲ့သို့ ကိုယ်ကျိုးစွန့်ကာ အများအကျိုးဆောင်တတ်သော ပရဟိတသမားများအနက် ဂီတဖြင့် ဖျော်ဖြေမှုများ ပြုလုပ်ခဲ့သော အနုပညာသမားများအကြောင်းကို ယခုသီတင်းပတ်၏ ရန်ကုန်စာမျက်နှာအတွက် ကောက်နုတ်တင်ဆက်လိုက်ပါသည်။

### စတင်တည်ထောင်

ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၈၉ မိုင် ၅ ဖာလုံတွင် အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း၏ မိဘမဲ့ကလေးများနှင့် ပညာရေးချို့တဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း ဆိုင်းဘုတ်ကလေးကို တွေ့မြင်နိုင်ပေသည်။ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာအနီးတွင် ဖွင့်လှစ်ထားသော အဆိုပါကျောင်းကလေးကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က စတင်တည်ထောင်ခဲ့သည်။

မွေးကင်းစမှ တက္ကသိုလ်ဝင်တန်းအရွယ်အထိများပြားလှသော ကျောင်းသားကျောင်းသူကလေးများကို အဆိုပါ ကျောင်းဝင်းအတွင်း တွေ့မြင်ရပေသည်။ ချစ်စဖွယ်ကလေးငယ်များအား စိတ်ဓာတ်ခွန်အားသစ်များတိုးပွားစေရန် မြို့တော်ရန်ကုန်ရှိ ပရဟိတအသင်းဝင် အနုပညာရှင်တို့က ဤသို့စီစဉ်လေသည်။

### စိတ်ချမ်းသာအောင် လုပ်ပေး

"ဒီမှာက မိဘမဲ့ကလေး ၆၀၀ ကျော်ကို တွေ့တဲ့အခါ ကျွန်တော်လည်းစိတ်မကောင်းဘူး။ အဲဒီလိုနဲ့ ကလေးတွေကို တစ်ခုခုတော့ စိတ်ချမ်းသာအောင် လုပ်ပေးမယ်ဆိုပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း အဆိုတော်၊ အဖြူရောင်နှလုံးသားပရဟိတအသင်းမှာလည်း အနုပညာသမားတွေပါတော့ ဒီပွဲလေးကို လုပ်ဖြစ်တာပါ" ဟု အဖြူရောင်နှလုံးသားပရဟိတအသင်းဥက္ကဋ္ဌ အဆိုတော်ထူးအောင်ရှိုင်းက ပြောသည်။

ဤသို့ဖြင့် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်သော မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့အခြေစိုက်ပရဟိတအသင်းများဖြစ်သော အဖြူရောင်နှလုံးသားပရဟိတအသင်း၊ မိဘရိပ်ပရဟိတ လူငယ်များအသင်း၊ ရွှေအိုရောင်တက္ကသိုလ်ကျောင်းသားဟောင်းများအသင်းနှင့် ပဲခူးမြို့အခြေစိုက် အပြာရောင်လက်များ လူမှုကူညီရေးအသင်းတို့သည် စုပေါင်းသွားရောက်ကာ ဖျော်ဖြေမှုများ ပြုလုပ်ခဲ့ကြသည်။

### ဖျော်ဖြေတင်ဆက်

ဖျော်ဖြေရေးအစီအစဉ်များကို နေ့လယ်ပိုင်းနှင့် ညပိုင်းဟူ၍ နှစ်ပိုင်းခွဲကာ သီဆိုဖျော်ဖြေခဲ့ကြသည်။ သရုပ်ဆောင်ကျော်စိုး၊ ဇော်ဇော်အောင်၊ စောမိုးဇက်၊ နဒီဝင့်နိုင်၊ ဆုမြတ်ရွှေစင်၊ ငြိမ်းသန့်ချိုသာ စသော အနုပညာရှင် ၂၀ ကျော်တို့အပြင် မန္တလေးအနုပညာကျောင်းဆင်းတစ်ဦးဖြစ်သည့် ဝိုင်းကြာဖြူက မျက်လှည့်ဖြင့် လည်းကောင်း၊ လူရွှင်တော်များဖြစ်သည့် ဖြိုးကျော်နှင့် ပေါက်ကျော်တို့က ဟာသပြက်လုံးများဖြင့် လည်းကောင်း မိဘမဲ့ကလေးငယ်များအား စိတ်ပျော်ရွှင်မှုရစေရေးအတွက် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

*အချပ်ပို (၈) သို့*



ကလေးငယ်လေးများ ထမင်းစားခါနီး မေတ္တာပို့ဆုတောင်းနေစဉ်။



အပြစ်ကင်းချစ်စဖွယ်ကလေးငယ်လေးများ။




*အချပ်ပို(က)မှ*

ထိုဗီနိုင်းပေါ်တွင် A25 Myanmar Development Co, Ltd ဟု စာတန်းအပြင် လှပသော ရောင်စုံစာလုံးဖြင့် Yangon Night Market ဟု ရေးထိုးထားသည်ကို တွေ့လာရသည်။

**အကောင်အထည်ဖော်နေ**

ဧပြီလဆန်းလောက်မှစတင်ကာ လုပ်ငန်းများ စတင်လုပ်ကိုင်နေပြီကို သွားလာရင်းက တွေ့ရသည်။ သတင်းစနည်းနာကြည့်ရာတွင် ထိုစာတန်းထိုးထားသော ကုမ္ပဏီကပင် ငွေကျပ်နှစ်ဘီလီယံ အကုန်အကျခံ၍ Yangon Night Market အဖြစ် အကောင်အထည်ဖော်နေကြောင်း သိရသည်။

**တီထွင်ထည့်သွင်းထား**

ယခုအခါ အလှမီးတိုင်များ အစီအရီစိုက်ထူထားသကဲ့သို့ အသစ်တစ်ဖန်ပြန်လည်ဖွင့်လှစ်တော့မည့်ဈေး၏ စီမံရေးရာရုံးခန်း၊ တစ်ဖက်တစ်ချက်တွင် ဘဏ်အသီးသီးမှ ATM ငွေထုတ်စက်များ၊ ငွေချိန်းကောင်တာများ ထားရှိမည့်အပြင် ဈေးရောင်းသူများ ဈေးတန်းလာပြည်သူများ ရုတ်တရက်ကျန်းမာရေးအလို့ငှာ စောင့်ရှောက်အကူအညီပေးနိုင်ရန်အတွက် ဆေးခန်းတစ်ခန်းကိုလည်းတည်ဆောက်နေသည်ကို တွေ့ရသည်။ တည်ဆောက်ရာတွင် ကွန်တိန်နာဘောက်ကြီးများဖြင့် အလှဆင်တည်ဆောက်လျက်ရှိပြီး အပေါ်ထပ်တွင် ဝရန်တာအဖြစ် တီထွင်ထည့်သွင်းထားသည်ကို တွေ့ရသည်။

**အေးအေးလူလူစားသောက်နိုင်**

ဈေးဆိုင်များ တည်ဆောက်ရာတွင် ကြီးကြပ်ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးက "အပြောင်းအလဲကြီးပြောင်းလဲသွားပြီး အမြင်လည်း ဆန်းသွားမှာပါ။ စနစ်တကျနဲ့ လှလှပပဖြစ်သွားမှာပါ။ စားသောက်တန်းတွေ၊ ဆိုင်တွေရှိမယ်။ ကလေးကစားကွင်းလည်း ရှိမယ်။ ကားပါကင်ရှိမယ်။ စားသောက်ဆိုင်တွေကသူ့နေရာနဲ့သူရှိပြီး ကိုယ်ကြိုက်တာကို ကိုယ်ဝယ်၊ အဲဒီဆိုင်မှာထိုင်စားရမှာ မဟုတ်ဘူး။ စားဖို့နေရာက သပ်သပ်စီစဉ်ထားတယ်။ အေးအေးလူလူစားသောက်နိုင်မယ့်စီမံမှုတွေနဲ့ပါ" ဟု ညွှန်းဆိုသွားသည်။

**ပျံ့ကျဈေးသည်များအတွက်**

ဆိုင်ခန်းလေးများ တည်ဆောက်နေမှုကို ကြည့်ရာ ခေတ်နှင့်ညီသော ပုံစံဆန်းလေး ဖြစ်သည်။ တြိဂံပုံ ခေါင်အချွန်ဖြစ်သည်။ သွပ်နှင့်မိုးထားပြီး ဘေးပတ်လည်ခါးသာသာကိုသွပ်ဖြင့်ပတ်ကာထားခြင်း ဖြစ်သည်။ ရှစ်ပေပတ်လည်၊ ၈ ပေ×ခြောက်ပေနှင့် လေးပေပတ်လည်ဆိုင်လေးများ ဖြစ်သည်။ ခေါင်အမြင့်မှာ တစ်ညီတည်း၊ ခုနစ်ပေစီရှိမည်ဖြစ်သည်။ လေးပေပတ်လည်ဆိုင်လေးများက ပျံ့ကျဈေးသည်များအတွက်ဟု ဆိုသည်။

ဆိုင်များနေရာချပေးရာတွင် အေဇုန်၊ ဘီဇုန်ဖြင့် သတ်မှတ်ကာ ရှစ်ပေပတ်လည်ဆိုင်လေးများကို နေရာချပေးထားမည်ဟု သိရသည်။ ရှစ်ပေပတ်လည်၊ ရှစ်ပေ×ခြောက်ပေပတ်လည်နှင့် လေးပေပတ်လည်ဆိုင်ခန်းပေါင်း လက်ရှိအားဖြင့် ၃၉၀ ကျော်တည်ဆောက်ထားမည်ဟု သိရသည်။

**လုံလုံလောက်လောက်ထားရှိ**

ယခုရှိပြီးသား သန့်စင်ခန်းအဟောင်းများကို ဖျက်သိမ်း၍ နိုင်ငံတကာအဆင့်မီ သန့်စင်ခန်းများ အသစ်ပြန်လည်တည်ဆောက်ပေးထားမည့်အပြင် ဈေးသာယာသန့်ရှင်းရေးအတွက် အမှိုက်ကို အစို၊ အခြောက်ခွဲခြား၍ ပစ်နိုင်ရန်၊ အမှိုက်ပုံးများကိုလည်း လုံလုံလောက်လောက် ထားရှိပေးသွားမည်ဟု သိရသည်။

မီးဘေးလုံခြုံကာကွယ်နိုင်ရေးအတွက်တစ်ဆိုင်လျှင်တစ်လုံးကျ မီးသတ်ဆေးဘူးငယ်လေးများကိုချိတ်ဆွဲထားခိုင်းမည့်အပြင် အရေးပေါ်မီးငြှိမ်းသတ်နိုင်ရေးအတွက် Fire Feghting Nozzle များပါ ထားရှိသွားမည်ဟု သိရသည်။

ယနေ့လက်ရှိ အကျည်းတန်မြင်ကွင်းသဖွယ်ဖြစ်နေသော ရန်ကုန်ညဈေးတန်းကို သန့်ရှင်းသော၊ လှပသော၊ ကျန်းမာရေးနှင့်ညီညွတ်သော Yangon Night Market အဖြစ် မကြာမီသော ကာလတွင် မြင်တွေ့လာနိုင်တော့မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးဖော်ပြလိုက်ပါသည်။

---

*အချပ်ပို (ခ) မှ*

ကျောင်း စတင်တည်ထောင် ဖြစ်ပုံနှင့်ပတ်သက်၍ ဦးစီးဆရာတော်တစ်ပါးဖြစ်သည့် ဆရာတော်ဦးဥတ္တမက "အဲဒီတုန်းက ဘုန်းဘုန်းက နိုင်ငံခြားကို ပညာတော်သင်သွားမလို့ပါ။ အဲဒီအတွက် ရန်ကုန်မှာထောက်ခံစာတွေ ဘာတွေလုပ်တဲ့အခါကျတော့ ထောက်ခံစာလုပ်တဲ့နေရာမှာ စွန့်ပစ်ကလေး၊ အဲဒီမိဘမဲ့ကလေးက ထောက်ခံစာလုပ်တဲ့ဆီ ရောက်လာတာပါ။ အဲဒီနေရာကို ကလေးရောက်လာတဲ့အခါကျတော့ ဘုန်းဘုန်းကရုံးကို မေးတာပေါ့။ ဒီလိုစွန့်ပစ်တဲ့ကလေးတွေ တစ်နှစ်တစ်နှစ်ကို ဘယ်လောက်များလဲလို့ မေးတဲ့ အခါကျတော့ တစ်လတစ်လကို စွန့်ပစ်တဲ့ကလေးက မနည်းဘူးတဲ့။ အဲဒီအခါကျတော့ ဘုန်းဘုန်းတို့က ဒီမြန်မာပြည်မှာ စွန့်ပစ်တဲ့ကလေးတွေ တော်တော်များပါလားဆိုပြီး နိုင်ငံခြားကို ပညာတော်သင် မသွားတော့ဘဲနဲ့ ဒီကိစ္စလေးကို အကောင်အထည်ဖော်ဖြစ်သွားတာပါ။ စပြီး ထူထောင်တဲ့ ဆရာတော်ကတော့ မန္တလေးမှာပါ" ဟု မိန့်ကြားခဲ့သည်။

**မိဘမဲ့ကလေးနှင့်ပညာရေးချို့တဲ့ကလေးများသာ လက်ခံ**

အဆိုပါကျောင်းတွင် နို့စို့ကလေးငယ် ၈၇ ဦးရှိပြီး နို့လွတ်ကလေးအပါအဝင် စုစုပေါင်း ၁၁၀ ရှိကာ နို့စို့ကလေးငယ်များအတွက် တစ်ရက်လျှင် လက်ထရိုဂျင်နို့မှုန့်အမျိုးအစား ဘူး ၂၀ ကုန်ကျသည်။ ကျောင်းနေအရွယ် ကလေးငယ်များအတွက် တစ်ရက်လျှင် ဆန် ၁၂ အိတ်၊ အသားပိဿာအချိန် ၄၀ ဝယ်ယူရပြီး အသားတစ်ခွက်၊ အရန်ဟင်း နှစ်မျိုးဖြင့် ကျွေးမွေးပြုစုထားကာ အသက် ၁၂ အောက် ကလေးငယ် ၃၇၀ ကျော်ခန့်ရှိပြီးကျောင်းနေအရွယ်ကလေးငယ် စုစုပေါင်း ၆၂၀ ဦး ရှိသည်။ မိဘမဲ့ကလေးနှင့်ပညာရေးချို့တဲ့ကလေးများသာ လက်ခံပြီး မိဘမဲ့ကလေးဦးရေ ၃၇၀ ရှိကာ ဝန်ထမ်းအင်အားနှင့် ကလေးဦးရေ စုစုပေါင်း ၇၀၀ နီးပါးရှိကြောင်း သိရသည်။

အနီးအနားပတ်ဝန်းကျင်ကျေးရွာများနှင့် အလှမ်းဝေးသောကြောင့် အလှူရှင်ကိုသာအားကိုးအားထားပြုပြီး ရပ်တည်နေရသော ကျောင်းကလေး ဖြစ်သည်။ လျှပ်စစ်မီးသွယ်တန်းခွင့်ရရှိထားသော်လည်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် သွယ်တန်းရမည်ဖြစ်သောကြောင့် ကုန်ကျစရိတ်မှာ သိန်းနှစ်ထောင်နီးပါးကုန်ကျမည် ဖြစ်သည်။



ပရဟိတအသင်းဝင်များ မိဘမဲ့ကလေးငယ်များအား ကူညီဖေးမစဉ်။

**"ဒီမှာက မိဘမဲ့ကလေး ၆၀၀ ကျော်ကို တွေ့တဲ့အခါ ကျွန်တော်လည်းစိတ်မကောင်းဘူး။ အဲဒီလိုနဲ့ ကလေးတွေကို တစ်ခုခုတော့ စိတ်ချမ်းသာအောင် လုပ်ပေးမယ်ဆိုပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း အဆိုတော်၊ အဖြူရောင်နှလုံးသား ပရဟိတအသင်းမှာလည်း အနုပညာသမားတွေပါတော့ ဒီပွဲလေးကို လုပ်ဖြစ်တာပါ"**

လက်ရှိအချိန်တွင် သဘာဝနေရောင်ခြည်စွမ်းအင်နှင့် မီးစက်ကိုသာ အသုံးပြုနေရသည်။

သံဃာဆောင်၊ ယောက်ျားလေးအိပ်ဆောင်များ၊ မိန်းကလေးအိပ်ဆောင်များ၊ စာသင်ခန်းများ၊ စားဖိုဆောင်များနှင့် ဆောက်လုပ်ဆဲအဆောက်အအုံများက မြေ ၂၅ ဧကရှိသော ကျောင်းပိုင်မြေထဲတွင် စီရရီရှိနေသည်။ ပရဟိတအသင်းဝင်အနုပညာရှင် ညီအစ်ကိုမောင်နှမများက ကျောင်းအတွင်းလိုက်လံကြည့်ရှုစဉ် မိဘမေတ္တာချို့တဲ့နေရှာသော ကလေးငယ်များက လက်ကလေးများမြှောက်ကာချီပါယူပါတစာစာ အော်ဟစ်နေရှာသည်။

**အနုပညာကြေးအလှူအဖြစ်လှူဒါန်းကြ**

ကလေးငယ်များအိပ်ရန် တစ်နေ့တာဖျော်ဖြေရေးအစီအစဉ်များ အဆုံးသတ်ချိန်တွင် အချို့သော အနုပညာရှင်တို့က မိမိတို့ရရှိသော အနုပညာကြေးကို အလှူအဖြစ် လှူဒါန်းကြသည်။ ကလေးငယ်များ၊ ကျောင်းရှိ ဆရာ ဆရာမလေးများကို နှုတ်ဆက်ကြသည်။ စည်းကမ်းအဖြစ် သတ်မှတ်ထား၍ အိပ်ဆောင်သို့ ခြေလှမ်းပြင်နေကြသော ကလေးငယ်များက ခေါင်းကလေးများလှည့်ကာ ရန်ကုန်ပြန်ရန် ပြင်ဆင်နေသော အနုပညာအဖွဲ့များကို နှုတ်ဆက်လက်ပြနေကြသည်။

ရန်ကုန်အနုပညာပရဟိတအဖွဲ့သားများကို တင်ဆောင်လာသော ကားကလေးမှာ ၈၉ မိုင် ၅ ဖာလုံမှအပြန်တွင် ည ၁၁ နာရီအချိန်ကို ကျော်လွန်ပြီ ဖြစ်သည်။ တစ်နေ့တာပတ်လုံး ကိုယ်စိတ်နှစ်ပါးလုံးအသုံးချကာ အားပါးတရဖျော်ဖြေခဲ့ကြသည့်အတွက် အိမ်အပြန်လမ်း ကားပေါ်တွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုသို့ ငြိမ်သက်နေသော်လည်း အားလုံးကိုယ်စီ၏ စိတ်ထဲမှာတော့ အတွေးများကအမျိုးမျိုးရှိနေမည်ဖြစ်ပေသည်။

# အသစ်ထွက်ပေါ်လာမည့် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး

ဇင်လင်းမြင့်




**"ဒီလိုဆေးရုံသစ်ကြီး တည်ဆောက်နိုင်ဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ JICA တို့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ JICA က ယန်းငွေ ၈ ဒသမ ၆၆၁ ဘီလီယံထောက်ပံ့ပေးမှာဖြစ်ပြီး မြန်မာအစိုးရက ငွေကျပ် ၄၂ ဘီလီယံအကုန်ကျခံတည်ဆောက်ဖို့ လျာထား"**

ရန်ကုန် မြို့ပြဟာ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာသလို လူနေထိုင်မှုလည်း များလာတာမို့ ပြည်သူတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့မှာ ပြည်သူတွေ ကျန်းမာရေးကို ယခုထက် ပိုမိုကုသစောင့်ရှောက်နိုင်ဖို့အတွက် အထူးကု ဆေးရုံသစ်ကြီး တည်ဆောက်ရေး ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**ပန္နက်တင်အခမ်းအနားပြုလုပ်**

ရန်ကုန်အထူးကုဆေးရုံသစ်ကြီး စတင်တည်ဆောက်ဖို့အတွက် ၂၀၁၉ ခုနှစ် ဧပြီ ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်ပြည်လမ်းနဲ့ မင်းရဲကျော်စွာလမ်းထောင့်မှာရှိတဲ့ သတ်မှတ်မြေနေရာမှာ ပန္နက်တင်အခမ်းအနား ပြုလုပ်ခဲ့ပြီဖြစ်ပါတယ်။ အခုဆိုရင် ဆေးရုံသစ်ကြီး တည်ဆောက်ဖို့အတွက် စတင်နေပြီဖြစ်လို့ ရန်ကုန်မြို့နေ ပြည်သူတွေအတွက်သာမက မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ရောဂါဝေဒနာရှင်တွေ အားကိုးအားထားစရာ အထူးကုဆေးရုံကြီးတစ်ခု ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။

**ယန်းငွေ ၈ ဒသမ ၆၆၁ ဘီလီယံထောက်ပံ့**

ဒီလိုဆေးရုံသစ်ကြီး တည်ဆောက်နိုင်ဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ JICA တို့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ JICA က ယန်းငွေ ၈ ဒသမ ၆၆၁ ဘီလီယံထောက်ပံ့ပေးမှာဖြစ်ပြီး မြန်မာအစိုးရက ငွေကျပ် ၄၂ ဘီလီယံအကုန်ကျခံတည်ဆောက်ဖို့ လျာထားတယ်လို့ ဆိုပါတယ်။

ဒီဆေးရုံသစ်ကြီးကို ရန်ကုန်မြို့ ပြည်လမ်းနဲ့ မင်းရဲကျော်စွာလမ်းထောင့်မှာရှိတဲ့ မြေဧက ၅ ဒသမ ၅၆၂ ဧကပေါ်မှာ တည်ဆောက်သွားမှာဖြစ်ပါတယ်။ အထပ် ခုနစ်ထပ်ရှိမယ့် ဒီအထူးကုဆေးရုံသစ်ကြီးကို နိုင်ငံတကာအဆင့်မီ အထူးကုဆေးရုံကြီးအဖြစ် TAISE Corporation က တည်ဆောက်သွားမှာဖြစ်ပြီး တည်ဆောက်ရေးကာလ သုံးနှစ်ခန့်ကြာမြင့်နိုင်တယ်လို့ ခန့်မှန်းထားတာကြောင့် လာမယ့် ၂၀၂၂ ခုနှစ်မှာ ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ခန့်မှန်းတွက်ချက်ထားမှုအရ ၂၀၂၂ ခုနှစ် ဧပြီလမှာ တည်ဆောက်ပြီးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

**အထောက်အကူပြုပစ္စည်းတွေ ဖြည့်ဆည်း**

ရန်ကုန်အထူးကုဆေးရုံသစ်ကြီးဟာ ခုတင် ၃၁၆ ခုတင်ဆံ့ ဆေးရုံကြီးဖြစ်ပြီး ကုသရေးနဲ့ သင်ကြားရေးဆေးရုံကြီးအဖြစ်လည်း ဝန်ဆောင်မှုတွေပေးသွားမယ်လို့ ဆိုပါတယ်။ နောက်ဆုံးပေါ် စက်ကိရိယာတွေ၊ အထောက်အကူပြုပစ္စည်းတွေ ဖြည့်ဆည်းထားသွားမှာဖြစ်တာမို့ ဝေဒနာရှင်လူနာတွေအတွက် ကျန်းမာရေးဆိုင်ရာကုသစောင့်ရှောက်မှုရရှိစေမှာ ဖြစ်ပါတယ်။

ဒီဆေးရုံသစ်ကြီးမှာ နှလုံး၊ ဦးနှောက်၊ အာရုံကြောဆိုင်ရာ ရောဂါတွေကို ကုသပေးသွားမှာဖြစ်ပြီး ဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးသွားရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နှလုံးရောဂါကုသရေးဌာန၊ နှလုံးရောဂါခွဲစိတ်ကုသရေးဌာန၊ ဦးနှောက်နှင့် အာရုံကြောကုသရေးဌာန၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသရေးဌာနတွေကို ပြောင်းရွှေ့ပြီး ကုသမှာ ဖြစ်ပါတယ်။

**ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်**

ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးသွားရင်တော့ မြန်မာနိုင်ငံမှာ ဦးနှောက်နဲ့နှလုံးရောဂါဆိုင်ရာ သင်ကြားရေးနဲ့ သုတေသနသိပ္ပံဆိုင်ရာ ပထမဆုံးဆေးရုံလည်း ဖြစ်လာမှာ ဖြစ်ပါတယ်။ "ဒီဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးသွားရင် ဝေဒနာရှင်သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်မှာဖြစ်ပြီး အဲဒီရောဂါတွေနဲ့ သေဆုံးမှုလည်း လျော့ကျသွားနိုင်မှာဖြစ်ပါတယ်" ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဲဒီဆေးရုံပန္နက်တင်အခမ်းအနားမှာ ပြောထားပါတယ်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ရန်ကုန် ပြည်လမ်းနဲ့ မင်းရဲကျော်စွာလမ်းထောင့်မှာရှိတဲ့ မြေအကျယ်အဝန်း စတုရန်းမီတာ ၂၇၀၀၀ ပေါ်မှာ တည်ဆောက်မယ့် အဲဒီအထူးကုဆေးရုံသစ်ကြီးမှာ ခုတင် ၂၀ ဆံ့အထူးကြပ်မတ်ဆောင်လည်း ပါဝင်တာမို့ နှလုံးနဲ့ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါတွေကို အထူးဂရုစိုက်စောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်။

**ဂျပန်ဝန်ကြီးချုပ်က ခွင့်ပြုပေးခဲ့**

ဒီအထူးကုဆေးရုံသစ်ကြီး တည်ဆောက်မှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး chiro Maruyame က "ဒီဆေးရုံကြီး တည်ဆောက်နိုင်ဖို့ မြန်မာအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ဂျပန်ဝန်ကြီးချုပ်က ခွင့်ပြုပေးခဲ့တာဖြစ်ပြီး အခုလို စတင်တည်ဆောက်နိုင်တာကြောင့် ဂုဏ်ယူဝမ်းမြောက်ရပါတယ်" ဟု အထူးကုဆေးရုံ ပန္နက်တင်ပွဲနေ့မှာ ပြောသွားပါတယ်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ကျန်းမာရေးကဏ္ဍအပြင် နယ်ပယ်စုံမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီတွေ ပေးနေတာဖြစ်ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) က ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

အခုစတင်တည်ဆောက်နေတဲ့ ရန်ကုန်အထူးကုဆေးရုံသစ်ကြီး ပြီးစီးသွားရင် နှလုံး၊ ဦးနှောက်၊ အာရုံကြောဆိုင်ရာ လူနာတွေဟာ ဆေးရုံမှာ နေထိုင်ကုသမှုသက်သောင့်သက်သာနဲ့ ကျန်းမာရေးကုသစောင့်ရှောက်မှုရရှိတော့မှာ ဖြစ်ပါတယ်။ အရင်က ရန်ကုန်မြို့မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး စတဲ့ ဆေးရုံကြီးတွေကိုသာ ကျန်းမာရေးကုသဖို့အတွက် လူနာတွေ အားကိုးအားထားပြုခဲ့ရတဲ့အခြေအနေက အခုလို အထူးကုဆေးရုံသစ်တစ်ခု ထွက်ပေါ်လာတော့မှာမို့ ပြည်သူတွေအတွက်တော့ သတင်းကောင်းတစ်ခု ပါပဲ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၈ ခုနှစ် မတ်လအထိ အထူးကုဆေးရုံပေါင်း ၁၄ ရုံ၊ သင်ကြားရေးဆေးရုံသုံးရုံ၊ ခုတင် ၅၀၀ ဆံ့ဆေးရုံနှစ်ရုံ၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံလေးရုံ၊ ခုတင် ၁၀၀ဆံ့ဆေးရုံတစ်ရုံ၊ ခုတင် ၅၀ ဆံ့နှင့် ၂၅ ခုတင်ဆံ့ဆေးရုံ ၁၁ ရုံ၊ ၁၆ ခုတင်ဆံ့ဆေးရုံလေးရုံ၊ တိုက်နယ်ဆေးရုံ ၃၃ ရုံ၊ တိုက်နယ်ကျန်းမာရေးဌာန ၁၈ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၈၉ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၂၆ ခုတို့ ရှိနေတယ်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ သတင်းအချက်အလက်မှာ ဖော်ပြထားပါတယ်။

**အားကိုးအားထားစရာ ဆေးရုံကြီးတစ်ရုံအဖြစ်တည်ရှိ**

အခုလိုအထူးကုဆေးရုံသစ်ကြီးတစ်ရုံနိုင်ငံတကာအဆင့်မီ တည်ဆောက်ပြီးစီးခဲ့ရင်တော့ ရန်ကုန်မြို့နေပြည်သူတွေအတွက် ကျန်းမာရေးဆိုင်ရာ ကုသစောင့်ရှောက်မှုကို ပိုမိုခံယူခွင့်ရရှိတော့မှာ ဖြစ်သလို နှလုံးနဲ့ ဦးနှောက်ဆိုင်ရာ ရောဂါဝေဒနာရှင်တွေအတွက်တော့ အားကိုးအားထားစရာ ဆေးရုံကြီးတစ်ရုံအဖြစ်တည်ရှိလာမှာဖြစ်ပါတယ်။ ။